www.linhtet.com

လက်တွဲဖော်စာအုပ် ၁၉

မောင်ထွန်းဦး (မိုးကုတ်)

# တာမွဲမိုးကုတ်
# ကျောက်တွင်းမိုးကုတ်



**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
- အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး။

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။**

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများကို ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**လက်တွဲဖော်**

လက်တွဲဖော်

*စာဖတ်ခြင်းက ပြည့်ဝစေ၏။ ဆွေးနွေးခြင်းက အသင့်ဖြစ်စေ၏။*
*ရေးသားခြင်းက တိကျစေ၏။*
*Reading maketh a full man; confrence a ready man;*
*writing an exact man.* Francis Bacon (1625)

**လက်တွဲဖော် စာအုပ်တိုက်က ထုတ်ဝေပြီး အတ္တကျော်ရဲ့ စာအုပ်များ**

၁။ နေပျော်တဲ့ဘဝ၊ ကြည်မြတဲ့ဘဝင်၊ ရွှင်လန်းတဲ့စိတ် (မောဟပြေ ၁)
၂။ နီတျာတျာ ငှက်ပြာလေးနဲ့ မိုင်ပေါင်းများစွာ *(ဆူဒိုနင် ကလောင်ဖြင့်)*
၃။ ထိမ်းမြားပေါင်းဖက် ရန်ဖြစ်လျက်ပင် ချစ်ကြင်နေနည်း
၄။ ဘဝတူရိယာ (မောဟပြေ ၂)
၅။ မဖတ်နဲ့နော် (ဖတ်ကြည့်လိုက်လို့ စိတ်ချမ်းသာသွားရင် တာဝန်မယူ)
၆။ ခြေရာပြိုးပြောက် လွမ်းပွင့်ကောက်သီ (ကိုယ်တိုင်ကြုံဝတ္ထုတိုများ)
၇။ သားငယ်သမီးငယ်များ ပဲ့ပြင်ထိန်းကျောင်းခြင်းအနုပညာ (ဒုတိယအကြိမ်)
၈။ သက်ငယ်စကား (ဆယ်ကျော်သက်များနဲ့ အမေး–အဖြေ)
၉။ သားငယ်တို့ နားလည်ဖို့
၁၀။ ဖြေတွေးလေးများ
၁၁။ ဘယ်ဆီကိုများ ဒုန်းစိုင်းသွားနေ
၁၂။ အာရှသားများ စဉ်းစားနိုင်စေ
၁၃။ ကြောင်အိုပေမေ့ ကိုက်ပါနဲ့လေး (ကလေးကြိုက် လက်တွဲဖော် ၁)
၁၄။ ငါ့စိတ်ကို လာမစမ်းနဲ့နော် (စိတ်စစ်ဆေးလွှာများ)
၁၅။ သွေးဆုံးချိန်ခါ သိကောင်းစရာ
၁၆။ တောင်အာဖရိက ဂန္ဓဝင်ဇာတ်လမ်း (ဟစ်သာဒိုတော့ ချစ်တိုင်းပြည်)
၁၇။ တွေးတောဆင်ခြင်မှု အနုပညာ (ဒုတိယအကြိမ်)

**လက်တွဲဖော်စာအုပ်တိုက်က ထုတ်ဝေပြီး**
**အခြားစာရေးဆရာများ၏ စာအုပ်များ**

၁၈။ မောင်ဝဏ္ဏရဲ့ သူလိုကိုယ်လို မောင်ဝဏ္ဏ (ဝမှ ၁၉)
၁၉။ (ယခု) မောင်ထွန်းဦး(မိုးကုတ်)ရဲ့ ထာပွဲမိုးကုတ် ကျောက်တွင်းမိုးကုတ်

လက်တွဲဖော်စာအုပ်(၁၉)

# ထာပွဲမိုးကုတ် ကျောက်တွင်းမိုးကုတ်

## မောင်ထွန်းဦး (မိုးကုတ်)

လက်တွဲဖော်စာအုပ်တိုက်
☎ ၀၁ ၇၀ ၆၅ ၇၄
စာတိုက်သေတ္တာ ၂၆၉၊ ရန်ကုန်စာတိုက်ကြီး

**ထာပွဲမိုးကုတ် ကျောက်တွင်းမိုးကုတ် (မောင်ထွန်းဦး –မိုးကုတ်)**
လက်တွဲဖော်စာအုပ်တိုက်
စာတိုက်သေတ္တာအမှတ် ၂၆၉။ ရန်ကုန်စာတိုက်ကြီး
ဖုန်း (၀၁) ၇၀ ၆၅ ၇၄ က တာဝန်ယူ ထုတ်ဝေပါတယ်။

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ♦ | ၄ ၀ ၀ ၆ ၃ ၂ ၀ ၅ ၀ ၆ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ♦ | ၄ ၀ ၀ ၇ ၉ ၄ ၀ ၅ ၀ ၈ |
| ပုံနှိပ်မှတ်တမ်း | ♦ | ပထမအကြိမ်<br>၂၀၀၆ မတ်လ |
| အုပ်ရေ | ♦ | ၁,၀၀၀ |
| ထုတ်ဝေသူ | ♦ | ဦးကျော်ဟင်း ယုံကြည်ချက်စာပေ<br>၁၁၃ ဒုတိယထပ်(ယာ) ၃၃လမ်း<br>ရန်ကုန်မြို့ |
| မျက်နှာဖုံးနဲ့အတွင်းပုံနှိပ်သူ | ♦ | ဦးဇော်မင်းအေး (၀၇၁၂၅)<br>ဇော်ပုံနှိပ်တိုက်<br>၃၈၆ အင်ကြင်းမြိုင်လမ်း<br>သုဝဏ္ဏ၊ ရန်ကုန်မြို့ |
| Cover Design | ♦ | ATK |
| Typesetting & Layout | ♦ | လက်တွဲဖော် |
| အဖုံး ဖလင် | ♦ | Best Colour |
| အတွင်း ဖလင် | ♦ | Maha Media |
| စာအုပ်ချုပ် | ♦ | ကိုရဲထွန်းစာအုပ်ချုပ်လုပ်ငန်း |
| တန်ဖိုး | ♦ | ၇၀၀ိ/- |

# မာတိကာ

ထုတ်ဝေသူ့အမှာ ၉

စာရေးသူ့အမှာ ၁၄

**ထာပွဲတွေထဲ အားခဲရောင်းဝယ်** ၁၇

ပန်းခြံထာပွဲ ၁၇
ပန်းခြံအပြင်ထာပွဲ ၂၅
ရုပ်ရှင်ရုံထာပွဲ ၂၈
လယ်ဦးထာပွဲ ၃၀
အနောက်ပိုင်းထာပွဲ ၃၅
ဘားနတ်ဈေးထာပွဲ ၃၉
ရွာစဉ်တစ်လျှောက် ကျောက်အဝယ်ထွက် ၄၈
ကတုတ်တပ်ထာပွဲ ၅၂
ရေပူထာပွဲ ၅၇
မိုးကုတ်အစ သဖန်းပင်က ၆၄
နိဂုံး ၆၇

**လက်တွဲဖော်**

**ကျောက်တွင်းမိုးကုတ်** ၆၉
ကျောက်တွင်းတူးပုံ ၆၉
ကျောက်တွင်းစရိတ်နှင့် လုပ်အားခအထွေထွေ ၇၈
ရှေးတုန်းက တွင်းလုပ်ငန်း ၈၈
ကျောက်တွင်းနှင့်ရေ၊ ရေနှင့် ကျောက်တွင်း ၉၇
ခဲတွင်းများ ၁၀၄
အမှိုက်ထဲက ရတနာ ၁၁၃
မိုးကုတ်မှာတွက်ချေမကိုက်ခဲ့တဲ့ နယ်ချဲ့တွေ ၁၁၈
ထက်ဝက်စားစနစ်ပေါ်ပေါက်လာခြင်း ၁၂၃
ကွက်သစ်ပေါ်တတ်တဲ့မိုးကုတ် ၁၂၄
ယနေ့မိုးကုတ်ကျောက်တွင်းများအနေအထား ၁၂၈
မင်းတုန်းမင်းနှင့် မိုးကုတ်ကျောက်တွင်း ၁၃၀

**မိုးကုတ်တွင်းထွက်အဖြူရောင်ကျောက်များ** ၁၃၇
မိုးကုတ် ခရစ္စတယ်ကျောက်ရိုင်းဈေးကွက် ၁၄၂
ကျောက်မျိုးနွယ်သစ် ရှားပါးမျိုးရင်းကျောက်များ ၁၄၇
- ပိန်းနိုက် ၁၄၇
- ဂျိုဟာချီဟိုလက် ၁၄၇
- စခန်းပြာ ၁၄၈

**နောက်ဆက်တွဲ ဓာတ်ပုံများ** ၁၅၄-၁၅၇

**မိုးကုတ်တွင်းထွက်ကျောက်များ** ၁၅၈-၁၆၀

**လက်တွဲဖော်**

www.linhtet.com

ထုတ်ဝေသူ့အမှာ

၁။

ကျွန်တော်နဲ့ ကျောက်မျက်ရတနာနဲ့က ဘယ်လိုမှ မပတ်သက်ပါဘူး။ နီလာကို အပြာရောင်ကျောက်မှန်းသိတာတောင် သိပ်မကြာသေးဘူး။ စိတ်ထင် ဆယ်နှစ်၊ ဆယ့်ငါးနှစ်လောက်ပဲ ရှိဦးမယ်။ နီလာဆိုတော့ အနီရောင်မှတ်တာ။ အဲသလောက် ကျွန်တော်နဲ့ ကျောက်မျက်နဲ့က "ဝေးလွန်း"ပါတယ်။

တစ်ခါ၊ မန္တလေးသား စင်စစ် ဇကေန်ဖြစ်သော်လည်း မန္တလေးတိုင်းထဲကလည်းဖြစ်၊ မန္တလေးနဲ့လည်း သိပ်မဝေးလှတဲ့ မိုးကုတ်ကို သွားလည်ချင်တဲ့ စိတ်ကလည်း သိပ်မရှိဘူး။ ကိုယ်ကမှ ကျောက်ကို စိတ်ဝင်မစားတာ၊ မိုးကုတ်ကို ဘာသွားလုပ်ရမှာလဲလို့ တွေးမိနေတဲ့အတွက်ကြောင့်ပါ။

ဒါပေမယ့် ၂၀၀၁ခုနှစ်ဆီကတော့ ယောင်တောင်ပေါင်တောင်နဲ့ မိုးကုတ်ကို ရောက်သွားဖူးတယ်။ အဲဒီအချိန်ကျတော့ ခရီးကလည်း သွားချင်၊ မရောက်ဖူးတဲ့ နေရာတွေလည်း ရောက်ဖူးချင်တဲ့စိတ်နဲ့ သွားလိုက်တာ။

မန္တလေးကနေ ဗှယ်(န်) ကားလေးတစ်စီးငှားပြီး သွားလိုက်တာပါ။ ကျွန်တော်နဲ့အတူ မိတ်ဆွေနှစ်ယောက်လည်း ပါတယ်။ တစ်ယောက်က ရှေ့နေ၊ တစ်ယောက်က ကျောက်သမားပေါက်စ။

သိပ်ကြာကြာလည်း မနေဖြစ်သလို ထာပွဲဆိုလို့လည်း ပန်းခြံထာပွဲတစ်ခုပဲ ရောက်ခဲ့ပါတယ်။ မိုးကုတ်ကို ဖျတ်ခနဲ မြင်ခဲ့ရတယ်ပဲ တိုတိုဆိုကြပါစို့ရဲ့။

ချုပ်လိုက်ရင် နဂိုကတည်းက အာရုံသိပ်မရတဲ့ မိုးကုတ်ကို အဲဒီ့တစ်ခေါက်နဲ့တင် အတော်လေး စိတ်ကုန်သွားပါတယ်။

နောက်တစ်ခေါက် ထပ်သွားစရာ ဘာအကြောင်းမှ မရှိတော့ပါဘူးရယ်လို့ပဲ စိတ်နှလုံး ဒုံးဒုံးချထားလိုက်မိခဲ့ပါတယ်။ သွားရတဲ့လမ်းခရီးကို စိတ်ပျက်တာလည်းပါတယ်။ အဲဒီ့မြို့မှာ ကျွန်တော့်အတွက် စိတ်ဝင်စားစရာ နည်းပါးလွန်းတာလည်း ပါတယ်။

ဒါနဲ့ မိုးကုတ်ကို ရောက်ဖူးတယ်ဆိုတဲ့အဆင့်နဲ့တင် သည်တစ်ဘဝစာ ကိစ္စဖြတ်မယ်လို့ စိတ်ကူးထားမိခဲ့ပါတယ်။

၂။

သို့သော် ရေစက်ဆိုတာကြီးက အူကြောင်ကြောင်ရယ်။

ကျွန်တော့် ငယ်သူငယ်ချင်းတစ်ယောက်က မိုးကုတ်မှာ တွင်းလုပ်နေတယ်။ မိုးကုတ်အခေါ် နဲ့ဆိုရင် သူက "ပေါလန်"ပေါ့။

အဲဒီ့ပေါလန်က ကျွန်တော် ရေးတဲ့ ခရီးသွားဆောင်းပါးတွေကို ကြိုက်သတဲ့။ မိုးကုတ်အကြောင်းလည်း ကျွန်တော် ရေးစေချင်သတဲ့။

သူ ကျွန်တော့်ကို ပြောထားတာ တစ်နှစ်လောက်တောင် ရှိနေပါပြီ။ သည်ကြားထဲမှာ သူက ဆရာ မောင်ထွန်းဦး (မိုးကုတ်)ရေးတဲ့ မိုးကုတ်အကြောင်း စာတွေကို စုဆောင်းပေးတယ်။ ဒါလေးတွေ အရင်ဖတ်ကြည့်ဦးလို့လည်း ဆိုတယ်။

ကျွန်တော်လည်း ဖတ်ကြည့်မိပါတယ်။ ဒေသခံတစ်ယောက်က ဒေသအကြောင်းရေးတာဆိုတော့ အားလုံး ပြည့်ပြည့်စုံစုံ ငုံမိသလို

ဆရာ မောင်ထွန်းဦးရဲ့ စကားပြေကလည်း ချောမွေ့ပြေပြစ်တော့ စိတ်ဝင်စားစရာ ကောင်းပါတယ်။ အတော်လေး ဖတ်ဖြစ်ခဲ့တယ်လို့ပဲ ဆိုကြပါစို့ရဲ့။

၃။
၂၀၀၄ခုနှစ် နိုဝင်ဘာလအကုန်မှာတော့ ပေါလနက ကျွန်တော့်ကို ဖုန်းလှမ်းဆက်တယ်။ ဒီဇင်ဘာလဆန်းမှာ သူမိုးကုတ်သွားမယ်။ ကျွန်တော့်ကို ခေါ်သွားမယ်တဲ့။

သူရေးစေချင်တဲ့ မိုးကုတ်အကြောင်း ရေးမယ့်အရေး ကျွန်တော် အီးရောအီးရောလုပ်နေတာကို သူသိမှာပါ။ သည်တော့ ကျွန်တော့်ကို မောင်းတင်တဲ့အနေနဲ့ သူက ကျွန်တော့်ကို မိုးကုတ်အပါခေါ်တော့တာပဲ။

ကျွန်တော်ကလည်း အဖော်ကောင်းရင် ဘယ်မဆို သွားချင်တဲ့ သူဆိုတော့ သူနဲ့ ပါသွားပါတော့တယ်။

၅။
ဟိုရောက်တော့ သူနဲ့ ခင်တဲ့ ဆရာ မောင်ထွန်းဦး (မိုးကုတ်)နဲ့ ဆုံရပါတယ်။ အလွန်ကို ခင်မင်နှစ်လိုဖွယ်ကောင်းတဲ့ မိုးကုတ်သားပါပဲ။

တစ်နေ့တည်းနဲ့ မိုးကုတ်ကို နှံ့သွားအောင် သူ့ဆိုင်ကယ်လေးနဲ့ လိုက်ပြပါတယ်။ ဆရာ့ မိသားစုကလည်း ချစ်စရာကောင်းအောင် အေးချမ်းဖော်ရွေကြပါတယ်။

မိုးကုတ်မြို့ဟာ ချစ်စရာကောင်းတဲ့ မြို့ကလေးဆိုတာကို ပေါ်လွင်အောင် ဆရာ မောင်ထွန်းဦးက တစ်နေ့တည်းနဲ့ ပြနိုင်ခဲ့တယ်လို့ပဲ ဆိုရပါမယ်။

၆။
ဆရာမောင်ထွန်းဦးကို ကျွန်တော့်စာအုပ်လေးတွေ လက်ဆောင်ပေး

**လက်တွဲဖော်**

လိုက်တော့ ဆရာမောင်ထွန်းဦးက သူ့စာအုပ်ကိုလည်း ထုတ်ချင်တဲ့ အကြောင်း ပြောလာပါတယ်။

ခက်တာက သူက မိုးကုတ်မှာပဲ အခြေချနေထိုင်တဲ့သူ။ ရန်ကုန်ကို မရောက်တာ အလွန့်အလွန်ကို ကြာလှပြီတဲ့။ သည်တော့ သူ့စာအုပ် ထုတ်ဖို့ကိစ္စကို ကျွန်တော့်ကို အကူအညီတောင်းပါတယ်။

ကျွန်တော့်မှာက စာအုပ်ထုတ်ဝေရေးအတွေ့အကြုံလေး အထိုက်အလျောက်ရှိလာခဲ့ပြီမို့ စာအုပ်တစ်အုပ် ထုတ်လုပ်မှုအဆင့်ဆင့်ကို အတော်လေး အရည်လည်နေပါပြီ။ သည်တော့လည်း နယ်က စာရေးသူတစ်ယောက်ကို ကိုယ်ချင်းစာတဲ့စိတ်နဲ့ သူ့စာအုပ်ကို ထုတ်ပေးဖို့ အာမဘာန္တခံလိုက်ပါတော့တယ်။

၇။

သို့ပေမယ့် တကယ်ထုတ်ဖြစ်တဲ့အထိက ဆရာ မောင်ထွန်းဦးခမျာ အတော် စောင့်လိုက်ရရှာပေလိမ့်မယ်။

ကျွန်တော့်မှာ နှုတ်ခမ်းမွှေး မနိုင်ဘဲ ပဲကြီးဟင်း သောက်မိသူ လိုဖြစ်နေပါတယ်။ ကိုယ်ရေးကိုယ်တာ ပြဿနာပေါင်း သောင်းခြောက်ထောင်၊ ကိစ္စဝိစ္စပေါင်း သိန်းခြောက်သောင်းလောက်နဲ့ ဇယားရှုပ်ချင်တိုင်း ရှုပ်နေတဲ့အတွက် ရုံးတင်တဲ့အဆင့် ရောက်ဖို့ကိုက သုံး-လေးလ ကြာသွားတယ်။ ရုံးက စာမူခွင့်ပြုချက် ကျလာတော့ ထုတ်လို့ရနေပြီ။

စိတ်ကူးတာတော့ ၂၀၀၅ခုနှစ် မကုန်ခင် ထုတ်ဖို့ပါ။ သို့သော် မိခင်ကြီး တိမ်းပါးတာအပါအဝင် ကျွန်တော့်ဇယားတွေက ၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းမှာ ပိုရှုပ်ကုန်တာမို့ အခု တကယ်တမ်းကျတော့ ၂၀၀၆ မတ်လကျမှ ထုတ်နိုင်ပါတော့တယ်။

သည်လောက်အကြာကြီး ကြာသွားရတဲ့အတွက် ဆရာ မောင်ထွန်းဦး(မိုးကုတ်)ကို အနူးအညွတ်တောင်းပန်အပ်ပါတယ်။

၈။

သည်လိုစာအုပ်ကို ကျွန်တော့်စာအုပ်တိုက်က အမှတ်မထင် ထုတ်ဝေခွင့်ရလိုက်တဲ့အတွက် ဆရာ မောင်ထွန်းဦး (မိုးကုတ်)နဲ့ သူငယ်ချင်း ပေါလန်ကို ကျေးဇူးတင်ရပါမယ်။

မိုးကုတ်ကျောက်လောကရဲ့ အချက်အချာဖြစ်လေတဲ့ ထာပွဲတွေအကြောင်း၊ ကျောက်တွင်းတွေအကြောင်းကို သည်စာအုပ်ထဲမှာ ပြည့်ပြည့်စုံစုံ ဖော်ပြထားပါတယ်။ မိုးကုတ်ကို မရောက်ဖူးသူများအတွက်တော့ သည်စာအုပ်က မိုးကုတ်ကျောက်လောက လမ်းညွှန်ဖြစ်ပါလိမ့်မယ်။ ကျွန်တော့်လို ကျောက်မျက်လောကနဲ့ ဒုံးဝေးလှသူများအတွက်ဆိုရင်တော့ ဩော်. . . တို့တိုင်းပြည်ထဲမှာ ဒါတွေလည်း ရှိပါသေးလားလို့ ရင်သပ်ရှုမော အံ့သြခံစားနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

မိုးကုတ်သူ မိုးကုတ်သားများအတွက်တော့ ဒါတွေဟာ အဆန်းတကျယ်ဖြစ်ချင်မှ ဖြစ်မှာပါ။ သို့ပေမယ့် ကိုယ့်ဒေသအကြောင်း၊ ကိုယ်ကျင်လည်ကျက်စားရာ လောကအကြောင်းကို ဖတ်ချင်စဖွယ် စိတ်ဝင်စားအောင် ရေးသားတင်ပြနိုင်တဲ့ ဆရာမောင်ထွန်းဦးလို မိုးကုတ်သားတစ်ယောက်ရှိနေတဲ့အတွက်ဖြင့် မိုးကုတ်မြို့ကလည်း ဂုဏ်ယူကျေနပ်နေကြမှာ မလွဲဧကန်ပါပဲ။

အားလုံးတွေးဆ ဆင်ခြင်ကြည့်နိုင်ကြပါစေ

အတ္တကျော်

၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၅

## စာရေးသူ့အမှာ

ယခုစာအုပ်မှာ စာရေးသူ၏ တတိယမြောက်စာအုပ်ဖြစ်ပြီး "ရတီ ကျောက်မျက်နှင့် လက်ဝတ်ရတနာမဂ္ဂဇင်း"တွင် ပါရှိခဲ့သော ဆောင်း ပါးများကို ပြန်လည်စုစည်း ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

ဆောင်းပါးစဉ်တိုင်း၏ အဆုံးတွင် မူရင်းမဂ္ဂဇင်းတွင် ဖော်ပြ ပါရှိခဲ့သည့် ကာလကို ဖော်ပြထားပါသည်။ ရည်ရွယ်ရင်းမှာ ဆောင်း ပါးထဲမှ အခြေအနေများ၊ နေရာဒေသများ၊ ကျောက်ဈေးကွက်များ မှာ ခေတ်ကာလ ကြာညောင်းသည်နှင့်အမျှ ပြောင်းလဲသွားမည်သာ ဖြစ်ပေရာ ဘယ်အချိန်၊ ဘယ်ကာလက ဘယ်သို့ရှိခဲ့သည်ကို ပြန် လည် တိုက်ဆိုင် လေ့လာဖတ်ရှုနိုင်ကြစေရန်ဖြစ်ပါသည်။

ယခုစာအုပ်မတိုင်မီ ထုတ်ဝေခဲ့ပြီးဖြစ်သော စာရေးသူ၏ "ကမ္ဘာ က သိတဲ့ မြန်မာ့ပတ္တမြားမြေ (မိုးကုတ်မြို့)" စာအုပ်တွင် သမိုင်းကို အခြေခံသောအချက်အလက်များအား လက်လှမ်းမီသမျှ စုဆောင်း ဖော်ပြထားပြီး "မိုးကုတ်မှ ကျောက်တွင်းတူးသမား တစ်ယောက် အကြောင်းနှင့် မိုးကုတ်ကျောက်လောကနောက်ခံ ဆောင်းပါးများ" စာအုပ်မှာ မိုးကုတ်မှ လက်ရှိလုပ်ငန်းများအကြောင်းကို စုဆောင်း ဖော်ပြထားပါသည်။ ထိုစာအုပ်နှစ်အုပ်နှင့် ယခု ထုတ်ဝေလိုက်သော စာအုပ်တို့ကို ပူးပေါင်းလိုက်လျှင် မိုးကုတ်နှင့် ပတ်သက်သော အချက် အလက်များကို အတော်လေး စုံစုံညီညီ လေ့လာသိရှိနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

**လက်တွဲဖော်**

ဆက်လက်၍လည်း လေ့လာစရာ များစွာ ကျန်ရှိနေသေးရာ စာရေးသူ လက်လှမ်းမီသမျှ ကြိုးစားစုဆောင်းတင်ပြနေမိဦးမည်သာ ဖြစ်ပါသည်။

စာရေးသူ လေ့လာရေးသားခဲ့သမျှ စာအုပ်များသည် မိုးကုတ် သမိုင်းအတွက် မှတ်တမ်းမှတ်ရာကျန်ရစ်ခဲ့နိုင်မည်၊ သမိုင်းသုတေသီ များ၊ လေ့လာသူများအတွက် တစ်စုံတစ်ရာသော အတိုင်းအတာ အထိ အထောက်အကူပြုနိုင်မည်ဆိုလျှင် စာရေးသူ၏ ဘဝတွင် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ပြီဟု ခံယူနိုင်သွားမည်သာ ဖြစ်ပါ တော့သည်။

လေးစားမှုဖြင့်
**မောင်ထွန်းဦး (မိုးကုတ်)**
မြန်နန္ဒာစာပေ၊ သဘာဝအလှ ကျောက်ပန်းချီနှင့်
ကျောက်မျက်ရတနာ ရောင်းဝယ်ရေး၊
အင်းနွတ်ခမ်း၊ မြို့မရပ်၊ မိုးကုတ်မြို့
ဖုန်း ၀၉ ၆၉ ၇၀ ၉၃၃

# ထာပွဲတွေထဲ အားခဲ ရောင်းဝယ်

**ပန်းခြံထာပွဲ**

မိုးကုတ်ကျောက်ဈေးကွက်၏ အခြေခံအကျဆုံးနေရာမှာ မိုးကုတ်ထာပွဲများ ပင်ဖြစ်သည်။ ထာပွဲထဲ ဝင်လိုက်သည်နှင့် လက်ရှိကျောက်ဈေး အတက် အကျကို သိနိုင်သည်။ ဘယ်ကျောက်အမျိုးအစားက အဝယ်လိုက်သည်။ ဘယ်ကျောက်မျိုးတွေ ဈေးအေးနေသည်။ ဘယ်လိုင်းက အဝယ်လိုက်သည်။ ဘယ်လိုင်းသွားတဲ့ လူတွေတော့ဖြင့် အလုပ်မဖြစ်လို့ ဟိုမှာထိုင်နေရပြီ စသဖြင့် ကျောက်မျက်ဈေးကွက် သတင်းကို အစုံအလင် ကြားရပါသည်။ နောက်ဆုံး ဘယ်သူကဖြင့် ဘယ်ကျောက်ကို ဘယ်လောက်နဲ့ ဝယ်လိုက်တာ ဘယ်လောက်တောင် ဖြစ်သွားတယ်၊ ဟိုလူကတော့ ဘယ်လောက်နဲ့ ဝယ်ခဲ့ တာ ခွက်ခွက်လန်အောင် ရှုံးသွားတယ် ဆိုသော ပုဂ္ဂလိက သတင်းများပင် မကြားချင်မှ အဆုံးဖြစ်သည်။ ထိုသို့ ကျောက်မျက်လောကသား အားလုံး ဆုံရာ စုရပ်နှင့် ကျောက်မျက်ဈေးကွက် သတင်းများ စုံလင်စွာကြားရသော မိုးကုတ်ထာပွဲများသို့ စာရေးသူ လျှောက်လှမ်းကြည့်မိပါသည်။

**လက်တွဲဖော်**

မိုးကုတ်မြို့တွင် ထာပွဲဖြစ်ရာနေရာ များစွာရှိသော်လည်း သီးခြားဝင်း နှင့် ကိုယ်ပိုင်ခုံနှင့် အလုပ်လုပ်နိုင်သည်မှာ ပိတ်စွယ်ပန်းခြံထာပွဲတစ်ခုသာ ရှိပါသည်။ ဝင်းအတွင်းတွင်လည်း ကား၊ ဆိုင်ကယ်များ အပ်ရန် သီးခြား နေရာရှိပါသည်။ ထာပွဲဝင်ကြေးမှာ လူတစ်ဦးလျှင် ငါးကျပ်နှုန်း၊ ဆိုင်ကယ် တစ်စီး အပ်ခနှုန်း နှစ်ဆယ်ကျပ်၊ ကားတစ်စီး အပ်ခနှုန်း နှစ်ဆယ့်ငါးကျပ် ဖြစ်သည်။ အတွင်းတွင် ကိုယ်ပိုင်ခုံ ထားနိုင်သူများအဖို့ စားပွဲဝိုင်းနှင့် ထိုင်ခုံနှင့် စတိုင်ကျကျထိုင်ပြီး အရောင်းအဝယ် လုပ်နိုင်ပါသည်။ ရာသီဥတု ဒဏ်ခံနိုင်ရန်အတွက် မိုးကာဖြင့်ပြုလုပ်ထားသော ထီးကြီးများ မိုးထားပါ သည်။ ခုံများ၊ ထီးများကိုမူ ကိုယ်တိုင်ဝယ်ရပြီး ထိန်းသိမ်းစောင့်ရှောက်ခ အဖြစ် ထာပွဲလေလံရသောအဖွဲ့သို့ တစ်လလျှင် ၇၀၀ိနှုန်း ပေးရသည်။ ယခုနှစ်အတွက် ထာပွဲလေလံရထားသည့် အဖွဲ့အစည်းမှာ မိုးကုတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဖြစ်သည်။



ပိတ်စွယ်ပန်းခြံ ထာပွဲအတွင်းမှာ သည်လိုရောင်းဝယ်နေကြတယ်။

တစ်နှစ်ထက်တစ်နှစ် မိုးကုတ်ထာပွဲမှာ ပို၍ စည်ကားလာသည်က တော့ အမှန်ပင်ဖြစ်သည်။ ယခင်နှစ်တွေတုန်းကတော့ မိုင်းရှူးသွားသူများ၊ နန့်ယားသွားသူများနှင့်မို့ မိုးကုတ်ထာပွဲမှ ကျောက်ကုန်သည်များမှာ ပေါ်

လိုက်၊ ပျောက်လိုက် ဖြစ်နေသော်လည်း ယခုတော့မူ အထိုင်ကျသွားပြီဟု ပြောရပေမည်။ မိုင်းရှူးကျောက်လုပ်သူကလည်း မိုင်းရှူးတို့၊ တောင်ကြီးတို့မှာ အခြေချနေထိုင် လုပ်ကိုင်နေကြပြီ ဖြစ်သလို နန့်ယားကျောက်လုပ်သူများကလည်း မြစ်ကြီးနားတို့၊ နန့်ယားတို့မှာ အခြေချနေထိုင်လုပ်ကိုင်နေပြီ။ ထို့အတူပင် မိုးကုတ်ကျောက်လုပ်သူ ကုန်သည်များသည်လည်း မိုးကုတ်မြို့မှာသာ ဖောက်ချလုပ်ကိုင်နေကြပြီ။ မိုးကုတ်၊ မိုင်းရှူး၊ နန့်ယားဒေသများသို့ ဟိုပြေးသည်ပြေး လှည့်လည် သွားလာလုပ်ကိုင်သူများ နည်းသွားပြီမို့ မိုးကုတ်ထာပွဲနှင့် မိုးကုတ်ကျောက် ဈေးကွက်မှာ သူ့လူနှင့်သူ၊ သူ့ဈေးကွက်နှင့်သူ လည်ပတ်နေပြီဖြစ်ကြောင်း တွေ့ရသည်။

ထာပွဲထဲဝင်လိုက်သည်နှင့် ဆိုင်ကယ်များထားရာ နေရာအနီးတွင်ပြုံပြီး လူတွေတရုန်းရုန်းနှင့် တွေ့လိုက်ရသည်မို့ . . .

'ရှေ့မှာ လူတွေစုလို့ပါလား၊ ဘာဖြစ်လဲမသိဘူး'

'ဘာမှမဖြစ်ပါဘူး။ ကျောက်အသစ်တစ်ပွင့်တွေ့လို့ ဝိုင်းအုံပြီး ကြည့်နေတာနေမှာ။ အခုနောက်ပိုင်း ကျောက်တွေ တဖြည်းဖြည်းရှားလာတော့ ကျောက်အသန့်ကောင်းကောင်း အသစ်တစ်ပွင့်လောက် ထာပွဲထဲ ရောက်လာရင် လုဝယ်နေရတယ်'

'ဒါဆို ကျောက်ရောင်းတဲ့လူက ဈေးတင်ပြီး ရောင်းတော့ ကျောက်ဈေးက မြင့်သွားမှာပေါ့'

'ကျောက်ဈေးမြင့်သွားတာ ပြဿနာ မဟုတ်တော့ဘူး။ ကျောက်အကောင်းအသန့်ဝယ်ရဖို့ပဲ အရေးကြီးတယ်။ ကျောက်ဈေးက ကြိုက်ဈေးဖြစ်နေပြီလေ။ အခုထာပွဲထဲမှာ ပေါချောင်ကောင်း ကျောက်ဆိုတာ မရှိတော့ဘူး။ ဈေးကုန်ပေး ဝယ်မှပဲ ကျောက်ဝယ်ရတော့တယ်'

ဈေးကွက်တွေဖွင့်ပြီး မျက်စိလည်းပွင့်လာကြပြီမို့ ထာပွဲထဲမှ ကျောက်ဈေးသည် ယခုအခါ လေလံဈေးလို ဖြစ်နေပေပြီ။ ဈေးအမြင့်ဆုံးပေးနိုင်မှ

www.foreverspace.com.mm

ကျောက်ဝယ်လို့ ရပါသည်။

တောပိုင်းထာပွဲများသာ အသွားများနေပြီး ပန်းခြံထာပွဲထဲ မရောက်တာ ကြာပြီမို့ မျက်နှာစိမ်းလိုဖြစ်နေသဖြင့် အတွင်းသို့ရောက်သည်နှင့် ကျောက်ပြသူ ပွဲစားများ ဝိုင်းအုံလာပါသည်။ ဒါလည်း ထာပွဲ၏ ထုံးစံတစ်ခုဖြစ်သည်။ ကျောက်ပွဲစားအများစု လက်ဝယ်ရှိနေသော ကျောက်များမှာ ကျောက်အဟောင်းများသာဖြစ်သည်။ ကျောက်အဟောင်းဆိုတော့ ထာပွဲထဲမှာ ပုံမှန်ထိုင်ဝယ်သူ ကျောက်ကုန်သည်တိုင်းနီးပါးကို ပြထားပြီးဖြစ်ရာ ဈေးမကိုက်၍ ကျန်နေသော ကျောက်များသာဖြစ်သည်။ ထို့ကြောင့် ဧည့်သည် မျက်နှာစိမ်း ကျောက်ကုန်သည် ဝင်လာပြီဆိုသည်နှင့် ထိုကျောက်များကို အစွံထုတ်ရန် ကြိုးစားကြပါသည်။ ဧည့်သည် ကျောက်ကုန်သည်အများစုမှာ အချိန်တိုတိုနှင့် ကျောက်ဝယ်ရခြင်းဖြစ်ရာ တော်ရုံတန်ရုံ ဈေးမများနိုင်တော့ဘဲ တွေ့သည့်ကျောက်ကို ဈေးပေးပြီးဝယ်ရပါသည်။ ထိုအခါမျိုးတွင် ပွဲစားများ လက်ထဲရှိ ကျောက်အများစု ရောင်းရသလို၊ ဈေးကလည်း ပိုရတတ်ရာ ထာပွဲထဲသို့ မျက်နှာစိမ်းတစ်ဦး ဝင်လာပြီဆိုသည်နှင့် စုပြုံ၍ရောင်းချကြခြင်း ဖြစ်သည်။ စာရေးသူလည်း ဝိုင်းအုံပြလာသော ကျောက်များထဲမှ နီလာအချိုတစ်ပွင့်ကို သဘောကျသဖြင့်…

'သည်နီလာချိုကျောက်က ဈေးဘယ်လောက်လဲ'

'ငါးသောင်း အစ်ကိုကြီး'

အလွန်ဆုံးမှ အလေးချိန် နှစ်ကလပ်သာရှိနိုင်ပြီး ငါးထောင်ဝန်းကျင်သာ တန်မည့်ကျောက်ကို ငါးသောင်းတောင် တောင်းသဖြင့် ဈေးဆစ်ရမည်ကိုပင် ကိုယ်က ပြန်ပြီး အားနာမိပါသည်။

စာရေးသူ တွေနေသဖြင့် ပွဲစားက…

'အစ်ကိုကြီး ကြိုက်တဲ့ဈေးသာ ဆစ်ပါ'

'ငါးထောင်ရရင် ယူမယ်'ဆိုတော့ ထိုးအပ်သွားပါသည်။

www.foreverspace.com.mm

'တော်သေးတာပေါ့ဗျာ၊ မရောင်းနိုင်ဘူးထင်ပြီး အားနာပါးနာနဲ့ တစ်သောင်းလောက်သာ ဆစ်မိရင် ငါးထောင်လောက် ပိုများသွားမှာ'

'ထာပွဲထဲမှာက သည်လိုပဲ၊ ရမ်းတောင်းနေကြတာပဲ။ သူတို့ ဘယ်လောက်တောင်းတောင်း ကိုယ်မီသလောက်ဆစ်၊ အားနာဖို့မလိုဘူး။ တချို့ဆိုလေး၊ ငါးထောင်လောက်နဲ့ ရောင်းမယ့်ကျောက်ကို တစ်သိန်းလောက်တောင်းတာမျိုးတောင် ရှိသေးတယ်'

ထာပွဲထဲတွင် ကျောက်ဝယ်သူများ သိထားသင့်သည့် အချက်တစ်ချက်ဖြစ်သည်။

'ကျွန်တော်တို့က အပြစ်မကြောက်ဘူး၊ အမြုပ်လေးတွေပါလို့ စဉ်းစားနေတာ။ သည်အမြုပ်တွေ မပါလို့ကတော့ ခင်ဗျားတို့ပြောတဲ့ဈေး သိန်း၂၀ကို လုံးဝ မဆစ်ဘူး၊ ချက်ချင်းကောက်ယူတယ်'

နေရောင်အောက်တွင် တစ်လှည့်၊ ကျောက်ကြည့် လက်နှိပ်ဓာတ်မီးနှင့် တစ်လှည့် အထပ်ထပ်အခါခါကြည့်ပြီး ဈေးဆစ်နေသော ကျောက်ကုန်သည် တစ်ဦးဘေးတွင် အသာရပ်ကြည့်နေမိသည်။ အရိုင်းချိန် ဆယ်ကလပ်ဝန်းကျင်ခန့်ရှိမည့် ပတ္တမြားအနီရောင်တစ်ပွင့်ဖြစ်ပြီး ဂေါ်များနယ်နေသည်ကို စာရေးသူကြည့်နေရာမှပင် လှမ်းမြင်နေရသည်။ အရင်တုန်းကတော့ တာပလာကျောက်သားတွင် ဂေါ်များပါနေလျှင် ဂေါ်ကြိုးဖိုး ဈေးပေးပြီး ဝယ်ရပါသည်။ ယခုတော့ မီးဖုတ်ပြီး ဂေါ်ထုတ်သည့် နည်းပညာတွေ သိလာကြတော့ ကျောက်ကုန်သည် အများစုသည် ဂေါ်ပါသည့်ကျောက် (ဂေါ်စား)မှ ဝယ်ချင်နေကြပါသည်။ ထိုကျောက်မျိုးမှာ မီးဖုတ်၍ အောင်သွားလျှင် ဈေးက အဆမတန်တက်သွားသည်မို့ အနီဂေါ်စားကျောက်များ အဝယ်လိုက်ပြီး ဈေးကောင်းရလာပါသည်။ ဂေါ်စားကျောက်ဈေးကွက်ဆိုပြီး တစ်ခေတ် ထလာပါသည်။

'စာရေးဆရာက သည်မှာ ငေးနေတာကိုး၊ ဟိုမှာ ကိုအောင်ဝင်းခေါ်နေ

www.foreverspace.com.mm

တယ်။ ကျွန်တော်တို့ကို လက်ဖက်ရည်တိုက်ချင်လို့တဲ့'

အတူပါလာသော မိတ်ဆွေက အနားကပ်ပြီးပြောလိုက်သဖြင့် ဂေါ်စား ကျောက်တစ်ပွင့် အရောင်းအဝယ်လုပ်နေသည့်အပေါ် ရောက်နေသည့်အာရုံ များ ပျောက်သွားပြီး သူနှင့်အတူ လက်ဖက်ရည်ဆိုင်သို့ လိုက်သွားမိသည်။ လက်ဖက်ရည်ဆိုင်၏ အပြင်ဘက် မျက်နှာစာခုံများတွင် ကျောက်ကုန်သည် များ အပြည့်ထိုင်နေသည်မို့ အတွင်းပိုင်း ချောင်ကျကျလွတ်နေသော စားပွဲ ဝိုင်းတွင် ဝင်ထိုင်လိုက်ရပါသည်။ ထာပွဲ အတွင်းအပြင်ရှိ လက်ဖက်ရည် ဆိုင်တိုင်းလိုလိုပင် အပြင်မျက်နှာစာခုံများမှာ ကုန်သည်များ အချိန်ပြည့် ထိုင်နေကြသည်ကို တွေ့ရသည်။ သည်အတွက်လည်း ဆိုင်ရှင်မှာ ပြူစူသည် မရှိဘဲ အခါးအိုးတစ်အိုးကုန်လျှင် နောက်တစ်အိုးပင် ထပ်ချပေးလိုက်ပါသေး သည်။

'မနေ့က ကိုးလံဖက်စပ်က ကျောက်ထုပ်တွေ လေလံရောင်းတာ ဘယ်သူတွေ ရသွားတယ် ကြားလဲ'

'အဝင်ဝခုံမှာ ထိုင်တဲ့အဖွဲ့ကို သိတယ်မဟုတ်လား၊ သူတို့အဖွဲ့ အများ ဆုံးဝယ်ရတယ် ပြောတယ်။ အနောက်ပိုင်းကြပ်ပြင်က အဖွဲ့တွေလည်း ဝယ်ရတယ်တဲ့'

'ကောင်းပါတယ်၊ ဒါမှလည်း ထာပွဲထဲမှာ ကျောက်အသစ်တွေ ထပ် တွေ့ရမှာ'

ဘေးစားပွဲဝိုင်းမှ ကျောက်ကုန်သည်နှစ်ဦး ပြောနေသံများက စာရေးသူ နားထဲ ဝင်လာပါသည်။

မိုးကုတ်ကျောက်တွင်းတူး ဖက်စပ်လုပ်ငန်းအချို့မှာ တွင်းကရလာသော ကျောက်များကို နိုင်ငံတော်သို့တင်ပြ၊ ဈေးဖြတ်၊ ရတနာခွန်ဆောင်ပြီးလျှင် အခြားသို့သွားမရောင်းတော့ဘဲ မိမိတို့ဖက်စပ်ရုံးခန်းတွင် ကျောက်ကုန်သည် များကို ဖိတ်ခေါ်၍ လေလံစနစ်ဖြင့် ပြန်ရောင်းပေးပါသည်။

**လက်တွဲဖော်**

www.foreverspace.com.mm



ထိုသို့ ဖက်စပ်မှ လေလံပစ်ရောင်းသော ကျောက်ထုပ်များကို ကျောက်ကုန်သည်များက အဖွဲ့လိုက်စုပေါင်း၍ ဝယ်ကြပါသည်။ ဝယ်ယူရရှိသော ကျောက်များကို အချို့က ပြုပြင်သွေးယူပြီး ရောင်းကြသည်။ အချို့ကလည်း ရန်ကုန်ကျောက်ဈေးကွက်သို့ ပို့၍ပြန်ရောင်းကြသည်။ ကျောက်ထုပ်အများစုမှာမူ အဖွဲ့လိုက်ဝယ်ထားသောကြောင့် မိုးကုတ်ထာပွဲများတွင်သာ ပြန်ဖြတ်ရောင်းကြပါသည်။ ဖက်စပ်မှ တိုက်ရိုက်ဝယ်ယူရရှိထားသူများထံမှတစ်ဆင့် ထာပွဲထဲရှိ အစပ်သမားများက ပြန်ဝယ်ကြရပါသည်။

ထာပွဲထဲသို့ အခြားနည်းဖြင့် ဝင်လာသော ကျောက်များမှာ ခန့်ဆေးရင်း၊ မြောင်းမြီးဆေးရင်း ရလာသော ကျောက်များဖြစ်သည်။ တွင်းတောများတွင် လိုက်ဝယ်သူများ ခန့်ဆေးသမားများထံ စောင့်ဝယ်သူ ကျောက်ကုန်သည်များလည်း သီးခြားရှိပြီး သူတို့ဝယ်ယူရရှိသော ကျောက်မှန်သမျှကိုလည်း ထာပွဲထဲတွင်သာ လာရောင်းကြပါသည်။

'စာရေးဆရာ ဖြည်းဖြည်းထိုင်ဦးနော်၊ ကျွန်တော် လူတစ်ယောက်ရှာစရာရှိလို့ သွားလိုက်ဦးမယ်။ လက်ဖက်ရည်ဖိုး ရှင်းထားခဲ့ပြီနော်'

ကိုအောင်ဝင်းက လက်ဖက်ရည်ဖိုး ရှင်းပေးခဲ့ပြီး ပျာယီးပျာယာ ထသွားသည်။ ကိုအောင်ဝင်းမှာ ထာပွဲထဲမှ ကျောက်ပွဲစားတစ်ဦးဖြစ်ပြီး ယခင် ကျောက်ပွဲစားများ ခေတ်ကောင်းစဉ်က အလုပ်တော်တော် ဖြစ်ခဲ့ပါသည်။ ယခုနောက်ပိုင်းတော့ ကျောက်ပွဲစား အတော်များများမှာ သိပ်အလုပ်မဖြစ်တော့ကြောင်း တွေ့ရသည်။ အဓိကကတော့ ထာပွဲထဲတွင် ရောင်းသူနှင့်ဝယ်သူ တိုက်ရိုက်ဆုံပြီး အလုပ်လုပ်နေကြရာ ပွဲစားများ လက်ထဲသို့ ကျောက်အရောက်နည်းသွားပါသည်။ ရောက်လာသော ကျောက်များဆိုလျှင်လည်း ဈေးကုန်ရောင်းခိုင်းသည့် ကျောက်များသာဖြစ်ရာ ပွဲစားများမှာ ယခင်တုန်းကလို ပွဲညွှန့်ကျန်ဖို့နေနေသာသာ၊ ကျောက်တစ်ပွင့် တည့်အောင်ပင် မနည်းရောင်းရသည့် အခြေအနေဖြစ်ပါသည်။

## လက်တွဲဖော်

www.foreverspace.com.mm

လက်ဖက်ရည်သောက်ပြီး ပြန်အထွက် ထာပွဲတစ်နေရာတွင် အသက် ၇၀အရွယ်ခန့်ရှိ အဘဦးလူမောင်ကို တွေ့ရပါသည်။ ဦးလူမောင်ကား ရှေ့မီနောက်မီကျောက်ကုန်သည်ကြီးတစ်ဦးဖြစ်ပြီး လိုင်စင်ခေတ်ကတည်းက စပြီး ခေတ်အဆက်ဆက် ကျောက်အရောင်းအဝယ်လုပ်ခဲ့သူဖြစ်ရာ သူ၏ အရောင်းအဝယ် လုပ်သက်သည် နှစ်၅၀ ဝန်းကျင်ခန့် ရှိပြီဖြစ်သည်။ စာရေးသူ သူ့နားရောက်သွားတော့...

'လာဟေ့ ကောင်လေး၊ ထာပွဲထဲ ကုန်ကြမ်းလာရှာတာလား၊ ကျောက်လာဝယ်တာလား'

အသံအောကြီးနဲ့ နှုတ်ဆက်လိုက်ပါသည်။

'ဘုရားလည်းဖူး၊ လိပ်ဥလည်း တူးရင်းပေါ့ အဘရာ။ အဘရော ဘာဝယ်ရပြီလဲ'

'မြေအခိုးပြာ တစ်ပွင့်တော့ ဝယ်ရတယ်ကွ၊ ၁၅ကလပ်ကျော်တယ်။ ငါးသောင်းနဲ့ ဝယ်ထားတာ။ ရော့... ကြည့်လေ'

အောက်ခံအဖြူရောင် အကြည်သားပေါ်တွင် အပြာရောင်အပြည့် ပြေးနေသော မြေကျောက်ကိုကြည့်ရင်း...

'မြေကျောက်ဈေးတွေ အရမ်းတက်သွားတာပဲနော်။ ပြီးခဲ့တဲ့နှစ်တွေ တုန်းက သည်ကျောက်တွေဟာ ထောင်ကျောက်အဆင့်ပဲ ရှိသေးတယ်'

'အေး၊ သည်လိုပြောကြေးဆိုရင် အဘတို့ အရောင်းအဝယ် လုပ်ခါစက သည်လိုအရွယ် အမာမျိုးနွယ်ဂေါ်ကြိုးတောင် ကြိုးလည်း ပထမတန်းကြိုး ဖြစ်မှ၊ အရည်လည်းလှမှ၊ အပြစ်အနာအဆာလည်း ကင်းမှ ထောင်ကျောက် ဖြစ်တာ။ အခုခေတ်နဲ့ဆို မင်းမျက်စိထဲ အဲဒီပုံသဏ္ဍာန်မျိုးနဲ့ ဂေါ်ကြိုးတစ်ပွင့်ရဲ့ ဈေးနှုန်းကို မြင်ကြည့်စမ်းပါ။ ဈေးနှုန်းဘယ်လောက်ရှိမလဲ'

'အနည်းဆုံး သိန်းငါးဆယ်ပေါ့ အဘရဲ့'

'ဒါပေါ့ ကောင်လေးရ၊ ပြောင်းလဲနေတဲ့ ခေတ်နဲ့အညီ ကိုယ်လည်း

လိုက်ပြီး လုပ်နိုင်မှ အရောင်းအဝယ်သမားကောင်း ပီသတာ။ အရင်က သည်ကျောက်ကို ဝယ်ထားလိုက်ရင် ဘယ်ဈေးပဲရှိသေးတယ်။ အခုတော့ ဘယ်လောက်တောင်ဖြစ်နေပြီဆိုပြီး လွမ်းနေလို့ မဖြစ်ဘူး။ သူ့ခေတ်နဲ့သူ့ဈေး ဝယ်တတ်၊ ရောင်းတတ်အောင် ကြိုးစားကွ။ ဒါမှ တို့မိုးကုတ်သား ကျောက်ကုန်သည်တွေ ရေရှည်ရပ်တည်နိုင်မှာ။ တစ်ဆက်တည်းပြောလိုက်ဦးမယ်၊ အခုမြောတွေ အရောင်းသွက်နေတယ်။ ပြင်ပနိုင်ငံတွေကတောင် ဈေးပေးပြီး လာဝယ်နေတာကွ။ ရွှေမြောလုလု သည်အရွယ်ဆိုရင် ငါးသိန်းအောက်ရရင် ဝယ်သာဝယ်ထား၊ မင်းအမြတ်ရအောင် အဘ ပြန်ရောင်းပေးမယ်'

ထာပွဲထဲမှ ဝါရင့်ကျောက်ကုန်သည်ကြီး အဘ ဦးလူမောင်က စကားလည်းပြော၊ ပညာလည်း ပေးသွားပါသည်။

'စာရေးဆရာ အချိန်ရသေးတယ်။ အပြင်ထာပွဲရော ဝင်ဦးမလား'

'သွားတာပေါ့ဗျာ'

## ပန်းခြံအပြင်ထာပွဲ

ပန်းခြံအပြင်ထာပွဲမှာ ကားလမ်းတစ်လမ်းသာ ခြားပြီး သီးခြားဝင်းအတွင်းမှ ထာပွဲဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင် အစုံရှိပြီး ဝင်ကြေးပေးရန် မလိုပါ။ အပြင်ထာပွဲတွင် အရောင်းအဝယ်လုပ်သူမှာ အမျိုးသမီး အများစုဖြစ်သည်။ 'မိန်းမကျောက်' ဟုခေါ်သော အသေးအညှာ ကျောက်ထုပ်များကို အရောင်းအဝယ်လုပ်ကြပါသည်။ အမျိုးသမီးတိုင်းလိုလို ထာ(ခေါ်)ကြေးလင်ဗန်းငယ်လေးများ ကိုယ်စီဖြင့် အရောင်းအဝယ်လုပ်ကြသည်မို့ ထာပွဲ၏ပုံရိပ်မှန်ကို အပြင်ထာပွဲတွင်မှ သဘာဝကျကျ တွေ့ရပါသည်။ ထာ(ခေါ်)ကြေးလင်ဗန်းငယ်များတွင် ပြသမှု ကျောက်များကိုထည့်၍ ဈေးဆစ်လိုက်၊ အရောင်းအဝယ်ဖြစ်လျှင် ထိုကျောက်များကို အိတ်တစ်ခုထဲ ရောထည့်လိုက်နှင့်မို့ . . .



www.foreverspace.com.mm

www.foreverspace.com.mm



ပိတ်စွယ်ပန်းခြံ အပြင်ထာပွဲမှာ ''ထာ''လို့ တွင်တဲ့ ကြေးလင်ဗန်းနဲ့ အရောင်းအဝယ်လုပ်နေတဲ့ မိုးကုတ်သူတစ်ဦး

'သည်ကျောက်ထုပ်တွေထဲမှာ အတုတွေရော မပါနိုင်ဘူးလား'

'ပါတာပေါ့ စာရေးဆရာရယ်၊ ဒါပေမယ့် အသေးအညှာ ကျောက် အရိုင်းအစပ်သမားတွေဟာ သည်လိုပဲအပေါ်ယံကြည့်ပြီး ဝယ်ရတာ။ သိပ် မသင်္ကာစရာကောင်းတဲ့ကျောက်တစ်ပွင့် နှစ်ပွင့်လောက်ကိုပဲ သေသေချာချာ ကြည့်နိုင်ပြီး ကျန်ကျောက်တွေကို ဒိုး(အထုပ်လိုက်)ဆစ်ရတာဆိုတော့ ကျောက်အတုတွေ အနည်းနဲ့အများတော့ ပါတာပဲ။ နောက်ပိုင်းတော့ အသေး၊ အညှာအစပ်ကျောက်ထုပ်သမားတွေဟာ လူကြည့်ပြီးတော့ ဝယ်ရ တာပါပဲ။ မိုးကုတ် ကျောက်လောကမှာ နာမည်ပျက် မရှိဖို့သာ အဓိကမို့

**လက်တွဲဖော်**

အမြဲတမ်းလုပ်စားနေတဲ့ ကျောက်ကုန်သည်တွေဟာ အတုထည့်ပြီး မရောင်းကြဘူး'

မိုးကုတ်ထာပွဲသမားများ၏အတုယူစရာကောင်းသော ဓလေ့များထဲတွင် ကျောက်အတုရောင်းခြင်းကို ရှောင်ကြဉ်ခြင်းလည်းပါပါသည်။ ပုံမှန်ကျောက်အတုလုပ်ရောင်းသူ အသိုင်းအဝိုင်းမှလွဲ၍ ထာပွဲရှိကျောက်ကုန်သည်များမှာ ကျောက်အတုကို ညာမရောင်းကြပါ။ အလုပ်မဖြစ်ချင်နေပါစေ။ ငွေမရှိလျှင် နေပါစေ။ နာမည်ကောင်းနှင့် ဂုဏ်သိက္ခာကို တန်ဖိုးထားကြပါသည်။ ကျောက်အတုလုပ်ရောင်းသူ အသိုင်းအဝိုင်းကိုလည်း ရှောင်ကြဉ်ကြပါသည်။ မိမိရှေ့တွင် ကျောက်အတု ရောင်းနေသည်ကိုတွေ့လျှင် လက်တို့အသိပေးကြပါသည်။

ထို့ကြောင့်လည်း ကျောက်အတုရောင်းသူများမှာ ထာပွဲကြီးကို ရှောင်ကြသည်။ ထာပွဲအငယ်စား ဖြစ်ရာနေရာများ၊ တွင်းတောတစ်လျှောက် ကျောက်စောင့်ဝယ်သူများထံ ပုံမှားရိုက်ပြီး ရောင်းသည်က များပါသည်။ တစ်နေရာတွင် ကျောက်အတုရောင်းပြီးပြီဆိုသည်နှင့် ထိုနေရာတစ်ဝိုက်သို့ တစ်လခန့်မလာတော့ဘဲ အခြားနေရာများတွင် လှည့်ပတ်ရောင်းနေပါသည်။ ရက်ပေါင်းများစွာ ကြာပြီးမှ ပြန်တွေ့လျှင် သူလည်း မသိလို့ သည်အတိုင်းဝယ်လာတာ၊ ရောင်းရတဲ့ငွေလည်း သုံးလို့ကုန်ပြီဆိုပြီး မျက်နှာပြောင်တိုက်ကာ ငွေ လုံးဝပြန်မပေးတော့ပေ။

မိုးကုတ်သူ၊ မိုးကုတ်သား ကျောက်ကုန်သည်အများစုမှာ ခပ်အေးအေးနေတတ်ပြီး ပြဿနာတစ်ခုခုဖြစ်မည်ကို အလွန်စိုးကြောက်သူများဖြစ်သည်။ အထူးသဖြင့် ကျောက်အတုဝယ်မိလျှင် ဝတ္တရားအရ တတ်နိုင်သမျှ ပြန်ရအောင်လိုက်သည်။ ထိုသို့လိုက်ပြီးမှ မရတော့ဘူးဆိုလျှင်တော့ ကိုယ့်ကံနိမ့်လို့ဖြစ်တာပဲပေါ့လေ ဆိုပြီး စိတ်လျှော့လိုက်ကာ ဘာမှထပ်ပြီး ပြဿနာမရှာတော့ပေ။ ဤအချက်ကို အခွင့်ကောင်းယူပြီး ကျောက်အတု လုပ်ရောင်းသူ

www.foreverspace.com.mm

များက အတင့်ရဲစွာ လုပ်ကိုင်နေခြင်းဖြစ်သည်။

ပိတ်စွယ်ပန်းခြံထာပွဲမှာ နံနက်ပိုင်းဆိုလျှင် ၁၀နာရီခွဲလောက်မှ စစည်ပြီး နေ့လည် ၁နာရီလောက်မှ လူကွဲပါသည်။ ညနေပိုင်း ၃နာရီလောက်တွင် တစ်ခါပြန်စည်ပြီး ၅နာရီလောက်တွင် ထာပွဲ ပြန်ကွဲသည်။ နံနက်ပိုင်း ပိတ်စွယ်ပန်းခြံထာပွဲ ကွဲသည်နှင့် အများစုမှာ ရုပ်ရှင်ရုံထာပွဲသို့ သွားကြသည်။ စာရေးသူနှင့် မိတ်ဆွေလည်း အိမ်ပြန်ထမင်းစားမနေတော့ဘဲ ရှမ်းခေါက်ဆွဲ တစ်ပွဲစီ စားပြီး ရုပ်ရှင်ရုံထာပွဲသို့ ဆက်လက်ချီတက်ခဲ့ပါသည်။

## ရုပ်ရှင်ရုံထာပွဲ

ရုပ်ရှင်ရုံထာပွဲတွင် အသေး၊ အညာ၊ အစင်ကျောက်များ သိပ်မတွေ့ရပေ။ လုံးချော၊ ဂေါ်ကြိုး၊ ပွတ်ချောများနှင့် အရိုင်းတုံးများကိုသာ အများစုတွေ့ရသည်။ လမ်းဘေးပလက်ဖောင်းတစ်လျှောက် ကျောက်အရိုင်းတုံးများ ပုံ၍ ရောင်းနေသည်ကို တွေ့ရသည်။

'သည်အရိုင်းပုံတွေ ကြားကနေပြီး ခရစ္စတယ် ကျောက်ကောင်းတွေ၊ ကျောက်အဆန်းတွေကို တစ်ခါတစ်ခါ ဈေးပေါပေါနဲ့ ဝယ်ရတတ်တယ်'



မိုးကုတ်ရုပ်ရှင်ရုံထာပွဲရှုခင်း

www.foreverspace.com.mm

'ရောင်းသူက နားမလည်ဘူးလား'

'ခရစ္စတယ်ကျောက်ဈေးကွက်က အခုနောက်ပိုင်းမှ ဖြစ်လာတာမို့ လူတိုင်း နားမလည်ကြသေးဘူး။ နောက်ပြီး သည်မှာ အရိုင်းတုံးတွေ လာရောင်းသူတွေက တွေ့သမျှကျောက်တွေ ရှာလာပြီး ပုံရောင်းတာပဲ။ တစ်ခါတစ်ခါ ဘာမှ မတန်တဲ့ကျောက်ကျတော့ ဈေးအဆမတန် တောင်းပြီး၊ တကယ် တန်ဖိုးရှိတဲ့ ကျောက်ကြတော့ ဈေးပေါပေါနဲ့ ရောင်းလိုက်တာတွေ ခဏခဏတွေ့ရတယ်။ ဒါကြောင့်လည်း ရုပ်ရှင်ရုံထာပွဲမှာ ကျောက်ဝယ်ရရ၊ မဝယ်ရရ နေ့စဉ် ပုံမှန်လာပြီး ချောင်းနေသူတွေ များတာပေါ့'

ရုပ်ရှင်ရုံထာပွဲတွင် ကျောက်ရောင်းသူ ဦးရေက နည်းပြီး ကျောက် စောင့်ဝယ်သူ ဦးရေက ပိုများကြောင်း တွေ့ရသည်။ ပွဲစားအများစုကိုလည်း တွေ့ရသည်။ ထိုပွဲစားများမှာ ကျောက်တစ်ပွင့်ကို တွေ့လိုက်လျှင် အောက် ဈေးနှင့် ပဏာမဆစ်လိုက်ပြီး ရောင်းဖို့ နီးနီးစပ်စပ် ဈေးထွက်ပြီဆိုသည်နှင့် ကျောက်ရှင်ကို ခေတ္တစောင့်ခိုင်းပြီး မိနစ်ပိုင်းအတွင်း တကယ်တမ်း ကျောက် ထိုင်ဝယ်သူကုန်သည်ကြီးများထံ ထိုကျောက်ကို လှည့်ပတ်ပြလိုက်ပါသည်။ ကျောက်ကုန်သည်ကြီးများ၏ ဆစ်ဈေးအမြင့်ဆုံးကို စကားခံထားလိုက်ပြီး ကျောက်ရှင်ထံ ပြန်သွား၍ မိမိတို့ဝယ်မည့်ဟန်ဖြင့် ဈေးကို လျှော့နိုင်သမျှ လျှော့၍ ဆစ်ကြပါသည်။ ရောင်းသူနှင့်ဝယ်သူကြား ပွဲစား ပုံသဏ္ဌာန် မဟုတ်ဘဲ အရောင်းအဝယ်ပုံသဏ္ဌာန်ဈေးဆစ်ပြီး ကိုယ့်အတွက် ကျန်အောင် လုပ်သွားနိုင်သည့် အရည်အချင်းမှာ ရုပ်ရှင်ရုံထာပွဲတစ်ဝိုက်ရှိ ပွဲစားများတွင် သာ ရှိပါသည်။ ရုပ်ရှင်ရုံအနီးတစ်ဝိုက်ရှိ ကျောက်ကုန်သည်များ၊ ပွဲစားများ စုပြီး နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့၌ 'သင်္ဂဟကထိန်'အမည်ဖြင့် ကထိန် ခင်း လှူတန်းလေ့ရှိပါသည်။ အရောင်းအဝယ်ခေတ်ကောင်းစဉ်အချိန်က 'သင်္ဂဟ ကထိန်'သည် မိုးကုတ်မြို့နယ်တွင် အလှူနိုင်ဆုံးသော ထိပ်တန်း ကထိန်ကြီးများ စာရင်းတွင်ပါခဲ့ဖူးပါသည်။

**လက်တွဲဖော်**

www.foreverspace.com.mm

စာရေးသူ ရပ်ရှင်ရုံထာပွဲရောက်တိုင်း အမြဲတွေ့နေကျဖြစ်သောမိတ်ဆွေ ကိုဌေးလွင်ကို မတွေ့မိသဖြင့် သူနှင့်တွဲနေကျ အဖော်အား…

'ကိုမောင်မောင်၊ ကိုဌေးလွင်ကြီးကို မတွေ့မိပါလား၊ ဘယ်ရောက်နေလဲ'

'ကိုဌေးလွင်ကတော့ဗျာ၊ ထာပွဲရောက်တာနဲ့ကျူခုံ(ဘိလိယက်)ထဲတန်း ဝင်တော့တာပါပဲ။ ကိုယ်မကစားလည်း ဘေးက ထိုင်ကြည့်နေတာနဲ့ တစ်နေ ကုန်ရော။ အရောင်းအဝယ်လည်း ဟုတ်တိပတ်တိ လုပ်တယ်ကိုမရှိတော့ ဘူး။ စာရေးဆရာ ခင်ဗျားလည်း ကိုယ့်သူငယ်ချင်းကို ကြုံရင် အလုပ် ကလေး ဘာလေး ကောင်းကောင်းလုပ်ဖို့ နည်းနည်းပါးပါး ဝင်ပြောသွား ပါဦးဗျာ'

ထာပွဲဖြစ်ရာနေရာ တစ်ဝိုက်တွင် လက်ဖက်ရည်ဆိုင်များနည်းတူ ကျူခုံ (ဘိလိယက်ခုံ)များကိုလည်း အများအပြား တွေ့ရသည်။ ကျူခုံတိုင်းလိုလို လည်း လူအပြည့်ဖြစ်သည်။ အရောင်းအဝယ် ပါးပြီး အလုပ်မဖြစ်တာနှင့် အပျင်းပြေ ဝင်ကစားရာမှနေ၍ အစွဲကြီးစွဲသွားပြီး ထာပွဲထဲ မဝင်ဖြစ်တော့ သူများပင် ရှိပါသည်။

ရုပ်ရှင်ရုံထာပွဲကွဲသည်နှင့် အချို့မှာ ပိတ်စွယ်ပန်းခြံထာပွဲသို့ ပြန်သွားကြ သည်။ အချို့ကလည်း အနောက်ပိုင်း ထာပွဲ၊ မင်းတံတားထာပွဲ၊ ရေပူထာပွဲ၊ လယ်ဦးထာပွဲစသဖြင့် နီးစပ်ရာ သွားကြသည်။ ထို့ကြောင့် ညနေပိုင်းတွင် ပြန်ဖြစ်သော ပိတ်စွယ်ပန်းခြံထာပွဲမှာ နံနက်ပိုင်းတွင်ဖြစ်သော ထာပွဲလောက် လူမစည်တော့ချေ။

## လယ်ဦးထာပွဲ

မိုးကုတ်မြို့ရှိ ထာပွဲများအနက် နံနက်အစောဆုံးဖြစ်သော ထာပွဲမှာ လယ်ဦး ထာပွဲဖြစ်သည်။ နံနက်လင်းပြီဆိုသည်နှင့် လယ်ဦးရွာ လမ်းမကြီးဘေးရှိ

www.foreverspace.com.mm

လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်တို့တွင် တွင်းသမားများ၊ ကျောက်ကုန်သည်များ ပြည့်နေပြီဖြစ်သည်။ မိုးကုတ်မြို့တွင် အရှေ့ပိုင်းနှင့်အနောက်ပိုင်း ဆိုပြီး နှစ်ခြမ်းရှိသည့်အနက် မိုးကုတ်မြို့အရှေ့ပိုင်းတွင်သာ နံနက်စောစော ထာပွဲရှိသည်။ အနောက်ပိုင်းတွင်မူ နံနက်အစောကြီးဖြစ်သော ထာပွဲမရှိပေ။ အကြောင်းမှာ အနောက်ပိုင်းသည် အရှေ့ပိုင်းထက်စာလျှင် တွင်းလုပ်ငန်းများစွာရှိရာ နံနက်စောစောတွင် ထာပွဲဟူ၍ သီးခြားစုမနေတော့ဘဲ ကျောက်ပြဿဒ်၊ ဆင်ခွာ၊ ဘောလုံးကြီး၊ ဘောလုံးလေး၊ ဘော်မားစသော နီးစပ်ရာ ရွာများသို့သွား၍ ကျောက်ဝယ်ကြသည်။ ထိုသို့ ရွာပိုင်းတစ်လျှောက် အစောကြီး ကျောက်လိုက်ဝယ်ပြီးမှ ထာပွဲသို့ဝင်ကြရာ အနောက်ပိုင်းထာပွဲသည် အစောဆုံး ၁၀နာရီလောက်မှ စစည်ခြင်းဖြစ်သည်။ မိုးကုတ်အရှေ့ပိုင်းမှာမူ တွင်းလုပ်ငန်းများလုပ်ကိုင်ရာ ရွာများနှင့်ဝေးပါသည်။ ထို့ကြောင့်လည်း တွင်းသမားအများစု သွားလာရာ လမ်းခုလတ်ဖြစ်သော လယ်ဦးရွာလမ်းမကြီးတွင် ကျောက်စောင့်ဝယ်ကြရာမှနေ၍ နံနက်စောစော ထာပွဲတစ်ခု ဖြစ်လာပါသည်။



လယ်ဦးထာပွဲရောက် နိုင်ငံခြားသားတစ်ယောက်

www.foreverspace.com.mm

စာရေးသူ လယ်ဦးထာပွဲရောက်သွားတော့ လူသိပ်မစည်သေးသဖြင့်…

'အချိန်စောသေးတာပဲ။ အုန်းပင် ရေထွက်ရွာထဲ တစ်ပတ်လောက် ပတ်ကြည့်ရအောင်လား။ ရွာထဲမှာလည်း ကျောက်ဝယ်လို့ရတယ်'

'ကောင်းသားပဲ။ သွားကြတာပေါ့'

အုန်းပင်ရေထွက်ရွာမှာ လယ်ဦးထာပွဲ၏ အပေါ်တွင်ရှိပြီး ၁၀မိနစ်ခန့် လမ်းလျှောက်သွားရသည်။ အုန်းပင်ရေထွက်ရွာ၏ နံဘေးတွင် ရေနီချောင်း တစ်ခု ဖြတ်သန်း စီးဆင်းလျက်ရှိသည်။ ထိုရေနီချောင်းမှာ ဖက်စပ်များမှ ဖြိုး(ဖြူး)ဆေးပြီး စွန့်ထုတ်ပစ်လိုက်သော ကနယ်ရေ(ရွှံ့ရေ)များဖြစ်ရာ ကျောက် အသေးအညှာများမှာ ရေစီးချောင်းနှင့်အတူ မျောပါလာသည်။ ထိုသို့ ချောင်းတစ်လျှောက် မျောလာသော ကျောက်များကို အမျိုးသမီးများ၊ ကလေးငယ်များက သံဆန်ခါကိုယ်စီဖြင့် ခန့်ဆေးကာ ရှာယူပြီး ရလာသော ကျောက်များကို ရွာထဲရှိ ကျောက်ကုန်သည်များအား ပြန်ရောင်းပါသည်။ အုန်းပင်ရေထွက်ရွာထဲတွင်လည်း ကျောက်ကုန်သည်များ ခြေချင်းလိမ်လျက် ရှိသည်။ စာရေးသူတို့လည်း အသိအိမ်တစ်အိမ်သို့ဝင်ပြီး…

'ဘာကျောက် ရောင်းစရာရှိလဲ မိတ်ဆွေကြီး'

'ကျောက်အဆန်းတစ်ပွင့် ရှိတယ်။ သည်အတိုင်းကြည့်ရင်တော့ အစိမ်းရောင်ပဲ။ ဓာတ်မီးနဲ့ ထိုးကြည့်ရင် အနီရောင်ဖြစ်လာတယ်'

စာရေးသူလည်း အုန်းပင်ရေထွက်ရွာမှ မိတ်ဆွေပြသော ကျောက်ကိုယူပြီး သူ၏ခြံဝင်းအတွင်းတွင် အေးအေးဆေးဆေး စိတ်တိုင်းကျ စစ်ဆေးကြည့်ရှုလိုက်ပါသည်။ တွေ့ရခဲသော နီလာအရောင်ပြောင်းကျောက်ပင်ဖြစ်သည်။

'မိတ်ဆွေကြီး၊ သည်ကျောက်ကို ဘယ်လောက်နဲ့ ရောင်းမှာလဲ'

'ရောင်းဖိုးနီးနီး ပြောမယ်နော်၊ ငါးသိန်း'

'ဈေးမများဘူးလား မိတ်ဆွေကြီး။ သွေးပြီးရင် နှစ်ကလပ်တောင်

www.foreverspace.com.mm

ကျန်ဖို့ မလွယ်ဘူး။ အပြစ်လည်း ရှိသေးတယ်'

'ဆရာကြီး၊ ကျွန်တော့်ကျောက်က သုံးပန်လှကျောက်လေ။ သိပ်ရှားတယ်။ သည်တစ်ပွင့်တောင် ကျွန်တော့်သား ခန္ဓဆေးရင်း ရထားလို့ တွေ့ရတာ'

နီလာအရောင်ပြောင်းကျောက်မှာ အစိမ်းရောင်၊ အပြာရောင် ရောနေပြီး မီးထိုးလိုက်လျှင် အနီရောင် သုံးရောင်ဖြစ်နေရာ အချို့က သုံးပန်လှကျောက်ဟူ၍လည်း ပြောဆိုရောင်းဝယ်နေကြကြောင်း တွေ့ရသည်။

'တစ်သိန်းခွဲရရင် ယူမယ်။ ဒါ ကျွန်တော်တို့ပေးနိုင်တဲ့ ဈေးကုန်ပဲ'

'သူများပေးဖို့ နှစ်သိန်းမီအောင် ကြည့်ပါ။ နှစ်သိန်းဆို ပြန်ရောင်းပေးမယ်။ အဲဒီအောက်တော့ မဖြစ်နိုင်ဘူး'

နောက်ဆုံး ရောင်းသူဘက်မှလည်း သူရောင်းချင်သည့်ဈေး အတိအကျ ထွက်လာပါသည်။

စာရေးသူတို့ကလည်း ကိုယ်ပေးနိုင်သည့်ဈေး အမြင့်ဆုံးပေးထားပြီးဖြစ်ရာ ကိုယ်လည်း ဈေးဆက်မတိုးနိုင်၊ သူလည်း မလျှော့နိုင်ဖြစ်ပြီး အရောင်းအဝယ် မဖြစ်ခဲ့ပေ။

မိုးကုတ်ကျောက်လောက၏ ရောင်းဝယ်ပုံစနစ်မှာ ဤအတိုင်းပင်ဖြစ်သည်။ ရောင်းသူကလည်း ရောင်းဖိုးကို ချက်ချင်းမထွက်ဘဲ ဈေးတင်ထားပြီးမှ တစ်ဆင့်ချင်း လျှော့ပေးသည်။ ဝယ်သူကလည်း ကိုယ်ဝယ်လိုသည့်ဈေးကို ချက်ချင်းမပေးသေးဘဲ အောက်ဈေးမှ စဆစ်၍ တစ်ဆင့်ချင်း တက်ပေးသည်။ ထိုသို့အလျှော့အတင်းညှိနှိုင်းပြီး ရောင်းသူဘက်ရော၊ ဝယ်သူဘက်ပါ နှစ်ဦးနှစ်ဖက် ပြေလည်မှသာ အရောင်းအဝယ်ဖြစ်သည်။ တစ်ခါတစ်ရံ ကျောက်တစ်ပွင့်ကို နှစ်ရက်၊ သုံးရက်ကြာအောင်အပြန်အလှန် ညှိနှိုင်းဈေးဆစ်ပြီးမှ အရောင်းအဝယ်ဖြစ်သည်များပင် ရှိပါသည်။

မိုးကုတ်မြို့တွင် ကျောက်တွင်းလုပ်ကွက် များစွာ ရှိသော်လည်း နီလာ

www.foreverspace.com.mm

အရောင်ပြောင်းကျောက်များမှာ အုန်းပင်ရေထွက် ကွက်ရပ်တစ်ဝိုက်တွင်သာ ထွက်ရှိသည်။ အုန်းပင်ရေထွက် ကွက်ရပ်မှ ထွက်သော ကျောက်မှန်သမျှ လယ်ဦးထာပွဲထဲ ရောက်ပါသည်။ ဓာတ်တော်တောင်တို့၊ ပိန်းပြစ်ရွာတို့ ဆိုလျှင်လည်း ခရစ္စတယ်ကျောက်များ၊ သဘာဝကျောက်အဆန်းများ အများစု ထွက်ရှိပြီး ထိုကျောက်များကိုလည်း အနီးဆုံးထာပွဲဖြစ်သော လယ်ဦးထာပွဲတွင်သာ လာရောင်းလေ့ရှိသည်။ ထို့ကြောင့်လည်း ခရစ္စတယ်ကျောက်ဝယ်သူများ၊ ကျောက်အဆန်းဝယ်သူများမှာ လယ်ဦးထာပွဲကိုအားထားရခြင်းဖြစ်သည်။

လယ်ဦးထာပွဲမှ ကျောက်ကုန်သည်များကိုလည်း လျှော့တွက်၍ မရပါ။ ကျောက်ကို ဈေးကုန်ရအောင်ရောင်းသည့်နေရာတွင် စံတင်လောက်ပါသည်။ နိုင်ငံခြားသားဧည့်သည်များ၊ ပြည်တွင်းမှ ကျောက်မျက်ပညာရှင်များ၊ သင်တန်းသူသင်တန်းသားများ မိုးကုတ်မြို့သို့ရောက်တိုင်း သဘာဝ ကျောက်အဆန်းများ၊ ခရစ္စတယ်ကျောက်များ စုံလင်စွာ တွေ့ရသည့် လယ်ဦးထာပွဲသို့ အရောက်လာကြပါသည်။ ရောက်လာတိုင်းလည်း အနည်းနှင့်အများဆိုသလို



ဗဟိုရပ်ရှင်ရုံရှေ့ လမ်းမကြီးပေါ်က ထာပွဲ

www.foreverspace.com.mm

ကျောက်အရိုင်းမျိုးစုံကို ဟိုစပ်စပ်၊ သည်စပ်စပ်နှင့် အမှတ်တရဝယ်သွားလေ့ရှိသည်။ သူတို့ ဝယ်သွားသည့်ဈေးမှာ မိုးကုတ်ကျောက်ဈေးကွက်တွင် ရောင်းဝယ်နေသည့် ပေါက်ဈေးထက် ပိုများပါသည်။ ထိုဈေးများကို စံထားပြီး နောင်တွင်လည်း မြို့ခံကျောက်ကုန်သည်များကို ဈေးတင်၍ ရောင်းတော့ရာ ကျောက်အရိုင်းအဆန်းများ၊ ခရစ္စတယ်ကျောက်များ၏ ဈေးနှုန်းမှာ ထာပွဲထဲရောက်လျှင် ဈေးမြောက်သွားပါသည်။ ပင်ရင်းတွင် တိုက်ရိုက် လက်ဦး ဝယ်ရမှ ဈေးသက်သာပါသည်။

## အနောက်ပိုင်းထာပွဲ

လယ်ဦးထာပွဲ ကွဲချိန် ၁၀နာရီ၊ ၁၀နာရီခွဲလောက်မှသာ ပိတ်စွယ်ပန်းခြံထာပွဲသို့လည်းကောင်း၊ အချို့ကလည်း အနောက်ပိုင်းထာပွဲသို့လည်းကောင်း ဆက်သွားကြသည်။ စာရေးသူမှာ မနေ့က ပန်းခြံထာပွဲသို့ ရောက်ပြီးသားမို့ သည်နေ့တော့ အနောက်ပိုင်းထာပွဲသို့ သွားမည်ဟု စိတ်ကူးလိုက်ပါသည်။ အနောက်ပိုင်းထာပွဲသို့ သွားမည့်အချိန်ရောက်တော့ မိုးဖွဲဖွဲရွာနေရာ…

'မိုးရွာနေတယ်၊ ဆိုင်ကယ်နဲ့သွားလို့ဖြစ်ပါ့မလား။ လိုင်းကားနဲ့သွားမှ ထင်တယ်'

'လိုင်းကားနဲ့သွားလို့ကတော့ နောက်ကျသွားလိမ့်မယ်။ လိုင်းကားတွေက ပါးစပ်ကသာ ခုထွက်မယ်၊ ထွက်တော့မယ်သာအော်နေတာ။ လူမပြည့်ရင် မြို့ထဲပြန်ပတ်နေတာနဲ့ကို ကားပေါ်မှာပဲ အချိန်ကုန်သွားလိမ့်မယ်။ မိုးလည်း တအားသည်းတာမှ မဟုတ်တာ။ ဆိုင်ကယ်နဲ့ပဲ သွားကြတာပေါ့ဗျာ'

စာရေးသူ၏ မိတ်ဆွေမှာ လိုင်းကားစီးရမှာ တော်တော်ကြောက်နေပုံရသည်။ မိုးကုတ်အရှေ့ပိုင်းနှင့် အနောက်ပိုင်းမှာ တကယ်တမ်းမောင်းလျှင် အလွန်ဆုံး နာရီဝက်ခရီးပဲ ရှိပါသည်။ သို့သော် မြို့ထဲလူပတ်ရှာသည်နှင့်၊

www.foreverspace.com.mm

ဟိုနားရပ်စောင့် သည်နားရပ်စောင့် လုပ်နေသည်နှင့်ပင် တစ်ခါတစ်ရံ တစ်နာရီခွဲ၊ နှစ်နာရီလောက် ကြာသွားတတ်ပါသည်။ ထို့ကြောင့် ကိစ္စအရေးကြီးလျှင်၊ အချိန်အတိအကျနှင့် လုပ်ရမည့်အလုပ်မျိုးရှိနေလျှင် လိုင်းကားစီးခြင်းကို ရှောင်ကြပါသည်။ တော်ပါသေးသည်။ မိုးလည်း ပါးသွားသဖြင့် စာရေးသူနှင့် မိတ်ဆွေတို့မှာ ဆိုင်ကယ်ကိုယ်စီနှင့် အနောက်ပိုင်းသို့ တက်ခဲ့ကြပါသည်။ အနောက်ပိုင်းထာပွဲမှာ ကျောက်ဆောင်ရွာနှင့် အောင်သစ်လွင်ရပ်ကွက်သို့ သွားနိုင်သောလမ်းမကြီးပေါ်တွင်ဖြစ်ပြီး နံနက် ၁၀နာရီလောက်တွင် စစည်ပါသည်။ ထာပွဲအနီးတွင်ရှိသော ညောင်ပင်ကြီးကို အစွဲပြု၍ ညောင်ပင်ကြီးထာပွဲဟုလည်း ခေါ်ကြသည်။ ညောင်ပင်ကြီးထာပွဲတွင်လည်း မိုးကုတ်အရှေ့ပိုင်းမှ တက်လာသော ကုန်သည်များ၊ ပွဲစားများကို တွေ့ရသည်။ မိုးကုတ်အရှေ့ပိုင်းနှင့် အနောက်ပိုင်းသို့ နေ့စဉ်ကူးချီသန်းချီလုပ်နေသော ကျောက်ကုန်သည် များစွာ ရှိသည်။ အများစုမှာ လိုင်းကားကို အားထားပြီး သွားလာနေကြသူများဖြစ်သည်။

'အရှေ့ပိုင်းနှင့် အနောက်ပိုင်းကားခက အသွားအပြန်ဆို ၃၀၀/- ကျတယ်။ ထာပွဲထဲမှာ ခေါက်ဆွဲစား၊ လက်ဖက်ရည်သောက်တာကလည်း ၃၀၀/-လောက်ကုန်တာဆိုတော့ အရှေ့ပိုင်းနဲ့ အနောက်ပိုင်း လှည့်လည်သွားလာနေသူတွေရဲ့ ပုံမှန်ကုန်ကျစရိတ်ဟာ တစ်နေ့ကို ၆၀၀/-နှုန်းလောက်ရှိတယ်'

'ဒါဆို နေ့တိုင်း ကျောက်ဝယ်ရမှ၊ ပွဲစားဆိုလည်း ကျောက်တည့်နေမှ ကာမိမှာပေါ့'

'သည်လိုပဲ လုပ်ကိုင်စားသောက်နေကြရတာပဲ။ ထာပွဲတစ်ခုအတွင်းမှာပဲ ကျင်လည်နေရင် ကုန်သည်လည်း ကုန်သည်မို့ ကျောက်အတွေ့ရ နည်းမယ်၊ အဝယ်ရ နည်းမယ်၊ သည်လိုပဲ ပွဲစားဆိုရင်လည်း သည်လူနဲ့ သည်ကျောက်တွေပဲ သံသရာလည်နေတာမို့ ပြကွက်ကျဉ်းသွားတယ်။ သည်တော့

www.foreverspace.com.mm

ထာပွဲတွေအနှံ့ လှည့်လည်သွားလာနိုင်မှသာ ကျောက်ဝယ်ရဖို့၊ ကျောက်ရောင်းရဖို့ အခွင့်အရေး ပိုများတယ်။ ဘာပဲလုပ်လုပ်၊ အစပိုင်းမှာတော့ အရှုံးခံပြီး ရင်းနှီးမြှုပ်နှံရတာပေါ့ဗျာ။ ရေရှည်မှာ သူ့ဟာနဲ့သူ လည်ပတ်သွားတော့လည်း တွက်ခြေကိုက်သွားတာပါပဲ'

အနောက်ပိုင်းထာပွဲမှာ နေ့စဉ် သုံးနေရာပြောင်း၍ စည်ပါသည်။ နေ့လည်ပိုင်းတွင် ဗဟိုရုပ်ရှင်ရုံရှေ့ လမ်းမကြီးပေါ်တွင် ထာပွဲဖြစ်သည်။ ညနေပိုင်းတွင် ရွက်ချရွာတစ်လျှောက် လမ်းမကြီးတွင် ထာပွဲပြန်ဖြစ်ပြီး လူလည်း အတော်စည်ပါသည်။ ရွက်ချထာပွဲမှာ တစ်နေရာတည်းတွင် အားလုံးစု၍ ဖြစ်ခြင်းမျိုးမဟုတ်ဘဲ ရွာလယ်လမ်းမကြီးတစ်လျှောက် လမ်းဘေး တစ်ဖက်တစ်ချက်စီတွင် ကျောက်ကုန်သည်များ ဟိုတစ်စု၊ သည်တစ်စု စု၍ ရောင်းဝယ်နေခြင်းမျိုးဖြစ်သည်။ ကျောက်ပြသူကလည်း တွင်းတောလုပ်ကွက်များမှစ၍ လမ်းမကြီးတစ်လျှောက် ရောင်းသွားသည်။ ဝယ်သူကလည်း တွင်းသားများ၊ ဝယ်ရောင်းသမားများ၊ ပွဲစားများ လာပြသမျှကို စောင့်၍ ဝယ်ပါသည်။

စာရေးသူတို့လည်း လမ်းမကြီးတစ်လျှောက် ကျောက်အရောင်းအဝယ်လုပ်နေသည်များကို အစအဆုံး လိုက်ကြည့်မိသည်။ ပြီးတော့မှ အသိလက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်ပြီး အများနည်းတူ ကျောက်စောင့်ဝယ်လိုက်ပါသည်။ စာရေးသူကပင် မျက်စိမှား၍လား၊ စိတ်ကပဲ ထင်လို့လားမသိ၊ လာပြသမျှ ကျောက်အတော်များများသည် ကျောက်အစစ် မဖြစ်နိုင်ဟု သံသယရှိနေသဖြင့်. . .

'ကိုကျော်စိုး၊ ကျွန်တော် စိတ်ကပဲထင်လို့လား မသိဘူး၊ အနီအစင်နဲ့ နီလာအစင် အများစုဟာ ကျောက်အစစ် မဖြစ်နိုင်ဘူး။ အတုတွေ ဖြစ်မယ်ထင်တယ်'

စာရေးသူက လက်ဖက်ရည်ဆိုင် ပိုင်ရှင်လည်းဖြစ်၊ ရွာခံကျောက်ကုန်

www.foreverspace.com.mm



ရွက်ချထာပွဲထဲမှာ ရောင်းဝယ် ဖွေရှာ၊ လူးလာ စုန်ဆန်

သည် တစ်ပိုင်းလည်းဖြစ်သော ကိုကျော်စိုးကို ဖွင့်ပြောလိုက်မိသည်။ ထိုအခါ ကိုကျော်စိုးက သဘောကျစွာ တဟားဟားဖြင့် အသံထွက်အောင် ရယ်လိုက်ရင်း...

'ဟုတ်တာပေါ့ စာရေးဆရာ၊ ခင်ဗျားကို ပြသွားတဲ့အစင်ကျောက်တွေ အတော်များများဟာ အတုတွေပဲ'

'ဒါနဲ့များဗျာ၊ ခင်ဗျားက ဘာမှဝင်မပြောဘူး။ လက်လေး ဘာလေး တို့လိုက်ရောပေါ့'

'ခင်ဗျား မျက်စိ ဘယ်လောက် ကောင်းသေးသလဲဆိုတာ သိချင်လို့ တမင်ဘာမှမပြောဘဲ ဘေးကထိုင်ကြည့်နေတာ။ ကျောက်အတုကို ဈေးဆစ်မိပြီး တည့်သွားရင်တော့ မဖြစ်သင့်တာ မဖြစ်ရအောင် ဝင်ပြောမှာပါ။ သည်ရွက်ချထာပွဲက ခင်ဗျားတို့ဆီက ထာပွဲလို တစ်နေရာတည်းမှာ စုပြီးဖြစ်တာ မဟုတ်ဘူး။ တစ်လမ်းလုံး ဟိုနေရာနည်းနည်း၊ သည်နေရာနည်းနည်း စုနေပြီး လမ်းတစ်လျှောက် လာသမျှလူတွေဆီကကျောက်ကို စောင့်ဝယ်တာဆိုတော့ ကျောက်အတုသမားတွေ ခွင်ဖန်လို့ အကောင်းဆုံးအနေအထား

www.foreverspace.com.mm

ဖြစ်နေတာပေါ့'

ရွက်ချထာပွဲမှာ ကျောက်တွင်းတူးလုပ်ငန်းများ၊ ခန္ဓဲဆေးလုပ်ငန်းများနှင့် တစ်ဆက်တည်းဖြစ်နေရာ တွင်းသမားများ၊ ခန္ဓဲဆေးများ၊ ကျောက် အရောင်းအဝယ်သမားများနှင့် အမြဲတမ်းစည်ကားနေပြီး ကျောက်မျိုးစုံကို အပွင့်ရေ အတော်များများ တွေ့ရသည်။ အတွေ့အကြုံရင့်ကျက်သူ၊ ကျောက် မျက် ပညာ ကျွမ်းကျင်သူ ကုန်သည်များ၊ နေ့စဉ်ပုံမှန် ကျောက်စောင့်ဝယ်နိုင် သူများအတွက်ကတော့ ရွက်ချထာပွဲသည် ကျောက်ဝယ်၍ကောင်းသော နေရာတစ်ခုဖြစ်သည်။

## ဘားနတ်ဈေးထာပွဲ

'စာရေးဆရာ လာမယ့်စနေနေ့ ဘားနတ်ဈေးနေ့ကျတယ်။ ဆောင်းလည်း ပေါက်ပြီဆိုတော့ လမ်းလျှောက်လို့လည်း ကောင်းတယ်။ ဘားနတ်ဈေး ထာပွဲသွားရအောင်လား'

ဒါမျိုးဆို စာရေးသူတို့က နှစ်ခါခေါ်စရာမလိုပါ။ ချက်ချင်းသဘောတူ ခေါင်းညိတ်လိုက်ပါသည်။ မိုးကုတ်မြို့ပေါ်မှအထွက် အုန်းကိုင်းရွာ ကျော် သည်နှင့် မှိုင်း(မြူခိုး)များ ဝေလျက်ရှိရာ တစ်ယောက်နှင့်တစ်ယောက် နည်းနည်းလောက် အလှမ်းကွာသွားသည်နှင့် ဘာမှမမြင်တော့ပေ။ 'လေ ပေါက်' ဟုခေါ်သော တောင်ထိပ်သို့ရောက်သည်ထိ အတက်ခရီးသာ ဖြစ်ပြီး ဘားနတ်ဈေးရောက်သည်ထိ တစ်နာရီခန့် ထပ်သွားရပါသေးသည်။ လေ ပေါက် ကျော်သည်နှင့် စတင်ရောက်ရှိသည့်ရွာမှာ အင်းချောက်ရွာဖြစ်သည်။

'ပြီးခဲ့တဲ့တစ်ပတ်က မြို့ပေါ်က ကျောက်ကုန်သည်တစ်ယောက် သည် ရွာက နီလာဂေါ်ကြိုး အရိုင်းတစ်ပွင့်ဝယ်ပြီး သွေးလိုက်တာ၊ ကြိုးကလည်း ကောင်း၊ အရည်ကလည်း လှတာမို့ ဂဏန်းနှစ်လုံးတောင် တိုးသွားတယ်'

စာရေးသူ၏ မိတ်ဆွေက အင်းချောက်ရွာကို ဖြတ်လာရင်း ပြောပြခြင်း

www.foreverspace.com.mm

ဖြစ်သည်။ ဂဏန်းနှစ်လုံးတိုးသွားသည်ဆိုသည်မှာ အောင်ကျောက်ဖြစ်သွား၍ သောင်းပိုင်း ဝယ်ရာမှနေပြီး သိန်းဆယ်ပိုင်းထိ ပြန်ရောင်းရသည်ကို ဆိုလိုခြင်းဖြစ်သည်။ မိုးကုတ်ကျောက်လောကတွင် ကျောက်တစ်ပွင့်ထွက်ရှိရာ ကွက်ရပ်သည်လည်း အရေးကြီးပါသည်။ ကွက်ရပ်များအလိုက် ထွက်ရှိသည့် ကျောက်များတွင် ထူးခြားသောသင်္ကေတများ၊ ပြောင်းလဲဖြစ်စဉ်များ ရှိ၍ဖြစ်သည်။ တွင်းမှထွက်ခါစ အရိုင်းအနေအထားတွင် ကျောက်များ၏ သဘာဝအနေအထားမှာ အတူတူဖြစ်သော်လည်း ပြုပြင်သွေးယူလိုက်လျှင်မူ ကွက်ရပ်ပေါ်မူတည်၍ ကျောက်အရည်တက်လာသည်များ၊ ကျောက်အရည်လျော့သွားသည်များ၊ ဂေါ်အားကောင်းပြီး ကြိုးဖြစ်လာသည်များ၊ ဂေါ်အားနည်းပြီး ပွင့်လာသည်များ အမျိုးမျိုး ကြုံတွေ့ရတတ်ပါသည်။ ထိုသဘောသဘာဝကြောင့်ပင် ဂေါ်ကြိုးသမားများအနေဖြင့် ဂေါ်ပါလျှင် ကြိုး သေချာပေါက်ဖြစ်သော အင်းချောက်ကွက်ရပ်ထွက် ဂေါ်ကြိုးကျောက်များကို ဦးစားပေး ဝယ်လေ့ရှိခြင်းဖြစ်သည်။

'သည်အင်းချောက်ကွက်ရပ်လိုပဲ ဓာတ်တော်ကွက်ရပ်မှာထွက်တဲ့ကျောက်၊ ကတုတ်တပ် ကွက်ရပ်များထွက်တဲ့ကျောက် အများစုဆိုလည်း ဂေါ်ပါရင် ကြိုးဖြစ်တာ များတယ်'

စာရေးသူ၏မိတ်ဆွေက ကြိုးသမား(ဂေါ်ကြိုးအစပ်သမား)မို့ သူ့အတွေ့အကြုံများကို လမ်းလျှောက်ရင်း ရှင်းပြသွားသည်။ အစင်သမား(တာပလာကျောက်အစပ်သမား)များကမူ ဂေါ်တက်သော ကွက်ရပ်မှကျောက်ဆိုလျှင် ဂေါ်ပါသည်နှင့် သိပ်မဝယ်လိုကြပေ။ အဘယ်ကြောင့်ဆိုသော် တာပလာကျောက်သား(အစင်ကျောက်သား)မှာ ဂေါ်များလျှင်များသည့်အလျောက် ဈေးကျသွားလေ့ရှိသောကြောင့်ဖြစ်သည်။

အင်းချောက်ရွာ၊ ပန်လင်ရွာ၊ လယ်ဦးရွာများကို ဖြတ်ကျော်ပြီးသည်နှင့် ဘားနတ်ဈေး ထာပွဲကို ရောက်ပါသည်။ ဘားနတ်ဈေး ထာပွဲမှာ ငါးရက်

www.foreverspace.com.mm

လျှင် တစ်ကြိမ်ဖြစ်ပြီး အနီးအနားရွာများမှ ဈေးသည်များ၊ တွင်းသမားများ၊ ကျောက်ကုန်သည်များ စုပြီး ဈေးနှင့်ထာပွဲ တွဲ၍ ဖြစ်ပါသည်။ ဈေးနှင့်ထာပွဲ အနီး ကွက်လပ်ကြီးတွင် မြို့ပေါ်မှ တက်လာသည့် ကျောက်ကုန်သည်များ၏ ဆိုင်ကယ်များ၊ ကားများကို တွေ့ရသည်။ ထိုအနီးတွင်လည်း လွတ်နေသည့် နေရာမှန်သမျှ မြင်းများ၊ လားများ၊ နွားများကို သူ့အစုနှင့်သူ ချည်ထားသည် ကိုတွေ့ရသည်။ ဖက်စပ်လုပ်ငန်းများမှဟု ယူဆရသော ဖိုးဝီးကား(လေးဘီး ယက်ကား)ကြီး တစ်စီးကိုလည်း ထိုကြားထဲတွင် တွေ့ရသေးရာ···

'စာရေးဆရာ၊ သည်မြင်ကွင်းမျိုးက တွေ့ရခဲတယ်။ ဓာတ်ပုံရိုက်ချင် ရိုက်ထားနော်'



ဘားနတ်ဈေးထာပွဲ

စာရေးသူ၏ မိတ်ဆွေက လက်တို့သတိပေးလိုက်ပါသည်။ ကွက်လပ် လေး တစ်ခုမှာ ကားတွေ၊ ဆိုင်ကယ်တွေ၊ မြင်းတွေ၊ နွားတွေ၊ လားတွေ ရောပြီး ပြည့်သိပ်နေသည့် မြင်ကွင်းမှာ တခြားနေရာတွင် တွေ့ရဖို့မလွယ် ပါ။ ဘားနတ်ဈေး ထာပွဲတွင်မှသာ တွေ့နိုင်သော သဘာဝမြင်ကွင်းတစ်ခု ဖြစ်သည်။

ကားလမ်း(ရှိခဲ့)မပေါက်သော ရွာများမှ ဈေးသည်များမှာ မိမိတို့ရောင်းလို သည့် ကုန်များကို မြင်းများ၊ နွားများ၊ လားများဖြင့် တင်၍ ဘားနတ်ဈေးသို့

www.foreverspace.com.mm

လာရောင်းကြသည်။ တစ်နိုင်စာ သယ်ပိုးလာသူများကမူ ပလိုင်း(ခေါ်)ခြင်း တစ်မျိုးတွင် ပစ္စည်းများထည့်၍ သယ်လာကြပါသည်။ ထိုဈေးသည်များမှာ ကုန်များနှင့်အတူ ရောင်းစရာကျောက်များလည်း ပါလာကြသည်။ ထို့အတူပင် အနီးအနားတစ်ဝိုက်မှ တွင်းသမားများကလည်း ဘားနတ်ဈေးနေ့တွင် စုထားသမျှ ကျောက်များကို လာရောင်းကြသည်။ ရောင်းရငွေဖြင့် တစ်ပတ်စာ စားနပ်ရိက္ခာများ ဝယ်ပြန်ကြသည်။ သူတို့ထံမှ ကျောက်များကို အနီးအနားရွာများမှ ကျောက်ကုန်သည်များ၊ မြို့ပေါ်မှ ကျောက်ကုန်သည်များ လာဝယ်ကြရာမှနေ၍ ရောင်းသူနှင့် ဝယ်သူများ ဆုံမိကြပြီး ထာပွဲတစ်ခု ပေါ်လာခြင်းဖြစ်သည်။

'အစ်ကို၊ ပြောင်ခေါင်းစိမ်းကျောက် ဝယ်မလား။ ဝယ်မယ်ဆိုရင် အထုပ်လိုက်ရှိတယ်။ ရှေ့ဆိုင်မှာ အေးအေးဆေးဆေး ထိုင်ကြည့်ပြီး ဝယ်လို့ရတယ်။ အဲဒါ ကျွန်တော့်ဆိုင်ပဲ'

လီဆူလူမျိုး ကောင်လေးတစ်ယောက်က လာပြောသဖြင့် သူနှင့်အတူ ဆိုင်ထဲလိုက်သွားမိသည်။ သူပြသော အထုပ်ကိုကြည့်ပြီး ရွေးလိုက်တော့ သွေးပြီးလျှင် နှစ်ကလပ်ဝန်းကျင်ခန့်တင်မည့် ပြောင်ခေါင်းစိမ်းအပွင့် ၅၀ လောက် ထွက်လာသည်။

'ညီလေး၊ သည်အပွင့်တွေကို ခွဲရောင်းမလား'

'ကိုက်ရင် ရောင်းမယ်လေ၊ အစ်ကို ဘယ်ဈေးပေးမလဲ'

တစ်ပွင့်ကို ပျမ်းမျှ နှစ်ကလပ်တင်မည်ဆိုလျှင် အပွင့် ၅၀ကျော်ရှိတော့ အနည်းဆုံး ကလပ် ၁၀၀ကျန်မည်။ တစ်ကလပ်ကို ၅၀ဝိဈေး ပျမ်းမျှထား ဝယ်လျှင် ကလပ် ၁၀၀ဆိုတော့ ငါးသောင်းလောက်ဝယ်ရရင် မဆိုးဘူးဟု စိတ်တွက် တွက်လိုက်ပြီး...

'ငါးသောင်းရမလား ညီလေး'

'တစ်သိန်းအောက် မဖြစ်ဘူး အစ်ကိုကြီး၊ အစ်ကိုမီရင် တစ်သိန်းဆို

www.foreverspace.com.mm



ကျွန်တော် ရောင်းပေးမယ်'

တစ်သိန်းဆိုလျှင် တစ်ကလပ်ကို ၁၀၀ဝိဈေး ပျမ်းမျှကျနေပြီဖြစ်သည်။ အရောင်မှာ အစိမ်းရင့်ရင့်ဆိုလျှင် သူပြောသောဈေးမှာ မဆိုးပါ။ ကောက်ယူလိုက်ရုံပဲဖြစ်သည်။ ယခု စာရေးသူဈေးဆစ်နေသည့် ပြောင်ခေါင်စိမ်းကျောက်များမှာ အဝါနွယ်သော အစိမ်းဖျော့ဖျော့များ ဖြစ်နေသဖြင့်...

'ညီလေး၊ မင်းကျောက်က ကွက်သစ်ကျောက်တွေ ဖြစ်နေတယ်။ အစ်ကို ပြန်ရောင်းလို့ရမှ တစ်ကလပ် ၁၀၀ဝိဈေးပေါ့။ ကျောက်သွေးခ တစ်ကလပ် ၁၀ဝိနှုန်း နှုတ်လိုက်ရင် အများဆုံးရမှ ၉၀ဝိဈေးပေါ့။ ဒါတောင် ပွဲခပေးရမှာ မပါသေးဘူးနော်။ သည်တော့ အစ်ကိုလည်း အမြတ်နည်းနည်း ကျန်အောင်၊ ညီလေးလည်း ဈေးကိုက်အောင် ခုနစ်သောင်းပဲ ထားပေးလိုက်တော့၊ နောက်လည်း ညီလေးဆီက အစ်ကို အမြဲတမ်းဝယ်ပေးမယ်။ မိတ်ဖြစ်ဆွေဖြစ်ပေါ့ကွာ'

မိုးကုတ် ကျောက်လောကတွင် ပြောင်ခေါင်းစိမ်းကျောက်များကို ဒေသအခေါ် ကွက်ဟောင်းကျောက်နှင့် ကွက်သစ်ကျောက်ဆိုပြီး ခွဲခြား၍ခေါ်ကြသည်။


ကွက်ဟောင်းကျောက်ဆိုသည်မှာ အစိမ်းရောင်ရင့်ရင့်ဖြစ်ပြီး အများစုမှာ အခိုးများ၊ အဆီတန်းများ လွတ်ကင်းသော အစင်ကျောက်များ ဖြစ်၍ ဈေးကောင်းရပါသည်။ ကွက်သစ်ကျောက်ဆိုသည်မှာမူ အစိမ်းဖျော့ရောင်ဖြစ်ပြီး အဝါရည်များ ရောနေလေ့ရှိသည်။ အဆီ၊ အခိုးများ ပါတတ်၍ ပွင့်အားနည်းသည်။ ထို့ကြောင့် ကျောက်ဈေးနိမ့်ပြီး အများစုမှာ အညံ့ရောင်စုံကျောက်ထုပ်များတွင် ထည့်ရောင်းလေ့ရှိသည်။ အဆီလွတ်၊ အခိုးလွတ် ကျောက်များမှသာ သီးခြားရောင်းရလေ့ရှိပြီး ပျမ်းမျှတစ်ကလပ်တင်အရွယ် အစပ်ကျောက်ထုပ်ဆိုလျှင် ၅၀ဝိနှုန်း၊ နှစ်ကလပ်တင်အရွယ် အစပ်ကျောက်ထုပ်ဆိုလျှင် ၁၀၀ဝိနှုန်းဝန်းကျင် ဈေးရှိပါသည်။ ယခု စာရေးသူဆစ်နေ

www.foreverspace.com.mm

သည့် ကျောက်ထုပ်မှာ ကွက်သစ်ကျောက်မျိုးဖြစ်ပြီး နောက်ဆုံး ခုနစ်သောင်းနှင့်ပင် စျေးတည့်ပါသည်။

'စာရေးဆရာ၊ ခင်ဗျားနဲ့ ကျွန်တော်က ကံစပ်တယ်နော်။ သည်ပြောင်ခေါင်းစိမ်းကျောက်ထုပ်က အခိုးလည်း လွတ်တယ်။ အဆီလည်း မရှိဘူး။ သွေးပြီးရင် သေချာပေါက် ကလပ် ၁၀၀ကျော်တော့ ကျန်မှာမို့ နှစ်သောင်း၊ သုံးသောင်းတော့ မြတ်မှာသေချာတယ်'

ပြောင်ခေါင်းစိမ်းကျောက်များမှာ ယခုနှစ်ထဲတွင် အလွန်ပင် အဝယ်လိုက်နေပါသည်။ ဝယ်ရပြီးလျှင် လက်ထဲကြာကြာ အောင်းမနေပါ။ အစိမ်းရင့်လျှင်လည်း ရင့်သည့်စျေး၊ ဖျော့လျှင်လည်း ဖျော့သည့်စျေးနှင့် ချက်ချင်းပြန်ရောင်း၍ရပါသည်။ ပြီးခဲ့သည့် နှစ်နှစ်ကျော်၊ သုံးနှစ်လောက်ကမူ မိုးကုတ် ပြောင်ခေါင်းစိမ်းကျောက်များ စျေးကွက်ပျက်ပြီး စျေးထိုးကျသွားဖူးပါသည်။ ထိုစဉ်က တရုတ်ပြည်က ထွက်သည်ဆိုသော ပြောင်ခေါင်းစိမ်းကျောက်များ(ကျောက်ကုန်သည်လောကအခေါ် တရုတ်စိမ်းများ)မိုးကုတ်



စည်စည်ကားကား၊ ဘားနတ်စျေးထာပွဲ လာသူများ

ကျောက်ဈေးကွက်ထဲ အလုံးအရင်းနှင့် ဝင်လာရာ မိုးကုတ်ဒေသထွက် ပြောင်ခေါင်းစိမ်းကျောက်များ ဈေးကျသွားပါသည်။ တရုတ်စိမ်းနှင့်မိုးကုတ်စိမ်း၏ ကျောက်ဈေးမှာ လေး၊ ငါးဆခန့်ကွာရာ ဈေးသက်သာသော တရုတ်စိမ်းများကိုသာ ဝယ်ကြသည်။ နောက်ပိုင်းတွင်မှ ကျောက်အရည်အသွေးနှင့် ပစ္စည်းအဆင့်အတန်း ကွာခြားမှုကို နားလည်သဘောပေါက်လာကြပြီး ပြောင်ခေါင်းစိမ်းဆိုလျှင် မိုးကုတ်ဒေသထွက်ကိုမှ လက်ခံပြီး ဈေးပေး၍ ပြန်ဝယ်လာကြသည်။ ထိုသို့ ပြန်လည်အဝယ်လိုက်လာချိန်တွင် မိုးကုတ် ပြောင်ခေါင်းစိမ်းကျောက်များ ထွက်နှုန်းနည်းလာရာ ကျောက်ရှားသွားပြီး ဈေးလည်း ယခင်ကထက် ပို၍ မြင့်လာပါသည်။

ဘားနတ်ဈေးထာပွဲတွင် အနီ(ပတ္တမြား)ကျောက်များကို သိပ်မတွေ့ရပါ။ နီလာ(အပြာ)နှင့် ပြောင်ခေါင်းစိမ်းကျောက်များ၊ အညှို့မျိုးနွယ်ဝင်ရောင်စုံကျောက်များသာ အများဆုံးတွေ့ရသည်။ ဘားနတ်ဈေးထာပွဲသို့ အနီးတစ်ဝိုက် ရွာများဖြစ်သော ကျောက်ဆင်၊ ပြောင်ခေါင်း၊ လယ်ဦး၊ တန်ဆင်၊ လေသာ၊ ထင်းရှူးတောင်၊ ကျောက်ဝါ၊ ချောင်းကြီးစသောရွာများမှ ကျောက် ကုန်သည်များ အစုံလာကြသည်။ ဘားနတ်ဈေးထာပွဲနေရာမှာ ထိုရွာများအားလုံး၏ အလယ်ဗဟိုလောက်တွင်ရှိပြီး ဘယ်ရွာမှလာလာ တစ်နာရီ ဝန်းကျင် ခရီးသာရှိသည်။ ထို့ကြောင့်လည်း မိုးကုတ်မြို့နယ်တွင် တောပိုင်း ရွာများစွာရှိသည့်အနက် ဘားနတ်ရွာ(ယခု ရွာသာယာရွာ)တွင်မှ လာစုပြီး ထာပွဲစည်ခြင်း ဖြစ်သည်။

'အရင်က ချောင်းကြီးကျေးရွာမှာလည်း အခုလို ဘားနတ်ဈေးထာပွဲလိုပဲ၊ ရက်တစ်ရက်သတ်မှတ်ပြီး ဈေးနဲ့ထာပွဲ လုပ်ကြည့်ကြသေးတယ်။ လမ်းဆုံအချက်အချာမကျတော့ ခဏပဲဖြစ်လိုက်ပြီး နောက်ပိုင်းမှာ ပြန်ပျက်သွားတယ်'

စာရေးသူ၏မိတ်ဆွေက ပြောပြခြင်းဖြစ်သည်။ ဘားနတ်ဈေးထာပွဲတွင်



www.foreverspace.com.mm

www.foreverspace.com.mm

တွေ့ရသည့် ကျောက်ကုန်သည်အများစုမှာ လီဆူးလူမျိုးများဖြစ်သည်။ လီဆူးလူမျိုး ကျောက်ကုန်သည်အများစုမှာ နီလာကျောက်များကို အဓိက ထား၍ ရောင်းဝယ်ကြရာ ဘားနတ်ဈေးထာပွဲ ကွဲသည်နှင့် နီလာကျောက် တွင်း အများစုရှိသော လေသာတောင်၊ ထင်းရှူးတောင်ဘက်သို့ ဆက်တက် ၍ ကျောက်ဝယ်ကြသည်။ ဘားနတ်ဈေးမှဆိုလျှင် နီလာတွင်းများသို့ တစ်နာရီခန့်သာ ဆက်သွားရပါတော့သည်။

'စာရေးဆရာ နီလာကျောက်ထုပ်ဝယ်ချင်ရင် ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ လား။ တွင်းတောမှာ တိုက်ရိုက်သွားဝယ်ချင်ရင်လည်းရတယ်။ ရွာထဲက အိမ်တွေမှာ လိုက်ဝယ်ချင်ရင်ရတယ်။ တစ်ရွာလုံး ကျွန်တော့်အမျိုးတွေပဲ နေ့လည်ပိုင်း ရွာထဲမှာ ထမင်းစားပြီးမှ အေးအေးဆေးဆေး မြို့ထဲပြန်ဆင်း ကြတာပေါ့။ ညနေ နေမစောင်းခင် အိမ်ပြန်ရောက်မှာပဲ'

လီဆူးလူမျိုး ကျောက်ကုန်သည် ကိုအလေးဖာက သူတို့အဖွဲ့နဲ့အတူ လေသာတောင်၊ ထင်းရှူးတောင်ဘက်သို့ ကျောက်လိုက်ဝယ်ရန် အဖော်ညှိ လာပါသည်။ လေသာတောင်ရွာနှင့် ထင်းရှူးတောင်ရွာ နှစ်ရွာလုံးမှာ လီဆူး လူမျိုးများသာ စု၍ နေထိုင်သော ရွာများဖြစ်သည်။ ထို့ကြောင့် လူခံကျောက် ကုန်သည်နှင့် လိုက်သွားရလျှင် သေချာပေါက် ကျောက်ဝယ်၍ရမှန်းသိသော် လည်း ဘားနတ်ဈေးထာပွဲမှ အပြန်တွင် ကတုတ်တပ်ဘက်သို့ လှည့်ဝင်ချင် သေးသဖြင့် ငြင်းလိုက်ရသည်။

'နောက်အခေါက်တွေမှပဲ လိုက်တော့မယ် ကိုအလေးဖာရေ။ ကျွန်တော် သည်ကပြန်ရင် ကတုတ်တပ်ဘက် လှည့်ဝင်ချင်သေးလို့ပါ'

အနောက်ပိုင်း ကြပ်ပြင်ဘက်မှ ကျောက်ကုန်သည်အုပ်စုများမှာမူ ကျောက်ဆင်လမ်းဘက် လှည့်ဝင်၍ ကျောက်ဝယ်ပြီးမှ ပြန်ကြသည်။ မိုးကုတ်အရှေ့ပိုင်းမှ ကုန်သည်အချို့ကမူ လေသာတောင်၊ ထင်းရှူးတောင် ဘက်တက်ပြီး ချောင်းကြီးလမ်းမှ ဖြတ်၍ပြန်ကြသည်။ မြို့ထဲ တိုက်ရိုက်ပြန်

www.foreverspace.com.mm

မည့်သူများအတွက်မူ လိုင်းကားများ ရှိပါသည်။ ဘားနတ်ဈေးနေ့တွင် ထာပွဲနှင့်မြို့ထဲ တိုက်ရိုက်ပြေးဆွဲပေးသည့် ကားများရှိပါသည်။ ဂျစ်ကားများဖြစ်ပြီး အတက်ခရီးစဉ်အတွက် တစ်ယောက်တစ်ထောင်နှုန်းနှင့် အဆင်းခရီးအတွက် ခုနစ်ရာနှုန်းယူရာ ကားစီးလျှင် ထောင့်ခုနစ်ရာနှုန်း ကျပါသည်။ ဘားနတ်ဈေးတွင် ခေါက်ဆွဲစား၊ မုန့်စားသည်နှင့်ဆိုလျှင် အနည်းဆုံးတော့ လူတစ်ယောက်လျှင် နှစ်ထောင်နှုန်းတော့ ကုန်ပါသည်။ ထို့ကြောင့် ကျောက်ဝယ်ရသည်၊ မဝယ်ရသည်အသာထား။ လူနှစ်ယောက် ကားဖြင့်သွားမည်ဆိုလျှင် ကုန်ကျစရိတ်လေးထောင် တန်းနေပြီဖြစ်သည်။ စာရေးသူတို့မှာ ကားခလည်း သက်သာ၊ လမ်းတစ်လျှောက်လည်း ဝင်ချင်သည့်နေရာဝင်ပြီး လွတ်လွတ်လပ်လပ် ကျောက်ဝယ်ရအောင်ဆိုပြီး အပြန်ခရီးတွင်လည်း လမ်းလျှောက်ပြန်ရန် ဆုံးဖြတ်ထားပါသည်။

'စာရေးဆရာ၊ လမ်းလျှောက်လို့ကောင်းအောင် လီရှောတစ်ခွက်စီလောက် ဝင်မော့သွားရအောင်လား'

'ကောင်းသားပဲ၊ လူရှင်းတဲ့ဆိုင် ဝင်ထိုင်ကြတာပေါ့'

စားသောက်ဆိုင်တစ်ဆိုင်သို့ နှစ်ဦးသားစိတ်တူကိုယ်တူဝင်ခဲ့ကြသည်။ ဘားနတ်ဈေးထာပွဲ ကွဲပြီးမို့ ဆိုင်ထဲတွင် လူရှင်းနေပြီဖြစ်သည်။ ဘားနတ်ဈေးရှိ ဆိုင်တိုင်းလိုလိုတွင် ဒေသအခေါ် လီရှောအရက်ဆိုသည့် ယမကာတစ်မျိုးကို တင်ရောင်းကြသည်။ ပြောင်းဖူးဆန်စစ်စစ်ဖြင့် ချက်ထားခြင်းဖြစ်၍ ဆေးဖက်ဝင်သောကြောင့် ဈေးအပြန်တွင် အိမ်ပြန်လက်ဆောင်အဖြစ် တကူးတက ဝယ်သွားလေ့ရှိသည်။ ထူးခြားမှုတစ်ခုမှာ ဆိုင်တွင်သောက်လျှင် ပုလင်းဖြင့် စီ၍ ချထားသော အရက်များကို လက်ဖက်ရည်ခွက်ဖြင့် ထည့်၍ ကိုယ်သောက်ချင်သလောက် သောက်ပြီးမှ ခွက်ဖိုးရှင်း၍ ရခြင်းဖြစ်သည်။ မြို့တွင်းရှိ ထာပွဲများတွင် အေးအေးဆေးဆေးနား၍ လက်ဖက်ရည်ကြမ်း သောက်ရသည့် ခံစားမှုနှင့်ပင် တူနေပါသေးသည်။

www.foreverspace.com.mm

'စာရေးဆရာ၊ ၁၁နာရီထိုးတော့မယ်။ အပြန် ကတုတ်တပ် လှည့်ဝင်ပြီးမှာ ဆိုတော့ သွားကြစို့လား'

ဘေးဝိုင်းမှ စာရေးသူတို့နှင့်အတူ လမ်းလျှောက်ပြန်မည့် ကိုစိုးလွင်တို့အုပ်စုက ဆော်ဩလိုက်မှုကြောင့် ကျသင့်ငွေကို ရှင်းပြီး သည်နေ့ဝယ်ရသည့် ပြောင်ခေါင်းစိမ်းကျောက်ထုပ်လေးကို လွယ်အိတ်ထဲ အသေအချာထည့်ကာ ဘားနတ်ဈေးထာပွဲမှ ပြန်လည်ထွက်ခွာလာခဲ့ကြပါတော့သည်။

## ရွာစဉ်တစ်လျှောက် ကျောက်အဝယ်ထွက်

ဘားနတ်ဈေးထာပွဲမှာ နံနက် ၁၀နာရီခွဲလောက်ဆိုလျှင် လူကွဲပြီဖြစ်သည်။ ထိုအချိန်မှာ မြို့ထဲသို့ပြန်ရန်ကလည်း စောနေသေးသည်ဖြစ်ရာ အနီးအနားရွာများတွင် ကျောက်လိုက်ဝယ်ပြီးမှ ပြန်ရန် ဆုံးဖြတ်လိုက်ပါသည်။ ပြောင်ခေါင်းကျေးရွာတစ်ဝိုက်တွင် ရွာပေါင်း နှစ်ဆယ်ခန့်ရှိရာ အကုန်လုံးလျှောက်သွားနေလျှင် ညအိပ်ရတော့မည် ဖြစ်သည်။ ထို့ကြောင့် လမ်းသင့်သည့် ပြောင်ခေါင်း၊ ပန်လင်၊ ရေညှိအင်း၊ လယ်ဦး၊ အင်းချောက်ရွာများရှိ အသိအိမ်များလောက်သာ ရွေး၍ ဝင်လိုက်ပါသည်။ ရေညှိအင်းရွာ ရောက်တော့ ရွာခံမိတ်ဆွေဖြစ်သူ ကိုယောနက မြောစိမ်း ဝယ်ရသည်ဆိုပြီး ကျောက်အရိုင်းတစ်ပွင့် ထုတ်ပြပါသည်။ ထိုကျောက်မှာ စိမ်းညစ်ညစ်အရောင်ရှိပြီး အပေါ်တွင် အဝါရောင်အခိုးများ ပြေးနေပါသည်။

'ကိုယောန ခင်ဗျား ကျောက်က မြောစိမ်းမဟုတ်ဘဲ ထပ်ကွာစိမ်းဖြစ်နေမယ်ထင်တယ်။ အရောင်က မရွှင်ဘဲ ညစ်တစ်တစ်ကြီး ဖြစ်နေတယ်'

'မြောစိမ်းမှ မြောစိမ်းအစစ်ပါ စာရေးဆရာရဲ့၊ အခွံအုပ်နေလို့ အရောင်ညစ်ညစ်ကြီး ဖြစ်နေတာပါ။ သွေးလိုက်ရင် ပွင့်ပြီး ရွှင်သွားမှာပါ'

ကိုယောနက သူ့ကျောက်ကို မြောစိမ်းကျောက်ပါဟု အခိုင်အမာပြောနေသော်လည်း စာရေးသူ၏ အတွေ့အကြုံအရမူ ထိုကျောက်မှာ ထပ်ကွာစိမ်း

www.foreverspace.com.mm

ကျောက်ဖြစ်ဖို့သာ အလားအလာများပါသည်။ ကျောက်ကြည့်မှန်ဘီလူးဖြင့် အသေအချာကြည့်လျှင် ကျောက်သားအခွံမှာ ပြောင်ချောမနေဘဲ ဖွေရစ်ပုံ သဏ္ဌာန် အထပ်များကို တွေ့နေရသည်။ ထိုသို့ ကျောက်သားအခွံတွင် အထပ်များရှိနေသည့်သင်္ကေတမှာ ထပ်ကွာကျောက်များတွင်သာ အများစု တွေ့ရသည်။ သို့သော် ထပ်ကွာစိမ်းကျောက်များသည်လည်း မြောစိမ်း ကျောက်များကဲ့သို့ပင် အခိုးများပါရှိပြီး သွေးလိုက်လျှင် ဝမ်းလိုင်းခေါ် ကြိုးတစ်ပင် ပေါ်လေ့ရှိရာ ဒေသခံအများစုသည် မြောစိမ်းနှင့်ထပ်ကွာစိမ်းကို မခွဲခြားတတ်ဘဲ အခိုး(သို့မဟုတ်)လိုင်းပါသော ထပ်ကွာစိမ်းကျောက်များကို မြောစိမ်းဆိုပြီး ပြောရောင်းလေ့ရှိသည်။ ယခုလည်း စာရေးသူအနေဖြင့် ထိုအနေအထားမျိုးနှင့် ကြုံနေရခြင်းဖြစ်သည်။

'ထပ်ကွာစိမ်းပဲဖြစ်ဖြစ်၊ မြောစိမ်းပဲဖြစ်ဖြစ် ထားလိုက်ပါတော့ဗျာ။ ကိုယောနအနေနဲ့ သည်ကျောက်ကို ဘယ်လောက်နဲ့ ရောင်းပေးမှာလဲ'

'အချင်းချင်းတွေပဲဗျာ။ စာရေးဆရာဝယ်မယ်ဆိုရင် တစ်သောင်းနဲ့ပဲ ယူလိုက်ပါ'

သွေးပြီးလျှင် ပုံလုလု ငါးကလပ်လောက် ကျန်မည့်ကျောက်ဖြစ်ရာ သူပြောသောဈေးသည် ထပ်ကွာကျောက်ဈေးသာဖြစ်သည်။ မြောစိမ်းစစ်စစ် ဖြစ်မည်ဆိုလျှင် ထိုအရွယ်ကျောက်ကို ထိုဈေးနှင့် ရတော့မည်မဟုတ်ပေ၊ စာရေးသူ ထိုကျောက်ကို ဝယ်ဖြစ်ပြီး မြို့ထဲရောက်၍ စမ်းသပ်ကြည့်တော့ လည်း အမှန်တကယ်ပင် ထပ်ကွာစိမ်းကျောက် ဖြစ်ပါသည်။

'တောပိုင်းမှာ ကျောက်ဝယ်ရတာဟာ သည်လိုထင်ယောင်၊ ထင်မှား ကျောက်မျိုးဆို တစ်ခါတစ်ခါ ကိုယ့်အတွက် သိသိသာသာ အမြတ်ကျန် တယ်။ အခုလည်းကြည့်လေ၊ မြောစိမ်းလို့ သတ်မှတ်ပြီး ရောင်းတာတောင် ထပ်ကွာစိမ်းဈေးနဲ့ ရတယ်။ တကယ်တမ်း မြောစိမ်းကျောက်သာဆို ကျွန်တော်တို့ ကောင်းကောင်းစားရပြီ။ ပြီးခဲ့တဲ့နှစ်က သည်လိုပဲ တစ်ပွင့်

www.foreverspace.com.mm

ဝယ်ရသေးတယ်။ တကယ် မြောစိမ်းဖြစ်နေတော့ ကိုယ်ပြန်ရောင်းတာ ဈေးကောင်းကောင်း ရလိုက်တယ်'

ရေညှိအင်းရွာနှင့် လယ်ဦးရွာကြားတွင် လွတ်နေသော မြေကွက်နေရာ တိုင်းလိုလို ဖက်စပ်များ ဆွဲထားကြောင်း တွေ့ရသည်။ ယခင်က ထိုနေရာ များမှာ စပါးစိုက်ခင်း(လယ်ကွင်း)များ ဖြစ်သည်။ ကျောက်တွင်းများ စမ်းသပ်တူးဖော်ရင်းကျောက်ထွက်နှုန်းစိပ်လာတော့ အချို့ကလည်း ကိုယ်ပိုင် ဖက်စပ်တင်၍ ကျောက်တွင်းတူးလုပ်ငန်းများ လုပ်ကိုင်ကြသည်။ အချို့က လည်း ဖက်စပ်ဆွဲလိုသူများထံ မြေကွက်များကို ဈေးကောင်းကောင်းနှင့် ပြန်ရောင်းလိုက်ကြသည်။ ထိုကွက်ရပ်များမှာ နီလာပွင့်ကောက်ကျောက်များ ထွက်သည်ဟု နာမည်ကြီးပါသည်။

လယ်ဦးရွာကျော်သည်နှင့် အင်းချောက်ရွာသို့ ရောက်ပါသည်။ အင်း ချောက်ရွာ အနီးတစ်ဝိုက်ရှိ ကျောက်တွင်းတူးလုပ်ငန်း အများစုမှာ နားနေ ကြသည်ကို တွေ့ရသည်။ လယ်ကွက်နေရာများတွင် ကျောက်တွင်းတူး လုပ်ငန်း မလုပ်ခင်အချိန်က အင်းချောက်ရွာအနီးတွင်သာ အများစု လုပ်ကြ ပါသည်။ နီလာမတ်စာများ အများစုထွက်ရှိပြီး ပွင့်ကောက်ကျောက်များ ကြိုကြားကြိုကြား ထွက်ရှိသည်။ ကျောက်ကြီးကျောက်ကောင်းများ ထွက်ရှိ သည့် အစဉ်အလာရှိသော်လည်း ရေရှည်လုပ်ကိုင်ရသော တွင်းများဖြစ်၍ အချို့မှာ အထွေထွေကုန်ကျစရိတ်ကို တောင့်မခံနိုင်သောကြောင့် လယ်ကွက် ဘက်သို့ ပြောင်းရွှေ့လုပ်ကိုင်ကြသည်ဟု သိရသည်။

အင်းချောက်ရွာကျော်သည်နှင့် လေပေါက်ဟုခေါ်သော တောင်ထိပ်သို့ ရောက်ပါသည်။ လေပေါက်နေရာမှာ မိုးကုတ်မြို့ဘက်မှ တက်လာလျှင်ဖြစ် စေ၊ ပြောင်ခေါင်းဘက်မှ တက်လာလျှင်ဖြစ်စေ တောင်ထိပ်နေရာအဆုံးဖြစ် ပြီး မိုးကုတ်မြို့ အရှေ့ပိုင်းကိုရော၊ အနောက်ပိုင်းကိုပါ ဆီး၍ မြင်နေရပါ သည်။ ကားလမ်းအတိုင်း ဆင်းသွားလျှင် မိုးကုတ်မြို့ပေါ်သို့ တိုက်ရိုက်

www.foreverspace.com.mm



ရောက်ပြီး တောလမ်း လူသွားလမ်းတစ်နေရာမှ ဆင်းလျှောက်သွားလျှင်မူ အနောက်ပိုင်း ကိုးလံ ကျောက်ဆောင်လမ်းမကြီးပေါ်သို့ ရောက်နိုင်ပါသည်။ တောင်ပေါ်မှ ဖြတ်ဆင်းရသည့် လူသွားလမ်းမှာ ထင်းခုတ်သူများ၊ ဈေးသည် များသာ သုံးသောလမ်းဖြစ်ရာ လူသိနည်း၍ အသွားအလာနည်းပါးသည်။ စာရေးသူတို့မှာ ကျောက်ဆောင်ရွာနှင့် ကပ်လျက်ဖြစ်သော ကတုတ်တပ် ကွက်ရပ်သို့ ဝင်မည်ဖြစ်ရာ ထိုလမ်းမှ ဖြတ်သွားမှသာလျှင် အဆင်ပြေနိုင်ပါ သည်။ ထိုသို့မဟုတ်ဘဲ မြို့ထဲကိုပြန်ပြီးမှ ကတုတ်တပ်ဘက်သို့ ပြန်သွားရ မည်ဆိုလျှင် ခရီး နှစ်ဆ၊ သုံးဆခန့် ပိုရှည်သွားမည်ဖြစ်ပြီး အချိန်လည်းမီ တော့မည် မဟုတ်ပေ။ စာရေးသူတို့ လေပေါက်နေရာ ရောက်တော့ နေ့လည် ၁နာရီခန့် ရှိပြီးဖြစ်သည်။

'အဆင်းခရီးမို့ တော်သေးတာပေါ့ စာရေးဆရာရယ်။ အဆင်းတောင် မနည်းထိန်းဆင်းနေရတာ။ အတက်သာ သည်လမ်းက လာမယ်ဆိုရင် ကုန်းနေအောင် တက်ရလိမ့်မယ်။ မလွယ်ဘူး၊ မလွယ်ဘူး'

လမ်းမှာ ကြမ်းပြီး မတ်စောက်လွန်းသဖြင့် စာရေးသူ၏မိတ်ဆွေက ညည်းပါသည်။

'ကိုအုန်းကျော်၊ ခင်ဗျား သိပ်ညည်းမနေနဲ့၊ လမ်းလည်း သေသေချာချာ ကြည့်သွားဦး၊ သည်လမ်းက မြွေလည်း တအားပေါတယ်။ တော်ကြာ မြွေကိုမမြင်ဘဲ တက်နင်းမိလို့ သူက ပြန်ပေါက်လိုက်ရင် ကျုပ်တို့ ထမ်းနေ ရဦးမယ်'

စာရေးသူတို့နှင့်အတူ ကတုတ်တပ်ထာပွဲသို့ လမ်းကြုံဝင်မည့် ကိုစိုးလွင် က စာရေးသူ၏မိတ်ဆွေကို လှမ်းနောက်လိုက်ပါသည်။ ကိုစိုးလွင်၏ စကား ပင် မဆုံးသေးပေ။ စာရေးသူတို့အုပ်စု၏ရှေ့မှ အရှည် သုံးပေခန့်ရှိမည့် မြွေတစ်ကောင် ဖြတ်သွားသည်ကို တွေ့ရသည်။

'သည်တောတစ်ဝိုက် မြွေပေါပုံကတော့ မိုးကုတ်သား အတော်များများ

www.foreverspace.com.mm

သိကယ်။ ကျွန်တော် ငယ်တုန်းက သည်တစ်ဝိုက်မှာ ထင်းလာခုတ်ဖူးတယ်။ အဲဒီတုန်းက ခုထက်ပိုပြီး တောနက်တာပေါ့ဗျာ။ မြွေဆိုလည်း ခုလို အကောင်သေးသေးလေးတွေ မဟုတ်ဘူး။ မြွေအကြီးကြီးတွေကို ရှိသေးတယ်။ တစ်နေ့တော့ အရှေ့ရွာက လူတစ်ယောက် ထင်းလာခုတ်ရင်း မောမောနဲ့ သစ်တုံးကြီးတစ်ခုပေါ်မှာ ထိုင်နားနေတာပေါ့ဗျာ။ မကြာပါဘူး၊ သူထိုင်နေတဲ့ သစ်တုံးကြီးဟာ ရွေ့သွားလိုက်တာ၊ သူပါ ရောပါသွားတယ်။ သည်တော့မှ သေသေချာချာကြည့်မိတော့ သူထိုင်မိတာဟာ သစ်တုံးကြီး မဟုတ်ဘဲ နေစာလှုံနေတဲ့ မြွေကြီးတစ်ကောင်ရဲ့ ကျောပေါ်မှာ ထိုင်နေမိတာကိုး။ ဒါနဲ့ ဘာမှမယူနိုင်ဘဲ ခုန်ဆင်းပြီး ပြေးလိုက်တာ အိမ်ရောက်တဲ့အထိပဲ။ အဲဒီလူဟာ အလန့်လွန်သွားပြီး လန့်ဖျား ဖျားရာကနေ နောက်ဆုံး သည်စိတ်နဲ့ပဲ ဆုံးသွားရှာတယ်။ ဒါဟာ ပုံပြင်မဟုတ်ဘူး။ သည်တောထဲမှာ တကယ် ကြုံတွေ့ခဲ့ရဖူးတဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းလေးပဲ"

ကိုစိုးလွင်နဲ့အတူပါလာသော ကိုနန်းမောင်က ရှင်းပြပါသည်။ စကားတပြောပြောနှင့်ဆင်းလာကြရာ ၄၅မိနစ်ခန့်အကြာတွင် ကျောက်နဂါးရွာသို့ ရောက်လာပါသည်။ ကျောက်နဂါးရွာမှဆိုလျှင် ကတုတ်တပ်တွင်း လုပ်ကွက်များသို့ နာရီဝက်လောက် ထပ်လျှောက်ရပြီး လမ်းတစ်လျှောက်တွင် ခဲစာထုနေသူများ၊ ခဲစာထုသူများထံတွင် ကျောက်စောင့်ဝယ်သူ ကုန်သည်များကို တွေ့ရပါသည်။

## ကတုတ်တပ်ထာပွဲ

ကတုတ်တပ်ထာပွဲမှာ ကျောက်ဆောင်ရွာ၊ သဖန်းပင်ရွာနှင့် ကတုတ်တပ်တွင်း လုပ်ကွက်များသို့သွားရာ လမ်းသုံးခွဆုံသောနေရာတွင် ဖြစ်ပါသည်။ ကတုတ်တပ်တွင်း လုပ်ကွက်များစသော အချိန်ဆိုလျှင် ထိုထာပွဲ ဖြစ်ရာနေရာမှသည် ဖက်စပ်လုပ်ငန်းခွင်များရှိရာ လမ်းတလျှောက်လုံး လူတန်းကြီး

www.foreverspace.com.mm

မှာ ပွဲဈေးတန်းကြီးတစ်ခုပမာ စည်ကားလျက်ရှိပါသည်။ ထိုအချိန်ဆိုလျှင် ကျောက်ကုန်သည်အများစုမှာ အခြားဘယ်မှမသွားတော့ဘဲ တစ်နေ့လုံး ကတုတ်တပ် ထာပွဲတွင်သာ နေပြီး ကျောက်စောင့် ဝယ်လေ့ရှိပါသည်။

'မိုးကုတ်တစ်မြို့လုံးမှာ ကျောက်အနီ(ပတ္တမြား)ထွက်နှုန်းအကောင်းဆုံး ကတော့ သည်တစ်ကြောပဲ။ ကတုတ်တပ်၊ ကျောက်ဆောင်၊ ဘော်ဇဒန်း၊ ကိုးလံ၊ ကျောက်ပုတ်၊ မြေမဲ အားလုံးတစ်ကြောတည်း၊ တစ်ဆက်တည်းလို ဖြစ်နေပြီး အဓိကကတော့ ခဲတွင်းကို ဦးစားပေးပြီး လုပ်ကြတယ်'

ခဲတွင်း၏သဘာဝမှာ ကျောက်ထွက်လျှင် အကြောလိုက်မို့ အနည်းနှင့် အများတော့ မြို့ခံ ကျောက်ကုန်သည်များ လက်ထဲသို့ ရောက်ပါသည်။ ဖက်စပ်မှ လေလံပြန်ရောင်းသော ကျောက်ထုပ်များ၊ စွန့်ပစ်လိုက်သည့် ခဲစာများထဲမှ ခဲစာထုသူများရရှိသည့် ကျောက်များမှာ လက်အဆင့်ဆင့်ဖြင့် ထာပွဲထဲ ဝင်လာပါသည်။ ထိုအချိန်မျိုးဆိုလျှင် မိုးကုတ်ထာပွဲများတွင် ကျောက်များ ဖောဖောသီသီ တွေ့ရတတ်ပါသည်။

ကတုတ်တပ်ကွက်ရပ်မှာ တစ်နှစ်ပတ်လုံး လုပ်နိုင်သော တွင်းကွက်ရပ် မဟုတ်ပါ။ တစ်နှစ်တွင် လေး၊ ငါးလလောက်သာ လုပ်နိုင်သော ကွက်ရပ် ဖြစ်သည်။ များသောအားဖြင့် မိုးပြတ်သည့် တန်ဆောင်မုန်း၊ နတ်တော် လောက်တွင် လုပ်ငန်းစ၍ တန်ခူးလ(သင်္ကြန်)လောက်တွင် လုပ်ငန်းသိမ်း ကြပါသည်။

'ကတုတ်တပ်ကွက်ရပ် စတော့မယ်ဆိုရင် ပေါလန်တွေ အားလုံးစုပြီး အစည်းအဝေးထိုင်ရတယ်။ အားလုံးသဘောတူ ဆုံးဖြတ်တဲ့ရက်က စပြီး ရေစစုပ်ရတယ်။ ရေက တွင်းတွေအားလုံး တစ်ပြိုင်တည်းစုပ်ထုတ်မှ နိုင် တာ။ အဲဒီ့လုပ်ငန်းစတဲ့နေ့ကစပြီး တွင်းသိမ်းချိန်ထိ စက်ကြီးတွေကို မနား တမ်း ခုတ်ထားရတာဆိုတော့ တချို့တွင်းတွေဆို စက်သုံးဆီတစ်မျိုးတည်း ကိုပဲ တစ်ရာသီစာကို ပေပါအလုံး ၅၀၀လောက်ကုန်တယ်။ သည်တော့

www.foreverspace.com.mm

ကျောက်ထွက်နှုန်း မကောင်းတဲ့တွင်းတွေ၊ ကျောက်မျိုးကောင်းကောင်း မထွက်တဲ့တွင်းတွေဟာ ခွက်ခွက်လန်အောင်ရှုံးတာပဲ။ ခက်တာက ကတုတ်တပ်ကွက်ရပ်က တွင်းတွေဟာ နားချင်တဲ့တွင်းက နားပြီး၊ လုပ်ချင်တဲ့တွင်းက လုပ်လို့မရပါဘူး။ လုပ်ရင်လည်း အကုန်လုပ်၊ နားရင်လည်း အကုန်နားပဲ။ အဓိက တွင်းတွေဟာ တအားနက်လာတော့ အောင်းနေတဲ့ရေတွေ၊ စိမ့်ထွက်နေတဲ့ရေတွေကို စုပ်ထုတ်ပစ်ဖို့ဆိုတာ တွင်းတွေအားလုံး တစ်ပြိုင်တည်းလုပ်မှရတာ။ သူ့တွင်းကိုယ့်တွင်းလောက်ပဲ စုပ်ထုတ်လို့ မရဘူးလေ'

ကတုတ်တပ်ကွက်ရပ်၏ ထူးခြားမှုတစ်တစ်ခုမှာ စာရေးသူ၏မိတ်ဆွေပြောသကဲ့သို့ပင် တွင်းများအားလုံး တစ်ပြိုင်တည်းစ၊ တစ်ပြိုင်တည်းသိမ်းရခြင်းဖြစ်သည်။ တွင်းအောက်ခြေရှိ ရေများခပ်ဖို့ စုပ်ထုတ်ရချိန်မှာ တစ်လနီးပါး ကြာပါသည်။ ထို့ကြောင့်လည်း ကျောက်ထွက်နှုန်းကောင်းသောတွင်းများက စောစောစနိုင်ဖို့ အားသန်နေသလောက် ကျောက်ထွက်နှုန်း နည်းသော တွင်းများက ပြန်လုပ်ဖို့ လက်တွန့်နေခြင်းဖြစ်သည်။ ကတုတ်တပ်ကွက်ရပ် စပြီဆိုသည်နှင့် ကတုတ်တပ်ထာပွဲလည်း စည်ကားလာပြီဖြစ်သည်။ မြို့ထဲက ထာပွဲတွေတစ်ဝိုက်မှာ ဘိလိယက်ခုံ(ကျူခုံ)တွေ များသလို ကတုတ်တပ် ထာပွဲတစ်ဝိုက်ကျတော့ CDOK သီချင်းဆိုနေရာတွေ ပေါမှပေါပဲ။ CDOK သီချင်းဆိုင်တွေကလည်း လူစည်ရင်စည်လာသလို ဈေးတက်တာပဲ။ လူကျဲတုန်းက တစ်ရာကို ငါးပုဒ်ဆိုလို့ရတယ်။ လူစည်လာပြီဆိုရင် တချို့ဆိုင်က တစ်ရာသုံးပုဒ်၊ တချို့ဆိုင်က တစ်ရာနှစ်ပုဒ် ဖြစ်သွားတယ်။ တွင်းသမားအများစုက တစ်နေ့လုံး အလုပ်လုပ်ပြီး ညပိုင်းလောက်မှ နားရတာဆိုတော့ သူတို့အတွက်က သီချင်းဆိုပြီး အပန်းဖြေရတဲ့ အရသာဟာ အကောင်းဆုံးပဲလို့ ပြောတယ်'

ကတုတ်တပ်ထာပွဲ စည်ရခြင်းမှာ ခဲစာထုသူ လူဦးရေများခြင်းနှင့်လည်း ဆိုင်ပါသည်။ ထိုတစ်ကြောလုံးရှိ ခဲတွင်းမှ စွန့်ပစ်ပစ္စည်းဖြစ်သော

www.foreverspace.com.mm

ခဲစာများကို အချို့တွင်းများကလည်း အလကားပေးပါသည်။ အချို့တွင်းများကလည်း ပြန်ရောင်းပါသည်။ ထိုခဲစာများမှာ အနီးအနားကျေးရွာများသို့ စုပြုံရောက်ရှိပြီး တစ်နှစ်ပတ်လုံး မိသားစုလုပ်ငန်းအဖြစ် ခဲစာခွဲပြီး ကျောက်ပြန်ရှာသည့်လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ တချို့ကလည်း ကတုတ်တပ်ရာသီတွင်သာ တစ်နိုင်စာအဖြစ် တောင်းယူပြီး တစ်ရက်ရသမျှကို တစ်ရက်ခွဲပြီး ကျောက်ရှာကြပါသည်။

'စွန့်ပစ်လိုက်တဲ့ ခဲစာဆိုပြီး အထင်သေးလို့မရဘူး။ ကျောက်ထွက်နှုန်းကောင်းတဲ့တွင်းက ခဲစာကိုရထားရင် ခဲစာထုတဲ့လူတစ်ယောက်ဟာနေ့တိုင်းရာကျောက်၊ ထောင်ကျောက်တော့ ပုံမှန်ရတယ်။ ခဲစာထုတဲ့ လူကလည်း ထောင်ချီပြီးရှိတာဆိုတော့ စွန့်ပစ်ခဲစာထဲကပဲ ပြန်ထွက်တဲ့ကျောက်တောင်မနည်းဘူး။ သည်ခဲစာထုတဲ့ လူတွေဆီက ကျောက်စောင့်ဝယ်တဲ့ ကုန်သည်တွေလည်း ထောင်ချီပြီးရှိတယ်။ ခဲစာထဲကလည်း သောင်းကျောက် သိန်းကျောက်တွေ ထွက်တာပဲ။ အဲဒီလို ထွက်တဲ့ကျောက်တွေဟာ ဝယ်ရောင်းသမား ကုန်သည်တွေကတစ်ဆင့် ထာပွဲအနှံ့ပျံ့သွားပြီးလည်ပတ်နေတာပေါ့'

ခဲစာထုသူများကို ရပ်ကြည့်နေရင်း စာရေးသူ၏မိတ်ဆွေ ကိုထွန်းနိုင်က ရှင်းပြခြင်းဖြစ်သည်။ ခဲစာထုနေသူများမှာ လူကြီး၊ လူငယ်အစုံဖြစ်ပြီး အမျိုးသမီးနှင့် ကလေးအရေအတွက်က ပိုများပါသည်။

'ခဲစာထုတဲ့လူက ရပ်ကွက်အစုံ၊ ဒေသအစုံဆိုတော့ တချို့လူတွေက ကျောက်ရဲ့တန်ဖိုးကို နားမလည်ကြဘူး။ ပြီးခဲ့တဲ့လက သည်လိုပဲ နယ်က ခဲစာလာထုတဲ့ လူတစ်ယောက် ကျောက်တစ်ပွင့် ရလိုက်တယ်။ သူက ကျောက်အတွေ့အမြင်နည်းပြီး အတွေ့အကြုံလည်းမရှိတော့ ကျောက်ရရချင်း ဘေးမှာထိုင်စောင့်ဝယ်နေတဲ့ ကုန်သည်ကို သုံးသောင်းနဲ့ ရောင်းလိုက်တယ်။ အဲဒီကုန်သည်က ထာပွဲမှာ သွားပြန်ရောင်းတော့ ငါးသိန်းတောင် ရသွားတယ်'

www.foreverspace.com.mm

'အေးဗျာ၊ စားရကံ မႀကံဳဘူးလို႔ေျပာရမွာေပါ့ေနာ္။ ကိုယ္ရလာတဲ့ ေက်ာက္ကို တန္ဖိုးမျဖတ္တတ္ေတာ့ သူမ်ားအတြက္ ျဖစ္သြားတာေပါ့။ တကယ္ဆို နားလည္တဲ့လူေတြကို ျပၾကည့္ဖို႔၊ တိုင္ပင္ၾကည့္ဖို႔ေကာင္းတယ္'

'တခ်ိဳ႕ကလည္း သည္လိုဗ်။ နယ္ကဆိုေတာ့ ေက်ာက္နားမလည္သလို မိုးကုတ္အထာကို မကၽြမ္းတာလည္းပါတယ္။ ေက်ာက္ရလာရင္ ဖက္စပ္ ေပါလန္က ျပန္သိမ္းသြားမွာ ေၾကာက္ေတာ့ အျခားလူေတြ သိပ္အသိမခံခ်င္ဘဲ တိုးတိုးတိတ္တိတ္ ေရာင္းလိုက္တာလည္း ပါတာေပါ့ဗ်ာ'

မိုးကုတ္ ေက်ာက္တြင္းေလာကတြင္ နားလည္မႈႏွင့္ ျပဳလုပ္ထားေသာ စည္းကမ္းတစ္ခုရွိပါသည္။ ထိုစည္းကမ္းမွာ မိမိေက်ာက္တြင္းမွ ထြက္ေသာ ခဲစာမ်ားကို အျပင္သို႔ေပးၿပီးၿပီဆိုလွ်င္ ထိုခဲစာထဲမွ မည္မွ်တန္ဖိုးႀကီးေသာ ေက်ာက္ေကာင္းထြက္သည္ျဖစ္ေစ မူလပိုင္ရွင္ႏွင့္ မဆိုင္ေတာ့ဘဲ ခဲစာထုသူမွသာ ပိုင္ဆိုင္ခြင့္ရွိျခင္းျဖစ္သည္။ ထို႔အတူပင္ ေျမတြင္းမ်ားဆိုလွ်င္လည္း မိမိတို႔ ဖြန္းေဆးရင္း စြန္႔ထုတ္ပစ္လိုက္သည့္ ေရထဲမွ ေမ်ာပါသြားေသာ ေက်ာက္မ်ားသည္ မိမိတို႔ဇရိယာျပင္ပ ေရာက္သြားၿပီး ခန္႔ေဆးသမားမ်ား ရသြားလွ်င္ မူလတြင္းပိုင္ရွင္မွ ျပန္မေတာင္းရေပ။ ခန္႔ေဆးသမားသာ ပိုင္ဆိုင္ခြင့္ရွိပါသည္။ ထိုသို႔ ျပင္ပမွရရွိသြားေသာ ေက်ာက္မ်ားဆိုလွ်င္ မ်ားေသာအားျဖင့္ ေက်ာက္ကုန္သည္မ်ားမွာ ေဈးေပါေပါႏွင့္ ဝယ္ရေလ့ ရွိပါသည္။

ဖက္စပ္လုပ္ငန္းခြင္ႀကီးမ်ားမွာမူ ေဈးၿပိဳင္စံနစ္ျဖင့္ ေလလံပစ္ ေရာင္းေသာေၾကာင့္ ေဈးပိုေပးႏိုင္ေသာ ေက်ာက္ကုန္သည္မ်ားမွသာ ဝယ္ရပါသည္။ ေဈးကုန္ေပးဝယ္ရသည့္အတြက္ ေက်ာက္ကုန္သည္ဘက္က အခြင့္အေရးနည္းၿပီး ေက်ာက္တြင္းပိုင္ရွင္ ေပါလန္ဘက္က အခြင့္အေရးသာပါသည္။ ထို႔ေၾကာင့္ ေက်ာက္ကုန္သည္အမ်ားစုသည္ ေလလံဆြဲ၍ ဝယ္သည္ထက္ အျပင္မွေက်ာက္ကို စိတ္ရွည္လက္ရွည္ ေစာင့္ဝယ္ၾကျခင္းျဖစ္သည္။

**လက္တြဲေဖာ္**

www.foreverspace.com.mm

ကတုတ်တပ်ထာပွဲအနီး ကျောက်စောင့်ဝယ်နေသူများအနက် မြို့ထဲမှ ကျောက်ကုန်သည်တစ်ဦးဖြစ်သော ကိုအောင်နိုင်ကို တွေ့လိုက်ရ၍…

'ကိုအောင်နိုင် မပြန်သေးဘူးလား။ ညနေတောင်စောင်းနေပြီ သွားစို့လေ'

နှုတ်လည်းဆက်ရင်း ပြန်ဖို့လည်း အဖော်ညှိလိုက်မိပါသည်။

'ပြန်နှင့်တော့ စာရေးဆရာရေ့။ ကျွန်တော်က မိုးချုပ်တဲ့အထိ ကျောက်စောင့်ဝယ်တာ။ နေ့တိုင်း ည ၉နာရီ၊ ၁၀နာရီလောက်မှပဲ အိမ်ပြန်ဖြစ်တယ်'

ကတုတ်တပ်ကွက်ရပ် လုပ်ငန်းစဉ်လျှင် ည ၉နာရီ၊ ၁၀နာရီလောက်ထိ လူစည်ပါသည်။ ဈေးဆိုင်တန်းများဖြင့် ညဈေးတန်းပမာ ဖြစ်နေပါသည်။ ကျောက်တွင်းတူးလုပ်ငန်း ဖက်စပ်ခွင်များမှာလည်း လုပ်ငန်းစချိန်ကတည်း လုပ်ငန်းသိမ်းချိန်ကာလအထိ နေ့ရော၊ ညပါမပြတ်တမ်း စက်ကြီးများခုတ်ထားရာ ကွက်ရပ်တစ်ခုလုံး လင်းထိန်နေပါသည်။ တွင်းသမားများကလည်း နေ့ဆိုင်း၊ ညဆိုင်းလူလဲ၍ဝင်နေကြသည်မို့ လူပြတ်သည်ဟူ၍လည်း မရှိပေ။ ထိုသို့ လုပ်အားပမာဏ တွင်ကျယ်မှုကြောင့်လည်း ကတုတ်တပ်ကွက်ရပ်၏ ကျောက်ထွက်နှုန်းမှာ မိုးကုတ် ကျောက်ဈေးကွက်တစ်ခုလုံးကို ထိန်းချုပ်ထားသလို၊ ကျောက်ကုန်သည်အများစုသည်လည်း ကတုတ်တပ်ကွက်ရပ်ကို အားထားနေရခြင်းဖြစ်သည်။

## ရေပူထာပွဲ

မိုးကုတ်မြို့၏ အဓိကထာပွဲဖြစ်သော ပိတ်စွယ်ပန်းခြံထာပွဲ ညနေပိုင်းတွင် မစည်ကားခြင်းမှာ ရေပူထာပွဲနှင့် မင်းတံတားထာပွဲများသို့ လူပုံ့သွားခြင်းနှင့်လည်း ဆိုင်ပါသည်။ ရေပူထာပွဲမှာ နေ့လည် ၁နာရီလောက်တွင် စ၍ စည်ပါသည်။ နံနက်ပိုင်း ပိတ်စွယ်ပန်းခြံထာပွဲ ကွဲသည်နှင့် ကုန်သည်အချို့မှာ ရေပူထာပွဲသို့ ဆက်၍သွားကြပါသည်။ ရေပူရွာအနီးတွင်ဖြစ်၍ ရေပူ

www.foreverspace.com.mm

ထာပွဲဟုခေါ်ပြီး ရေပူရွာနှင့်ကတုတ်တပ်ကွက်ရပ်သို့ သွားရာလမ်းမကြီးပေါ်တွင်ဖြစ်ပါသည်။ မိုးကုတ်မြို့ပေါ်မှဆိုလျှင် မြို့အထွက်လမ်းမကြီးမှ ပတ်၍လည်းကောင်း၊ တောလမ်းဖြစ်သည့် ညောင်သုံးပင်ရွာ လမ်းခွဲမှသော်လည်းကောင်း၊ ရေပေါက်တစ်ရာရွာ လမ်းခွဲမှသော်လည်းကောင်း ဖြတ်၍သွားနိုင်ပါသည်။ မြို့ထဲမှ ပတ်သွားရသည့်လမ်းမှာ ခရီးရှည်ပြီး၊ တောလမ်းမှဖြတ်သွားရသည့်လမ်းမှာ ခရီးတိုပါသည်။ ယခင်က ရေပူရွာမှာ မြို့နှင့်အလှမ်းဝေးသော သီးခြားကျေးရွာတစ်ရွာဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး ကျောက်တွင်းတူးလုပ်ငန်းများကို အစိုးရနှင့်ပုဂ္ဂလိကဖက်စပ်လုပ်ကိုင်ခွင့်ပေးပြီး နောက်ပိုင်းမှသာ လူသွားလူလာ များလာပြီး ထာပွဲတစ်ခု သီးခြားပေါ်လာခြင်းဖြစ်သည်။

'စာရေးဆရာ၊ သည်နေ့ ရေပူထာပွဲကို နည်းနည်းစောပြီးသွားရအောင်။ ထာပွဲနားက ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့ ဖက်စပ်လည်း မရောက်တာ ကြာပြီ။ ခဏဝင်ချင်သေးတယ်'

စာရေးသူရဲ့မိတ်ဆွေက စောစောသွားရအောင်ဟုသာ ဆိုသော်လည်း တကယ်တမ်း ထွက်ဖြစ်တော့ နေ့လည် ၁၂နာရီကျော်မှဖြစ်သည်။ ဆိုင်ကယ်လည်း ဆိုင်ကယ်နှင့်မို့၊ တောလမ်း(ဖြတ်လမ်း)ကလည်း သွားသည်မို့၊ မြို့ထဲမှရေပူထာပွဲသို့ ၁၅မိနစ်လောက်သာသွားရပါသည်။ ဤခရီးလမ်းတွင် ရေပေါက်တစ်ရာရွာနှင့် ညောင်သုံးပင်ရွာတို့ရှိပြီး ထိုရွာရှိလူအများစုမှာ ကျောက်တွင်းတူးလုပ်ငန်းများ၊ ခနဲ့ဆေးလုပ်ငန်းများ လုပ်ကြပါသည်။ ထို့ကြောင့် အချိန်ပေးနိုင်လျှင် ထိုရွာရှိ အိမ်များတွင် ကျောက်လိုက်ဝယ်၍ ရပါသေးသည်။

'အရင်က သည်နေရာတွေမှာ လမ်းရယ်လို့သီးခြားမရှိဘူး။ တွင်းသမားတွေ၊ ထင်းခုတ်သမားတွေ ဖြတ်သန်းသွားလာတဲ့ လမ်းလောက်ပဲရှိသေးတာ။ ၉၀ခုနှစ်နောက်ပိုင်းလောက်မှ သည်ရွာမှာ မိုးကုတ်မြို့ခံလုပ်ငန်းရှင်တစ်ဦးက

www.foreverspace.com.mm

သစ်တောထွက်ပစ္စည်း အချောထည်နဲ့ လူသုံးကုန်ပစ္စည်းအမျိုးမျိုးပြုလုပ်တဲ့ စက်ရုံတစ်ခု လာတည်ရာကနေပြီး ကားလမ်းဖြစ်လာတာ။ သည်နေရာမှာ ကားလမ်းမကြီးပေါက်သွားတဲ့အတွက် ကျောက်ဆောင်တို့၊ ကတုတ်တပ်တို့ သွားတဲ့လမ်းဟာ ခရီး အတော်လေး တိုသွားတယ်။ ဖက်စပ်လုပ်ငန်းက ကားတွေလည်း သည်လမ်းကို အသုံးပြုတာများတယ်'

ရေပေါက်တစ်ရာရွာကို ဖြတ်လာရင်း စာရေးသူ၏ မိတ်ဆွေက ရှင်းပြပါသည်။

စာရေးသူတို့သွားသော ဖက်စပ်မှာ ရေပူထာဝရပွဲနှင့်ကပ်လျက်ဖြစ်သည်။ တွင်းသမားပေါင်း ငါးဆယ်ကျော်ခန့်နှင့် လုပ်နေသော ဖက်စပ်တစ်ခုဖြစ်ပြီး ရေစုပ်စက်၊ ဖြုန်းတင်စက်၊ ဖြုန်းဆေးစက်များဖြင့် စနစ်တကျ လုပ်ကိုင်နေသည်ကို တွေ့ရသည်။ စာရေးသူတို့ရောက်သွားတော့ မန်နေဂျာဖြစ်သူ ကိုအောင်သန်းက ကျောက်တွင်းလုပ်ငန်း လုပ်ကိုင်ပုံ အဆင့်ဆင့်ကို လိုက်ပြပါသည်။

'ကျွန်တော်တို့ ကျောက်တွင်းတူးတဲ့စနစ်က အင်းမြေတူးဖော်နည်းလို့ ခေါ်တယ်။ ခေတ်မီစက်တွေက အသုံးပြုထားတော့ လူအင်အားသိပ်မလိုဘူး။ နောက်ပြီး အရင်ကလို လေးပင်တွင်းတွေ၊ တွင်းလုံးတွေတစ်နိုင်စာဖောက်ပြီး တွင်းတူးတဲ့နည်းကို မသုံးတော့ဘူး။ ဖြုန်းကြောရှိတဲ့နေရာကို အင်းအငယ်စား ဖြစ်အောင် မြေထိုးစက်တွေနဲ့တူးလိုက်တယ်။ ဖြုန်းကြောရောက်ပြီဆိုရင် ဖြုန်းမြေကို ရေနဲ့ရောပြီး အပေါ်ရောက်အောင် ပိုက်တွေ၊ စက်တွေနဲ့ စုပ်တင်လိုက်တယ်။ အပေါ်မှာ သစ်သားနဲ့ကန်တစ်ခု လုပ်ထားပြီး အဲဒီနေရာမှာ တွင်းသားတွေရဲ့ လုပ်အားနဲ့ ကနယ်တွေ(ရွှံ့စေးတွေ)ကြေအောင် ထိုးခြေမွှလိုက်တယ်။ ခဲတွေ ပါလာရင် ဖယ်ထုတ်ပစ်တယ်။ အဲဒီနောက်ပိုင်းမှ သဲပတ်တွေ၊ ကျောက်တွေရောပါနေတဲ့ ရေစီးချောင်းကို ဖြုန်းဆေးစက်ထဲ ဖြတ်ပြီးစီးဆင်းစေတယ်။ ဖြုံးဆေးစက်ရဲ့အလယ်မှာ အပေါက်ရှိပြီး ခွေးသွား

www.foreverspace.com.mm

စိပ် ပါတဲ့တိုင်ကို လည်အောင်ပြုလုပ်ထားတယ်။ အဲဒီလို အထက်အောက် လည်နေတော့ ရေစုပ်အားတစ်ခု ဖြစ်ပေါ်လာပြီး အလေးချိန်စီးတဲ့ သဲတွေ၊ ကျောက်တွေဟာ အောက်က ခွက်ထဲမှာ ကျန်ရစ်ခဲ့တယ်။ အလေးချိန်ပေါ့တဲ့ သဲတွေ၊ ရွှံ့တွေကတော့ ရေစီးနဲ့မျောပါသွားတယ်။ အဲဒီတော့မှ မြိုးဆေးစက် ထဲမှာ ကျန်ရစ်ခဲ့တဲ့ သဲတွေ၊ ကျောက်တွေ ရောနေသမျှကို ပြန်ထုတ်ပြီး တန်ဖိုးရှိတဲ့ကျောက်တွေကို သီးခြားပြန်ရွေးယူရတယ်။ အများစုဟာ စက်နဲ့ပဲ အလုပ်လုပ်တာမို့ အရင်ခေတ်ကထက်စာရင် လုပ်ငန်းတွေက တအား တွင်ကျယ်လာတယ်'

မြိုးဆေးစက်ကျော်ပြီး မြောင်းမြီးခေါ် မြိုးဆေးရေများ စွန့်ထုတ်ပစ်သည့် နေရာရောက်တော့ ခန္ဓဲဆေးနေသူ ကလေး၊ လူကြီး လူ၂၀ခန့်ကိုတွေ့ရသည်။ ဘေးနားတွင်လည်း ကျောက်စောင့်ဝယ်သူများ တရုံးရုံးနှင့်မို့ . . .

'ကိုအောင်သန်း ခင်ဗျားတို့ ဖက်စပ်ထဲမှာလည်း ထာပွဲတစ်ခုဖြစ်နေပါ လား။ ကျွန်တော်တို့တောင် သည်မှာလာပြီး ကျောက်စောင့်ဝယ်ရမယ်ထင် တယ်'

လူရင်းတွေမို့ နောက်ပြောင်ပြောလိုက်ပါသည်။

'သည်ဘက်တစ်ကြောမှာတော့ သည်လိုပဲ။ ဖက်စပ်တွေမှာ မြိုးဆေးပြီ ဆိုရင် ခန္ဓဲဆေးတဲ့လူတွေ ပြည့်နေပြီ။ သည်ကွက်ရပ်တစ်ဝိုက်က ကျောက် အသေးအညှာ တအားကျတယ်။ ငါးလုံးစီး၊ ခြောက်လုံးစီးအရွယ် ကျောက် တွေဆိုရင် ရေအားနဲ့မျောပါသွားတာများတယ်။ တချို့ ဖက်စပ်တွေကလည်း သံဆန်ခါက ကျဲတော့ သေးသေးချောချောလေးတွေဆို အပြင်ပါသွားရော။ သည်တော့ ခန္ဓဲဆေးသမားတွေအတွက် ဖြစ်သွားတာပေါ့။ ဖက်စပ်သမား ဘက်ကကြည့်တော့ ရာကျောက်၊ ထောင်ကျောက်ဆိုတာ ဘာမှ မသိသာပေ မယ့် ခန္ဓဲဆေးသမားတွေအတွက်တော့ မိသားစု ထမင်းဖိုး၊ ဟင်းဖိုး ရတာ ပေါ့ဗျာ'

www.foreverspace.com.mm

ရေပူ၊ ရေပေါက်တစ်ရာတစ်ကြောရှိ တွင်းများမှာ မြေတွင်းများသာဖြစ်ပြီး အသေးအညှာကျောက်များ အထွက်စိပ်ပါသည်။ ဖြိုးဆေးပြီဆိုလျှင် အညှာပိုင်းကို လက်ဖက်ရည်အကြမ်းခွက်ဖြင့်အပြည့် ကောက်ရသော တွင်းများပင် ရှိသည်။ ပွင့်ကောက်အထွက်များသည့် ကွက်ရပ်ဆိုလျှင် အညှာသိပ်မထွက်ပေ။ ထိုကွက်ရပ်မျိုးဆိုလျှင် ခန္ဓဆေးသမားများ တွက်ခြေမကိုက်၍ သွားမလုပ်ကြတော့ပေ။ ရေပူ၊ ရေပေါက်တစ်ရာတစ်ကြောမှာ အညှာစိပ်သလို ပေါလန်အများစုသည်လည်း စိတ်ရင်းကောင်းသူများဖြစ်၍ ဖက်စပ်ထဲထိ ဝင်ပြီး ခန္ဓဆေးခွင့်ပေးထားပါသည်။ ထိုသို့ အသေးအညှာ အထွက်များပြီး ခန္ဓဆေးသူများခြင်းသည်လည်း ရေပူထာပွဲဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းတစ်ခုပင်ဖြစ်သည်။

ရေပူထာပွဲစည်ရခြင်း၏ နောက်ထပ်အကြောင်းရင်းတစ်ခုမှာ ကတုတ်တပ်၊ ကျောက်ဆောင်၊ ကိုးလံ၊ ကျောက်ပုတ်ရွာများသို့ သွားရာလမ်းမကြီးပေါ် ကျရောက်နေခြင်းနှင့်လည်း ဆိုင်ပါသည်။ ထိုလမ်းတစ်ကြောမှ တွင်းသမားများ၊ ခန္ဓဆေးများ၊ ခဲစာထုသူများ အားလုံးမှာ ထိုလမ်းမကြီးမှပင် ဖြတ်ပြန်ရရာ ကျောက်စောင့်ဝယ်ရန် အကောင်းဆုံးနေရာလည်းဖြစ်သည်။

‘စာရေးဆရာ ကျွန်တော်တို့ဆိုင်ကယ်ကို ဖက်စပ်ထဲမှာပဲ ထားခဲ့ပြီး ထာပွဲဖက်ကို လမ်းလျှောက်သွားရအောင်။ ဒါမှ ကျောက်ဝယ်လို့ ကောင်းမှာ။ ဆိုင်ကယ်နဲ့ဆို ရပ်လိုက်၊ သွားလိုက်၊ ကျောက်ဆင်းကြည့်လိုက်နဲ့ဆို သိပ်အလုပ်မဖြစ်ချင်ဘူး’

‘ကောင်းသားပဲ၊ လမ်းလျှောက်သွားကြတာပေါ့’

ရေပူထာပွဲတွင် ကျောက်ဝယ်နေသူအများစုမှာ အသေးအညှာကောက်သော အမျိုးသမီးများဖြစ်သည်။ အနီးအနားမှ ခန္ဓဆေးသမားများ လာရောင်းသော ကျောက်များကို ဒိုင်ခံဝယ်ကြသည်။

‘ဆရာကြီး ပွင့်ကောက်ကျောက်ဝယ်မလား။ ကျွန်တော့်ဆီမှာ တစ်ပွင့်ရှိ

www.foreverspace.com.mm

တယ်'

ထာပွဲထဲလိုက်ကြည့်နေတုန်း တွင်းအဝတ်အစားနှင့် လူတစ်ယောက် စာရေးသူတို့နားကပ်လာပြီး လေသံတိုးတိုးနှင့် လာမေးပါသည်။

'ဝယ်မှာပေါ့၊ ပြလေ'

စာရေးသူက ကျောက်ကို တောင်းကြည့်လိုက်တော့-

'ကျောက်က တအားကောင်းတယ်။ ကျွန်တော်ကအေးအေးဆေးဆေးနဲ့ တစ်လက်ထဲ ပြပြီး အပြတ်ရောင်းချင်တာ။ သည်နားမှာ မကောင်းဘူး။ လူရှင်းတဲ့နေရာ သွားရအောင်'

စာရေးသူတို့နှစ်ဦးကို ကျောက်ပြမည့်လူက ထာပွဲနှင့်ဝေးသော လူရှင်းသည့်လမ်းကြားတစ်ခုသို့ ခေါ်သွားပါသည်။ လမ်းကြားထဲရောက်မှ…

'ရော့… အစ်ကိုတို့ကြည့်။ ဒါကျွန်တော်ရောင်းချင်တဲ့ကျောက်'ဆိုပြီး အရိုင်းချိန်ကလပ် ၃၀ခန့်ရှိမည့် အနီပတ္တမြားတစ်ပွင့်ထုတ်ပြပါသည်။ ကျောက်မှာ အမျိုးအစားကောင်းပြီး ပြသား အနည်းငယ်ရှိကာ ကျန်နေရာတွင် ဂျိုးများ၊ အခွံများ အုပ်နေပါသည်။ ပြသားနေရာမှနေပြီး အတွင်းကို ဓာတ်မီးဖြင့်ထိုးကြည့်လိုက်တော့ အကြည်သားရှိပြီး အစင်ထွက်နိုင်သည့် အခြေအနေမျိုး ရှိပါသည်။ အမြင်အထင် မှန်းဆ၍မရဘဲ ကံစမ်း၍ခွဲကြည့်ရမည့် ထွင်ကျောက်ဖြစ်နေပါသည်။

'ညီလေး၊ ဈေးဘယ်လောက်ပြောလဲ'

'သိန်းနှစ်ဆယ်တောင်းတယ်။ အစ်ကိုတို့ မီတဲ့ဈေးဆစ်ပါ။ ကျွန်တော် မှန်းထားတဲ့ ဈေးရရင်ရောင်းမယ်'

ကျောက်၏ ပြသားအရဆိုလျှင် ကျောက်မျိုးရော၊ ကျောက်အရည်ရော ပြောစရာမရှိပေ။ အစင်မထွက်ဘဲ အနည်းဆုံး ပွတ်ချောအသန့် ၁၀ကလပ် အတင်ကျန်တောင်မှ သိန်းဆယ်ပိုင်းကတော့ ပြေးမလွတ်နိုင်ပေ။ စာရေးသူ ကျောက်ရှင်နှင့် ဈေးစကားပြောနေတုန်း ကျောက်ကို မှန်ဘီလူးဖြင့် အသေ

www.foreverspace.com.mm

အချော စစ်ဆေးကြည့်ရှုနေသော စာရေးသူ၏မိတ်ဆွေက အသာလက်တို့၍ သူ့အနားခေါ်လိုက်ပါသည်။ ပြီးမှ လေသံတိုးတိုးဖြင့်…

'စာရေးဆရာ၊ ကျွန်တော်ပြတဲ့နေရာကို အသေအချာ ကြည့်စမ်းပါ'

စာရေးသူလည်း ကျောက်ကိုယူပြီး သူပြသောနေရာတစ်ဝိုက်ကို မှန်ဘီလူးဖြင့် ကြည့်လိုက်တော့ မြေဆီအဝါသဏ္ဌာန် ဂျိုးအုပ်နေသော အခွံ၏ အောက်တွင် ကော်စဟု ယူဆရသော အစအနများကို တွေ့ရသည်။

'ကော်စလေးတွေ တွေ့ရတယ်။ ဒါဆို သည်ကျောက်ဟာ သဘာဝ မဟုတ်တော့ဘူး။ လူလုပ်ထားတဲ့ ကျောက်အတုပဲ။ ပြန်ပေးလိုက်တာပဲ ကောင်းတယ်'

ကျောက်အတုမှန်း သိလိုက်ရပြီမို့ ဘာမှထွေထွေထူးထူး ပြောမနေတော့ဘဲ ကျောက်ကို ပြန်ပေးလိုက်ပါသည်။ မှန်ဘီလူးဖြင့် မဟုတ်ဘဲ သာမန် မျက်စိဖြင့် ကြည့်မည်ဆိုလျှင် ဘာချို့ယွင်းချက်မှ မတွေ့နိုင်ပေ။ ထိုကျောက် အတုပြုလုပ်ထားပုံမှာ ပညာသားပါပြီး သပ်ရပ်လှပါသည်။ ကျောက်အတု (အရည်သွင်းထားသောကျောက်)ကို အတွင်းတွင်ထည့်ထားပြီး အပေါ်ဘက် နှင့်အောက်ဘက်တွင် ကျောက်အစစ်ကို ခပ်ပါးပါး ကပ်ထားပါသည်။ ပြီးတော့မှ ရွှံ့မြေများ၊ ကနယ်မြေများ သဘာဝကပ်နေသည့် ပုံသဏ္ဌာန်ဖြစ် အောင် ဖုံးထားပြီး လွတ်နေသည့် ပြသားနေရာကို ကျောက်အစစ်ကပ်ထား ရာ တော်ရုံတန်ရုံနှင့်ကျောက်အတုမှန်း မသိနိုင်တော့ပေ။ စာရေးသူတို့မှာ ကံအားလျော်စွာ ကျောက်အတုနှင့် အစစ်ကပ်ထားသောနေရာအနီးမှ ကော်စ လေးများကို တွေ့မိပြီး ကျောက်အတုမှန်း သိလိုက်ရခြင်းဖြစ်သည်။

'ကံကောင်းလို့ပေါ့ဗျာ။ သည်ပုံသဏ္ဌာန်ကျောက်မျိုးပဲ ပြီးခဲ့တဲ့တစ်ပတ် လောက်က ကျွန်တော့်မိတ်ဆွေတွေ ဝယ်မိပြီး သိန်းချီရှုံးသွားတယ်'

'ကျွန်တော်တို့ အေးအေးဆေးဆေးနဲ့ သေသေချာချာ ကြည့်ဖြစ်လို့ တော်သေးတယ်။ လောဘစိတ်နဲ့သာ ဝယ်လိုက်မိရင် ကောင်းကောင်းကွဲပြီ။

**လက်တွဲဖော်**

www.foreverspace.com.mm

ဒါကြောင့်လည်း ကျောက်အတုရောင်းတဲ့လူက လူများရင် ရိပ်မိမှာစိုးလို့ ကျွန်တော်တို့ကို လူရှင်းတဲ့ဘက် ခေါ်ထုတ်လာတာကိုး'

ရေပူထာပွဲလိုပင် တောပိုင်းတွင်ဖြစ်သည့် ထာပွဲများတွင် နောက်ထပ် ကြုံတွေ့ရသည်မှာ မြို့ပြန်ကျောက်များကို မကြာခဏ ဝယ်မိကြခြင်းဖြစ်သည်။ မြို့ပြန်ကျောက်ဆိုသည်မှာ မြို့ထဲတွင်ပြ၍ နှံ့နေပြီး စျေးမကိုက်သော ကျောက်များကို တွင်းသမားဖြင့်ထည့်၍ တွင်းစပုံသဏ္ဍာန်လုပ်ပြီး ရောင်းခိုင်းခြင်းဖြစ်သည်။ ကျောက်ဆောင်၊ ကတုတ်တပ် လုပ်ကွက်များမှနေ၍ ရေပူထာပွဲရောက်သည်ထိ တစ်မိုင်ဝန်းကျင်ခန့်ခရီးမှာ ကျောက်စောင့်ဝယ်သူ ကုန်သည်များ မပြတ်တမ်းရှိရာ လမ်းတစ်လျှောက် ကျောက်အတုရောင်းသူများနည်းတူ မြို့ပြန်ကျောက်များကို သီးခြားရောင်းသူလည်း ရှိပါသည်။

သူတို့ကတော့ ကျောက်အတုရောင်းသူများနှင့် ဆန့်ကျင်ဖက်ဖြစ်သည်။ ကျောက်အစစ်ကို ကိုင်ထားသူများဖြစ်၍ ကျောက်ပြနေတုန်း လူအုံလာလေ၊ ပိုကြိုက်လေဖြစ်သည်။ ကျောက်ကုန်သည်များ ဆုံလာပြီး အပြိုင်အဆိုင်ဖြစ်လာလျှင် ကျောက်ရောင်းသူဖက်က အားသာသွားပြီး သေချာပေါက် စျေးကောင်းရပြီဖြစ်သည်။ ထို့ကြောင့် မြို့ထဲရှိ ကျောက်ကုန်သည်အချို့မှာ မိမိတို့ရောင်း၍မကိုက်သော ကျောက်များဆိုလျှင် တောပိုင်းထာပွဲများသို့ ထည့်ရောင်းလေ့ရှိသည်။

'စာရေးဆရာ၊ ရှေ့ဆက်လျှောက်ကြည့်ဦးမလား'

'ရောက်ပြီးမှတော့ မထူးတော့ပါဘူး။ ရှေ့တစ်ကွေ့ နှစ်ကွေ့ဆို သဖန်းပင်ရွာတောင် ရောက်ပြီပဲ။ ဆက်သွားကြတာပေါ့ဗျာ'

## မိုးကုတ်အစ သဖန်းပင်က

သဖန်းပင်ရွာမှာ မိုးကုတ်မြို့တွင် အစောဆုံးတည်သော ရွာဖြစ်သည်။ မိုးကုတ်အစ သဖန်းပင်ကဟု ဆိုရိုးစကားရှိပြီး မြန်မာ ၅၇၉၃ခုနှစ်တွင်

www.foreverspace.com.mm

သဖန်းပင်ရွာကို တည်ခဲ့ပါသည်။ ထိုနှစ်သည် မိုးကုတ်မြို့တည်သည့်နှစ်ပင် ဖြစ်သည်။

'မိုးကုတ်မှာ သမိုင်းကြောင်းကိုပဲ ပြောပြော၊ ကျောက်မျက်ရတနာ အကြောင်းကိုပဲပြောပြော သဖန်းပင်ရွာအကြောင်းမပါရင် ပြောလို့ကိုမရဘူး'

'ကြုံတုန်း ရှင်းပြပါဦး စာရေးဆရာရယ်။ ဗဟုသုတပေါ့ဗျာ'

'မြန်မာ ၅၇၉ခုနှစ်။ မိုးမိတ်စော်ဘွား သိုဟန်ဖတ် လက်ထက်မှာပေါ့ ဗျာ။ ရှမ်းမုဆိုး သုံးယောက်ဟာ တောလည်ထွက်ရင်း အခုမိုးကုတ်ဖြစ်မယ့် နေရာကိုရောက်လာကြတယ်။ မိုးလည်းချုပ် လမ်းစလည်းပျောက်နေတာမို့ အဲဒီညမှာ တောင်ခြေရင်း တစ်ခုအနီးက သဖန်းပင်ကြီးပေါ်မှာ တက်အိပ် လိုက်ကြတယ်။ နံနက်လင်းတော့ မနီးမဝေးမှာရှိတဲ့ တောင်ကြားတစ်ခုပေါ် မှာ ကျီးတွေ၊ စွန်တွေ ပျံဝဲပြီးအော်ဟစ်နေတာ တွေ့ရတယ်။ ဒါနဲ့ ထူးခြား တယ်ဆိုပြီး အဲဒီနေရာကို သွားကြည့်တော့ အသားတစ်တွေလို နီရဲနေတဲ့ ကျောက်အနီပတ္တမြားတွေ တွေ့လိုက်ရတယ်။ အဲဒီကျောက်အနီတွေကို ယူခဲ့ ပြီး သူတို့အရှင် စော်ဘွားကြီးကို ဆက်လိုက်တော့ တန်ဖိုးရှိမှန်းသိပြီး ကျောက်တွေ့တဲ့နေရာကို လိုက်ပြခိုင်းတယ်။ ပြီးတော့ အဲဒီနေရာမှာ အိုးစား ၃၀နဲ့ ဟိန်ဆိုတဲ့ အရာရှိတစ်ဦးကို စောင့်ရှောက်နေထိုင်ဖို့ တာဝန်ပေးလိုက် တယ်။ စော်ဘွားကြီးလွှတ်လိုက်တဲ့ လူတွေဟာ သဖန်းပင်ကြီးနားမှာ ရွာတည်ပြီး နေကြရာကနေ သဖန်းပင်ရွာဆိုပြီး အမည်တွင်လာတာပေါ့။ သဖန်းပင်ရွာမှာ နေထိုင်တဲ့ ရှမ်းလူမျိုးတွေ မိသားစုတိုးပွားလာပြီး တိုးချဲ့ နေထိုင်လာရာကနေ မိုးကုတ်မြို့ဆိုပြီး ဖြစ်လာတာပဲ'

'ဒါဆို သဖန်းပင်ရွာတစ်ဝိုက်ဟာ ရှေးက ကျောက်ကြီး၊ ကျောက် ကောင်းတွေ ထွက်ခဲ့တာပေါ့နော်'

'ဟုတ်တယ်။ သည်နေ့ လက်ရှိအခြေအနေကိုပဲ ကြည့်လေ။ ရေပူ၊ သဖန်းပင်၊ ကျောက်ဆောင်၊ ကတုတ်တပ်၊ ကိုးလံ၊ ကျောက်ပုတ်ရွာ တစ်

www.foreverspace.com.mm

ကြောလုံးဟာ မိုးကုတ်မြို့ရဲ့ ကျောက်ထွက်နှုန်း အကောင်းဆုံးဆိုတဲ့ ကွက်ရပ်တွေထဲမှာ ပါနေတာပဲ မဟုတ်လား'

ရေပူထာပွဲမှာ ညနေ ၃နာရီလောက်ဆိုရင် လူကွဲပြီဖြစ်သည်။ အများစုမှာ ရေပူထာပွဲကွဲသည်နှင့် မင်းတံတားထာပွဲသို့ ဆက်၍သွားကြပါသည်။ ရေပူထာပွဲနှင့် မင်းတံတားထာပွဲမှာ လမ်းလျှောက်သွားလျှင် ၁၅မိနစ်ခန့်သာ ကြာပါသည်။ မင်းတံတားထာပွဲသည် မိုးကုတ်မြို့မှအထွက် မန္တလေး၊ မိုးကုတ် ကားလမ်းမကြီးဘေးတွင် ဖြစ်ပါသည်။ မိုးကုတ်သို့တက်လာလျှင် ညနေကားဆိုလျှင် သေချာပေါက် မင်းတံတားထာပွဲစည်ချိန်နှင့် ဆုံတတ်ပါသည်။ မင်းတံတားထာပွဲတွင် အရောင်းအဝယ်ဖြစ်သည့် ကျောက်အများစုမှာ အသေးအညှာများ၊ အစင်အစပ်ကျောက်များသာ ဖြစ်၍ အမျိုးသမီးအုပ်စုက ပိုများပါသည်။

'စာရေးဆရာ၊ ကျွန်တော်တို့ ဘယ်လမ်းကပြန်မလဲ။ မင်းတံတားထာပွဲ



မင်းတံတားထာပွဲ ရှုခင်း

www.foreverspace.com.mm

ဝင်ပြီး မြို့ထဲလမ်းက ပြန်မလား။ ဒါမှမဟုတ် ရွာထဲက အိမ်တွေမှာ ကျောက်လိုက်ဝယ်ရင်း တောလမ်းကပဲ ပြန်မလား'

'ကျွန်တော်တို့က အစပ်ကျောက်နဲ့ အသေးအညှာမှ မဝယ်တတ်တာ။ သည်တော့ တောလမ်းကပဲ ပြန်ပြီး ရွာထဲ ကျောက်ဝင်ဝယ်တာမှ ကိုယ့်အတွက် အကျိုးရှိနိုင်သေးတယ်။ တောလမ်းကပဲ ပြန်ကြတာပေါ့ဗျာ'

နိဂုံး

အမျိုးသားကျောက်ကုန်သည် အများစုမှာ ရေပူထာပွဲမှ အပြန်ခရီးတွင် တောလမ်းကဖြတ်၍ ပြန်သည်က များပါသည်။ တောလမ်းတစ်လျှောက်တွင်လည်း တွင်းပြန်များ၊ ကျောက်စောင့်ဝယ်သူများ ဟိုနားတစ်စု သည်နားတစ်စုရှိရာ သူတို့ထံမှ ကျောက်ဝယ်၍ ရပါသေးသည်။ နေမဝင်သေး၍ အလင်းရောင်ရှိနေသေးလျှင် ရွာထဲရှိ အိမ်များတွင်လည်း ကျောက်ဝယ်၍ ရပါသေးသည်။

ထို့ကြောင့် ခြုံ၍ပြောရမည်ဆိုလျှင် မိုးကုတ်သား ကျောက်ကုန်သည် တစ်ဦးအတွက် အလုပ်ချိန်ဆိုသည်မှာ ကန့်သတ်ချက်မရှိပေ။ နံနက်အစောကြီးမှသည် နေဝင်မိုးချုပ်ထိဖြစ်သော ထာပွဲများသို့ လှည့်ပြီး အချိန်ပေးနိုင်လျှင် ပေးနိုင်သလောက် အလုပ်လုပ်နိုင်ပါသည်။ ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစား လုပ်ကိုင်လိုသူများအတွက် မိုးကုတ်ထာပွဲများသည် အချိန်ပြည့် တံခါးဖွင့်ထားလျက် ရှိပါသည်။ မိုးကုတ်မြို့၏ အဓိက ကျောက်ဈေးကွက်သည်လည်း ထာပွဲများအတွင်းတွင်ရှိရာ မိုးကုတ်သား ကျောက်ကုန်သည်များမှာ ထာပွဲနှင့် ကင်းကွာ၍မရပေ။ ထို့အတူပင် မိုးကုတ်သို့လာသမျှဧည့်သည်တိုင်းကလည်း ထာပွဲထဲသို့ မဖြစ်မနေ အရောက်လာကြရာ မိုးကုတ်ထာပွဲသည် မြို့၏ အချက်အချာအကျဆုံး နေရာဟုလည်း ပြောနိုင်ပါသည်။ ထာပွဲများ တစ်နေ့တခြား စည်ကားလာသည့်နည်းတူ တစ်ဖက်မှလည်း

www.foreverspace.com.mm

ကျောက်ရောင်းကွက်၊ ဈေးကွက်တံခါးများဖွင့်လာရာ ကျောက်မျက်လောကသားများအနေဖြင့် မျက်ခြေပြတ်မခံဘဲ အမီလိုက်နိုင်ကြပါစေဟု ဆန္ဒပြုရင်း မိုးကုတ်ထာပွဲများသို့ လျှောက်လှမ်းကြည့်ခြင်း ဆောင်းပါးကို အဆုံးသတ်လိုက်ရပါသည်။

၂၀၀၂ခုနှစ် အောက်တိုဘာလမှ ၂၀၀၃ခုနှစ် မတ်လအတွင်း
"ရတီမဂ္ဂဇင်း"တွင် လစဉ်ဖော်ပြခဲ့သော အခန်းဆက် ဆောင်းပါးဖြစ်ပါသည်။

**လက်တွဲဖော်**

www.foreverspace.com.mm

# ကျောက်တွင်းမိုးကုတ်

**ကျောက်တွင်းတူးပုံ**

ခွန်ရှိလို့ ခွန်မကိုး
အားရှိလို့ အားမကိုး
မျိုးရှိလို့ မျိုးမကိုး
အဘ ဘိုးဘိုးကြီး မောင်နှံ့ခုနှစ်ဖော်ကို အားကိုးပါတယ်။
(ကျောက်သေတ္တာကြီးများ ဖြန့်ခဲ့တော်မူပါဘုရား)
(အပြစ်စင် ဂေါ်စင်ကျောက်များ ပေးသနားတော်မူပါဘုရား)

(ကျောက်ကြီး၊ ကျောက်ကောင်းများရလျှင်လည်း လှူဖို့၊ တန်းဖို့ရာ မောင်နှံ့ခုနှစ်ဖော်ကို သစ္စာပြုပါတယ် ဘုရား)

အဘ. . . ဘိုးဘိုးကြီး ဆယ်ဘက် ဆယ်တံခါး၊ လေးဘက် လေးတံခါး အပွင့်ဓာတ်များ ပေးသနားတော်မူပါ။

**လက်တွဲဖော်**

www.foreverspace.com.mm

အသံကြား သနားပါစေ။

မျက်နှာမြင် ချစ်ခင်ပါစေ။

ခလုတ်မထိ ဆူးမငြိပါစေနဲ့၊ လိုအင်ဆန္ဒများ ပြည့်ဝပါစေ။

ဘုရားဒကာ၊ ကျောင်းဒကာ၊ ဘုရားအမ၊ ကျောင်းအမ၊ ရေကန်ဒကာ၊ တံတားဒကာများဖြစ်အောင် ကြည့်ရှုစောင်မတော်မူပါ။

ဘေးရန်ခပ်သိမ်း အေးငြိမ်းပါစေ။

အန္တရာယ်ခပ်သိမ်း အေးငြိမ်းပါစေ။

ကျောက်တွင်းလုပ်ခိုက် အမိုက်အမှားများ ရှိလျှင်လည်း ခွင့်လွှတ်တော်မူပါ။ ဘယ်က တစ်ဆုပ်ကြဲ၊ ညာက တစ်လှည်းဝင်ပါစေ။ အိမ်တွင်း-အိမ်ပ၊ တွင်းတွင်း-တွင်းပ၊ လမ်းတွင်း လမ်းပများလည်း အန္တရာယ်ကင်းအောင် စောင့်ရှောက်တော်မူပါဘုရား

**တွင်းဆရာ ကိုအောင်သန်း၏ မိုးကုတ်ပတ္တမြားကျောက်တွင်းနယ်မြေ တစ်ခုလုံးကို စောင့်ရှောက်သော သာသနာစောင့်နတ်တစ်ပါးဖြစ်သည့် ဘိုးဘိုးကြီးအား အပ်နှံပူဇော်သော အစီအစဉ်ပြီးဆုံးသွားသည့်နောက်ပိုင်းတွင်**



ကျောက်တွင်းတစ်တွင်းမှာ မြင်ရမြဲ ရိုးရာနတ်စင်

**လက်တွဲဖော်**

www.foreverspace.com.mm

တွင်းသမားများအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာကြပါပြီ။ ကျောက်တွင်းဖက်စပ်တစ်ခု၏ လုပ်ငန်းစတင်သည့် ပထမဆုံးနေ့ဖြစ်၍လည်း ကုမ္ပဏီပိုင်ရှင်(ဒေသအခေါ် ပေါလန်)ရော၊ မန်နေဂျာများရော၊ တွင်းဆရာများရော၊ တွင်းသမားများပါ အားလုံး စုံစုံညီညီ ရှိနေကြပါသည်။ နေရာသစ်တွင် စတင်၍ ဖော်ထုတ်တူးဖော်လုပ်ကိုင်ခြင်းဖြစ်၍ ချက်ချင်းလက်ငင်း စက်ကြီးများသုံး၍ မလုပ်ကိုင်သေးဘဲ ဖြိုးကြောရှိ၊ မရှိ ဦးစွာအစမ်းတွင်းဖောက်၍ လုပ်ကိုင်ကြမည် ဖြစ်သည်။

'ကဲ... အလုပ်စမယ်ဟေ့။ လိုအပ်တဲ့ ပစ္စည်းတွေယူပြီး လာခဲ့ကြ'

တွင်းဆရာက ဆော်သြလိုက်သံအဆုံးမှာ တွင်းသမားများ အားလုံး ပေါက်တူး၊ ပေါက်ပြားကိုယ်စီနှင့် ရောက်လာကြသည်။ ထို့နောက် တွင်းဆရာ ညွှန်ပြသော မြေကွက်လပ်တွင် စတင်၍ လေးထောင့်သဏ္ဍာန်ကျင်းတစ်ခုဖြစ်လာအောင် တူးဖော်လိုက်ကြသည်။ တွင်းအကျယ်ကို သုံးပေပတ်လည်ခန့်တူးပြီး မြေကြီးအောက် အနက်လေးပေခန့် ရောက်သည်နှင့် တစ်ခါရပ်နားကာ ဘေးမှ မြေသားများ ပြိုမကျအောင် သစ်သားများ၊ ဝါးများ၊ သစ်ရွက်များ သုံး၍ ဘောင်ခတ်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းကို မိုးကုတ်ကျောက်တွင်းလောကအခေါ် အသားခွေသည်ဟု ပြောပြီး ထိုတစ်ခွေစာ ပတ်လည်ကို တစ်ဆက်ဟုခေါ်သည်။

'အသားခွေတဲ့နေရာမှာ အရင်ဆုံး အုံးလို့ခေါ်တဲ့ သစ်သားလေးချောင်းကို တွင်းနံရံလေးဘက်မှာ ပတ်ပတ်လည်ထည့်ရတယ်။ ပြီးရင် အဲဒီ သစ်သားလေးချောင်းနဲ့ ကပ်ပြီး အတွင်းဘက်မှာ ထုတ်လို့ခေါ်တဲ့ သစ်သားလေးချောင်းနဲ့ ပြန်ထောက်ထားရတယ်။ ဒါမှ မြေကြီးရဲ့ တွန်းအားကို တောင့်ခံနိုင်မှာ။ သည်ပုံသဏ္ဍာန်အတိုင်းပဲ တစ်ဆက် အနက်ရောက်ရင် တစ်ခါ သစ်သားပြန်ခွေထည့်ပြီး အဲဒီနှစ်ခုကြားမှာ ဒိုင်းလို့ခေါ်တဲ့ ဝါးချောင်းတွေကို တွင်းနံရံလေးဘက်လုံး ခပ်စိပ်စိပ် ပြန်ထည့်ရတယ်။ အဲဒီ ဝါးတွေ

ကြားမှာ မြက်လို့ခေါ်တဲ့ သစ်ရွက်တွေကို ပြည့်ကြပ်နေအောင် ညှပ်ပြီး ထည့်ရတယ်။ ဒါမှ ဘေးက မြေသားပြိုကျတဲ့ဒဏ်တွေ၊ ခဲလုံးပြုတ်ကျတဲ့ ဒဏ်တွေ ကာကွယ်နိုင်မှာ'

တွင်းဆရာ ကိုအောင်သန်းက ရှင်းပြပါသည်။ ထိုနည်းမှာ လေးပင် တွင်းတူးနည်း ဖြစ်ပြီး ဖိုးမြေသားရောက်သည်အထိ မြေကြီးအောက်ကို တစ်ဖြောင့်တည်း တူးဆင်းသွားရသည်။ မြေကြီးအောက်ရှိ ကျောက်ပါသော ဖိုးချောများမှ လှုာတွန့်တောင်ပမာ အနိမ့်အမြင့် မတူညီဘဲ ရှိနေရာ တချို့ ကွက်ရပ်များမှာ လေး၊ ငါးဆက် အနက်လောက်နှင့် ဖိုးကြောတွေ့ရသလို အချို့ဆို အဆက်နှစ်ဆယ်ကျော်၊ သုံးဆယ်လောက်ရောက်မှ ဖိုးကြောတွေ့ ခြင်းမျိုးလည်း ရှိသည်။

'မြေအောက်တူးရင်း ထွက်လာတဲ့မြေစာ(မြေကြီး)တွေ အပေါ်ရောက်ဖို့ ကတော့ စောကူ(ခေါ်)ဝါးနဲ့ရက်ထားတဲ့ခြင်းနဲ့ထည့်ပြီး အပေါ်ကနေဆွဲယူရ တယ်။ အဲဒီလို ဆွဲယူဖို့အတွက် စက်သီးလို့ခေါ်တဲ့ သစ်သားရစ်ဘီးတစ်မျိုး ကို အသုံးပြုပြီး ကြိုးနဲ့ စောကူကို ချိတ်ပြီးတော့ အတင်အချလုပ်ရတယ်'

လက်ထောက်တွင်းဆရာ ကိုညီညီလွင်က ရှင်းပြခြင်းဖြစ်သည်။

'လေးပင်တွင်းတူးတဲ့နေရာမှာ အဓိကပြဿနာကတော့ မြေကြီးထဲက စိမ့်ထွက်နေတဲ့ ရေပြဿနာပဲ။ ဟိုး အရင်တုန်းက တွင်းတူးရင် ဖိုလို့ခေါ်တဲ့ ဝါးလုံးမှာ မောင်းတံတပ်ပြီး ရေကို စုပ်ထုတ်ကြတယ်။ အနီးစပ်ဆုံး ဥပမာပေးရရင် သင်္ကြန်မှာ ကလေးတွေကစားတဲ့ ရေပြွတ်ပုံသဏ္ဍာန်မျိုးပေ့ါ။ အဲဒီ ရိုးရာနည်းနဲ့ ရေကို စုပ်ထုတ်နိုင်သမျှ အတိုင်းအတာထိ လုပ်ကြပြီး မြေအောက်သိပ်နက်သွားလို့ ရေကို မစုပ်နိုင်တော့ရင် တွင်းကို ရပ်လိုက်ကြ တယ်။ အခုခေတ်မှာတော့ ရေစုပ်စက်တွေ အသုံးပြုပြီး လုပ်လာကြတာမို့ ရေမနိုင်တဲ့ပြဿနာမျိုး မရှိတော့ဘူး။ စက်ခုတ်ချိန်များလို့ ကုန်ကျစရိတ်ပို များသွားတာပဲ ရှိတယ်'

www.foreverspace.com.mm



ကျောက်တွင်းတူးတဲ့အခါ စိမ့်ထွက်လာတဲ့ ရေတွေ၊ ရေတွေ...

တွင်းတူးရင်း မြိုးကြောတွေ့ပြီဆိုရင် မြိုးအတိမ်အနက်(အထုအပါး)နှင့် မြိုးကြောသွားရာ လမ်းအနေအထားကို ကြည့်ပြီး အောက်သို့ဆက်တူးရသည်လည်းရှိသည်။ ဘေးဘက်သို့ ဆက်တူးပြီး ဝင်သွားရသည်လည်း ရှိသည်။ ဘေးဘက်သို့ ဆက်တူးပြီး ဝင်သွားရခြင်းကို မိုးကုတ်ဒေသခံများက ခေါင်းသားထိုးသည်ဟု ခေါ်သည်။

'ခေါင်းသားထိုးတယ်ဆိုတာ ဘေးမျက်နှာပြင်ကို လိုဏ်ခေါင်းတူးဝင်သွားတာကို ပြောတာ။ မြိုးကြောထူရင် လူတစ်ရပ်စာအမြင့်လောက် တူးဝင်သွားပြီး မြိုးပါးရင်တော့ လူတစ်ထိုင်စာအမြင့်လောက်ပဲ တူးဝင်သွားတယ်။ လူကြီးသုံးတောင်(လေးပေခွဲခန့်)ရောက်ရင် တစ်ခါနားပြီး အပေါ်က မြေပြိုမကျအောင် သစ်သားပြန်ခွေရတယ်။ အဲဒီလို သစ်သားတစ်ခွေစာအကျယ်ကို တစ်ထိုးလို့ခေါ်တယ်။ မြေတွင်းရဲ့သဘာဝက အောက်နက်သွားလေအန္တရာယ်ကင်းလေပဲ။ အောက်ခံမြေက အမာခံမြေဆိုတော့ တချို့တွင်းတွေဆို ခေါင်းသားထိုးရင် နှစ်ထိုး၊ သုံးထိုးလောက်ပဲ အသားခွေထည့်ပြီး

www.foreverspace.com.mm

ရှေ့ဆို ဘာအသားမှ မထည့်ဘဲ သည်အတိုင်း တူးဝင်သွားကြတယ်။ အန္တရာယ်အများဆုံးကတော့ ငါးဆက်၊ ခြောက်ဆက်လောက်အနက်ရှိတဲ့ တွင်းတွေပဲ။ အဲဒီတွင်းတွေ အများစုဟာ အပေါ်ယံမြေသားနဲ့နီးတော့ ပွပြီး ကျစ်လစ်မှု နည်းတယ်။ ဘေးကို ခေါင်းရင်လည်း တအားအဝေးကြီး ခေါင်းသွားလို့ မရဘူး။ အဲဒီလို အဆက်နိမ့်တဲ့ တွင်းတွေကျတော့ ဖြိုးကြော ရှည်ရင် ခေါင်းသားကို ဝေးဝေးမထိုးတော့ဘဲ ဖြိုးကြောသွားတဲ့နေရာရဲ့ ထိပ်တည့်တည့်ကနေ တွင်းသစ်ဖောက်ပြီး ပြန်တူးယူကြတယ်'

ကားတစ်စီးမောင်းနေလျှင် ခရီးသည်များ၏ အသက်သည် ကားမောင်း သူ၏လက်ထဲတွင် ရှိသလို တွင်းလုပ်ငန်းစနေချိန်ဆိုလျှင်လည်း တွင်းသမား များ၏အသက်သည် တွင်းဆရာ၏လက်ထဲတွင် ရှိပါသည်။ တွင်းလည်၍ အသက်ဆုံးရှုံးမှုများ၊ တွင်းပြို၍ အသက်ဆုံးရှုံးမှုများ၊ တွင်းထဲတွင် လေပြတ် ၍ အသက်ဆုံးရှုံးမှုများစသည့် မတော်တဆ သေဆုံးရမှုအများစုမှာ လုပ်ငန်း မကျွမ်းကျင်သည့် တွင်းဆရာများ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းနှင့် ဆိုင်ပါ သည်။ မိုးကုတ်ဒေသခံ တွင်းဆရာအများစုသည် ဘယ်ကွက်ရပ်ဆိုလျှင် မြေကြီးအောက်အနက် ဘယ်လောက်တွင် ဖြိုးရှိနိုင်သည်၊ ဖြိုးမြေသား အရောင် ဘာအရောင်ဆိုလျှင် ဘာကျောက်အမျိုးအစားတွေ အများဆုံး ထွက်နိုင်သည်စသဖြင့် ပြောနိုင်သလို တွင်းတစ်တွင်း၏ အောက်ကိုဆင်း လိုက်သည်နှင့် မြေပြိုနိုင်သည်၊ လေပြတ်နိုင်သည်စသဖြင့် သဘာဝဘေး အန္တရာယ်များကိုလည်း ကြိုတင်သိရှိကြပါသည်။

'မြေတွင်းတွေမှာ အများဆုံး လေပြတ်တဲ့အန္တရာယ် ကြုံရတာကတော့ ရေနည်းသွားပြီး အပူရှိန်ပြင်းတဲ့ တပေါင်းလ၊ တန်ခူးလ၊ ကဆုန်လ၊ နယုန် လတွေမှာပဲ။ တချို့တွင်းတွေဆို အောက်မှာ လေရ၊ မရ သိနိုင်အောင် ဖယောင်းတိုင်မီးကို ကြိုးချီပြီး အောက်ကို ဖြည်းဖြည်းချင်း ချကြည့်ရတယ်။ ဖယောင်းတိုင်မီး ငြိမ်းသွားရင် အောက်မှာ လေပြတ်နေပြီ။ ခေါင်းသားထဲ

www.foreverspace.com.mm

ဝင်ရင်လည်း ဖယောင်းတိုင်မီးကို ထွန်းပြီးဝင်ရတယ်။ မီးခဏခဏငြိမ်းနေရင် လေပြတ်တော့မယ့် လက္ခဏာပြတာပဲ။ သည်လိုပဲ ဘက်ထရီမီးနဲ့ ထွန်းပြီးဝင်ရင်လည်း မီးလုံးကျွမ်းတာတို့၊ မီးသီးကွဲတာတို့ ခဏခဏဖြစ်လာရင် လေပြတ်တော့မယ်ဆိုတာ မှန်းဆလို့ရတယ်။ ဒါမျိုး ဖြစ်လာရင် အပေါ်ကနေ ဖားဖို ဆက်တိုက် ဆွဲပြီး လေမပြတ်အောင် လုပ်ပေးရတယ်' တွင်းဆရာ ကိုအောင်သန်းက ရှင်းပြခြင်းဖြစ်သည်။

လေးပင်တွင်းတူးနည်းစနစ်မှာ မိုးကုတ်ကျောက်တွင်းနယ်မြေတွင် အများစုလုပ်ကိုင်သော နည်းစနစ်ဖြစ်ပြီး တွင်းတစ်တွင်းလျှင် ပုံမှန် လူငါး ယောက်ခန့်လိုပါသည်။ ရေထွက်များသော တွင်းများ၊ အဆက်နက်သော



လေးထောင့် သစ်သားကန်ထဲမှာ ဗြုန်းဆေးနေကြတဲ့သူတွေ

www.foreverspace.com.mm

တွင်းများဆိုလျှင် လူထပ်တိုးပြီး တွင်းဆရာ နှစ်ဦးတွဲလုပ်လေ့ရှိသည်။ ရလာသော ဖြိုးများကို ရေမှုန်ခေါ် လေးထောင့်သစ်သားကန်ထဲတွင် ထည့်၍ ရေအားဖြင့် ပြန်ဆေးယူကြသည်။(သစ်သားကန်အစား အောက်ခြေတွင်ရော၊ လေးထောင့်ပတ်ပတ်လည်တွင်ရော ခဲစီ၍ ကန်ငယ်ပုံသဏ္ဌာန်လုပ်ပြီး ဖြိုး ဆေးခြင်းမျိုးလည်း ရှိပါသည်။)

ယနေ့ ဖက်စပ်ခေတ်တွင်မူ လေးပင်တွင်းတူးနည်းဖြင့် ဖြိုးကြောရှာဖွေ၍ အစမ်းစစ်ဆေးကြည့်ပြီးနောက် ကျောက်ထွက်နှုန်းလည်း ကောင်းသည်၊ ဖြိုးကြောလည်း ထူပြီး ပတ်ပတ်လည်နေရာအနှံ့ ရှိပြီဆိုလျှင် နောက်တစ်ဆင့် စက်ကြီးများသုံး၍ အကြီးအကျယ် လုပ်ကိုင်ကြပါသည်။ ခေတ်မီစက်ကြီး များအသုံးပြုပြီဆိုလျှင် အင်းမြဲတူးဖော်နည်းဖြင့် လုပ်ကိုင်ကြပါသည်။ အင်းမြဲ တူးဖော်နည်းဆိုသည်မှာ တွင်းကို အင်းအငယ်စားပုံသဏ္ဌာန် ဧရိယာကျယ် ကျယ် တူးလိုက်ပြီး အောက်ခြေမှ ဖြိုးကြောကို ရှာဖွေသောနည်းဖြစ်သည်။

"အရင်တုန်းကတော့ အင်းမြဲတွင်းလုပ်ရင် လူအားနဲ့ပဲ တူးဖော်လုပ်ကိုင် ရတာမို့ ဖြိုးကြောတိမ်တဲ့ နေရာတွေလောက်ပဲ လုပ်လို့ရတယ်။ တွင်းသမား အခေါ်ဆိုရင်တော့ အပေါ်ဖြိုးပဲ စားလို့ရတယ်။ အောက်ဖြိုးစားလို့မရဘူးပေါ့ ဗျာ။ အခုခေတ်ကျတော့ စက်ကြီးတွေနဲ့ လုပ်ကိုင်တာမို့ ဖြိုးရှိလို့ကတော့ ဘယ်လောက်နက်နက် ကုန်အောင်စားတာပဲ။ တွင်းတူးနေရင်း ရေထွက်လာ လို့ အင်းဖြစ်လာရင် မြေကြီးရော၊ ရေရော အားလုံးကို ရောပြီး ပိုက်နဲ့ စုပ်ထုတ်ပစ်လိုက်တယ်။ ဖြိုးကြောရောက်ရင် ဖြိုးမြေသားကို ရေနဲ့ရောစုပ် ပြီး အပေါ်မှာရှိတဲ့ သစ်သားကန်ဆီ ပို့လိုက်တယ်။ အဲဒီ သစ်သားကန်မှာ တွင်းသမားတွေကစောင့်ပြီး မြေကြီးနဲ့ရောပါလာတဲ့ ခဲတွေကို ကန်ထောင့် တစ်ဘက်ကနေ အောက်ရောက်သွားအောင် ဆွဲချရတယ်။ ဖြိုးပါတဲ့ရေစီး ချောင်းကိုတော့ ဖြိုးဆေးစက်ကနေတစ်ဆင့် ဖြတ်စီးစေပြီး စက်နဲ့ပဲ ဖြိုးဆေး တဲ့စနစ်ကို ကျင့်သုံးကြတယ်။ အခု အင်းမြဲတူးဖော်နည်းဆိုတာကလည်း

www.foreverspace.com.mm

လက်နဲ့လုပ်တဲ့နေရာမှာ စက်ကို အစားထိုးပြီး လုပ်ကိုင်တာပဲကွာတယ်။ နည်းစနစ်ကတော့ လုံးဝ မပြောင်းသွားဘူး။ ရှေးက လုပ်ခဲ့တဲ့ နည်းစနစ်တွေပဲ။ လူအားနေရာမှာ စက်အားကို အသုံးပြုလာတာမို့ လုပ်ငန်းတွင်ကျယ်မှုကတော့ တအားကွာတယ်။ အရင်က နှစ်ချီလုပ်ရမယ့် အလုပ်တွေဟာ လပိုင်းအတွင်းမှာပဲ ပြီးသွားတယ်'



အင်းမြဲ (အင်းပြဲ)

အင်းမြဲတွင်းတူးနည်းစနစ်တွင် ခေတ်မီစက်ကြီးများသုံး၍ လုပ်ကိုင်တော့မည်ဆိုလျှင် နော်ဇယ်ထိုးစက်၊ မီးစက်၊ ဖြိုးစုပ်စက်၊ ဖြိုးဆေးစက်နှင့် ၄လက်မ ပိုက်ပျော့များ၊ ၆လက်မ သံပိုက်လုံးများ မဖြစ်မနေလိုအပ်ပါသည်။

'အခု စက်တွင်းတွေမှာ လက်ရှိ အသုံးပြုနေတဲ့ စက်ပစ္စည်းတွေရဲ့ ဈေးနှုန်းကို အနီးစပ်ဆုံးပြောရရင် အင်ဂျင်(15.1A) အမျိုးအစား ဖြိုးစုပ်စက်ဆို ၁၇သိန်းဝန်းကျင်၊ အင်ဂျင် ၂၂ကောင်အား မီးစက်ဆိုရင် သုံးသိန်းခွဲဝန်းကျင်၊ ဖြိုးဆေးစက်ဆိုရင် ၁၅သိန်းဝန်းကျင်၊ နော်ဇယ်ထိုးစက် အုပ်စုံဆိုရင် ၂၅သိန်းဝန်းကျင် အသီးသီးရှိတယ်။ ၄လက်မ ပိုက်ပျော့ဆိုရင် တစ်ခွေကို

www.foreverspace.com.mm

တစ်သိန်းဝန်းကျင် ဈေးရှိပြီး၊ ဖလက်မသံပိုက်တွေဆိုရင် တစ်ချောင်းကို ရှစ်သောင်းကျပ်ဝန်းကျင်ဈေးရှိတယ်။ တွင်းနက်သွားရင် နက်သလောက်၊ စွန့်ပစ်ရေတွေ ထုတ်ပစ်တဲ့နေရာ ဝေးရင်ဝေးသလောက် ဖလက်မသံပိုက်တွေကို အချောင်း ၂၀ကနေ ၅၀လောက်ထိ သုံးရတယ်။ သည်ကြားထဲ ခဲများတဲ့ ကွက်ရပ်တွေဆိုရင် ခဲဖောက်ဖို့ ဂန်းတွေ ဝယ်သုံးရသေးတယ်။ ပြီးတော့ လူနေတဲ၊ စက်တဲတွေ ဆောက်တဲ့စရိတ်၊ စက်သုံးဆီ စရိတ်၊ စားသောက်စရိတ်တွေနဲ့ဆိုရင် ပုံမှန်စက်တွင်းတစ်တွင်း စပြီဆိုတာနဲ့ သိန်း ရာဂဏန်းကတော့ အနည်းဆုံး ရင်းနှီးမြှုပ်နှံထားရတော့တာပါပဲ"

မိုးကုတ်မြို့တွင် ဖက်စပ် လေး၊ ငါးခန့်ကို ဦးစီးလုပ်ကိုင်နေသော ကုမ္ပဏီပိုင်ရှင်(ပေါလန်)တစ်ဦးမှ ပြောကြားခြင်းဖြစ်သည်။ (မှတ်ချက်- ထိုပေါလန် လုပ်ကိုင်နေသော ဖက်စပ်တွင်းများ၏ ရင်းနှီးမြှုပ်နှံမှုသည် သိန်းတစ်ထောင်ဝန်းကျင်ရှိကြောင်း သိရပါသည်။)

### ကျောက်တွင်း စရိတ်နှင့် လုပ်အားခအထွေထွေ

ပတ္တမြားမြေ မိုးကုတ်မြို့တွင် ကျောက်တွင်းတူးလုပ်ငန်းစသည်နှင့် မိမိတို့၏ တွင်းပိုင်နက် ဧရိယာအတွင်းတွင် ရိုးရာစင်များလုပ်၍ ကျောက်တွင်းစောင့်နတ်၊ မြို့စောင့်နတ်ဖြစ်သော ဘိုးဘိုးကြီးကို အပ်နှံပူဇော်သည့်နည်းတူ ဖြိုးဆေး၍ ကျောက်ရွေးမည့်အဆင့်သို့ ရောက်ပြီဆိုလျှင်လည်း မိုးကုတ်မြို့ ရှမ်းစုရပ်ရှိ ဘိုးဘိုးကြီးနတ်နန်းသို့ သွားရောက်၍ ပူဇော်ပသ ကျောက်တောင်းပြီးမှ ဖြိုးဆေးကျောက်ရှာသည့် ဓလေ့ရှိပါသည်။ ထိုဓလေ့သည် ဘိုးတော်မင်းတရားကြီး လက်ထက် မြန်မာသက္ကရာဇ် ၉၉၅(အေဒီ၁၆၃၃)ခုနှစ်ကတည်းက ရှိခဲ့ကြောင်း သိရသည်။ ထိုခေတ်က မိုးကုတ် သုံးမြို့ခေါ် မိုးကုတ်၊ ကြပ်ပြင်၊ ကသည်းကို အုပ်ချုပ်ရသော စို့သူကြီး နေမျိုးသီဟရာဇာ ဆက်သွင်းရသည့် ပုရပုဒ်စာလွှာတွင် ဘိုးဘိုးကြီးအပါအဝင် နတ်ကြီး

www.foreverspace.com.mm

'ဂု'စင်သို့ ကျောက်ထွက်ကောင်းအောင် တစ်နှစ်လျှင် နှစ်ကြိမ်ပူဇော်ပသရကြောင်း၊ ကျောက်တွင်း လုပ်ငန်းသွားလျှင် နတ်မကြိုက်သောအရောင် (အနက်ရောင်)ကို ဝတ်ဆင်ခြင်း မပြုရကြောင်း၊ အနေအထိုင်နှင့် စကားအပြောအဆိုများ ဆင်ခြင်ရကြောင်းတို့ကို အကျယ်တဝင့် ရေးသားဖော်ပြထားပါသည်။ ထို့အပြင် ကျောက်တွင်းတူးလုပ်ငန်းလုပ်ရင်း ထိခိုက် သေဆုံးမှု ရှိခဲ့လျှင်လည်း နတ်စင်ကြီး 'ဂု'စင်ကို ထိခိုက်သူက ပူဇော်ရကြောင်း၊ ကန်တော့ပွဲ၊ မုန့်ပွဲ၊ သစ်သီးမျိုးစုံ၊ မီးတိုင်တို့နှင့် ပသတင်မြှောက် တောင်းပန်ပြီးမှသာ တွင်းကို ဆက်လက်၍ လုပ်ကိုင်ကြကြောင်း သိရသည်။ ထို့အတူပင် ဘုရင်မင်းတရားကြီးကိုယ်တိုင် ထုတ်ပြန်သော အမိန့်တော်တွင်လည်း ပတ္တမြားတွင်းများ တူးဖော်လုပ်ကိုင်စဉ်တွင် ဝတ်ရသော အဝတ်၊ မဝတ်ရသော အဝတ်၊ ကျောက်တွင်းတူးအရပ်သို့ ယူသွားစားသောက်ရသော အစားအစာ၊ မယူသွား မစားသောက်ရသော အစားအစာ၊ နတ်မင်းတို့ မကြိုက်မနှစ်သက်သော အပြောအဆို၊ အကျင့်အကြံ၊ မဆက်ဆံသင့်သော အမူအရာများကို သတ်သတ်မှတ်မှတ် ထုတ်ပြန်ပေးခဲ့သလို ကျောက်တွင်းစောင့်နတ်များသို့ အမိန့်ပြန်သည့် စာလွှာကိုလည်း သီးခြားထည့်ပေးခဲ့ကြောင်း သိရသည်။

မြန်မာဘုရင်များ အုပ်ချုပ်စဉ်အချိန်ကာလများတွင် မိုးကုတ်ပတ္တမြားကျောက်တွင်းများကို အဓိက ကြီးကြပ်အုပ်ချုပ်သူမှာ စို့သူကြီးများဖြစ်သည်။ ကျောက်တွင်းတူးလုပ်ငန်းများကိုမူ ဒေသခံများအား ကြိုက်ရာနေရာတွင် လွတ်လပ်စွာ တူးဖော်လုပ်ကိုင်ခွင့် ပေးထားပါသည်။ သီးခြားအခွန်ဆောင်စရာမလိုဘဲ သတ်မှတ်ထားသည့် စံကျောက်အဆင့်မီ ကျောက်များရမှသာ စို့သူကြီးမှတစ်ဆင့် ဘုရင်မင်းမြတ်ထံသို့ ဆက်သရပါသည်။ ကျန်ကျောက်များကိုမူ ပတ္တမြားကျောက်တွင်း နယ်မြေအတွင်း လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုခဲ့ပါသည်။ ယနေ့ ဖက်စပ်ခေတ်တွင်မူ ကျောက်တွင်းတူးလုပ်ငန်းများ

www.foreverspace.com.mm

ကြီးကြပ်ရန်အတွက် မန်နေဂျာများခန့်ထားပြီး သူတို့၏ လက်အောက်တွင် တွင်းအကြပ်များ၊ တွင်းဆရာများ၊ လက်ထောက်တွင်းဆရာများကို အဆင့်ဆင့် ပြန်ခန့်ထားပါသည်။

မြိုးဆေးပြီးနောက် ကျန်ရစ်ခဲ့သည့် သဲပတ်(သဲဖတ်)ထဲမှ ကျောက်ပြန်ရှာရွေးသည့် အလုပ်ကိုမူ မန်နေဂျာနှင့် တွင်းဆရာများကိုယ်တိုင် ဝင်ရောက်လုပ်ကိုင်ကြပြီး နေ့စဉ်ရသမျှ ကျောက်များကို တံဆိပ်စည်း၍ လုံခြုံသောနေရာတွင် သိမ်းထားပါသည်။ ကျောက်များကို တံဆိပ်စည်းရာတွင် မန်နေဂျာ၊ တွင်းဆရာနှင့် တွင်းသမားများထဲမှ ကိုယ်စားလှယ် တစ်ဦးဦး မျက်နှာစုံညီ စုံမှ စည်းပါသည်။

'ရသမျှ ကျောက်တွေကို နှစ်ပတ်တစ်ခါ ဒါမှမဟုတ် တစ်ပတ်တစ်ခါ လောက်မှ စုဖောက်ပြီး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးရုံးကို ပြရပါတယ်။ ရုံးက ဈေးဖြတ်ပေးပါတယ်။ အဲဒီလို သက်ဆိုင်ရာက ဖြတ်ပေးတဲ့ဈေးနှုန်းရဲ့ ၂၀%ကို ပေးသွင်းပြီးပြီဆိုရင် သည်ကျောက်တွေကို ပြည်တွင်းမှာ လွတ်လပ်စွာ ပြန်ရောင်းလို့ရပါတယ်။ ကျွန်တော်တို့ကတော့ တန်ဖိုးကြီးတဲ့ ကျောက်တွေကို ရန်ကုန်ကျောက်ဈေးကွက်မှာ အားထားရောင်းပြီး အောက်ပိုင်းကျောက်ထုပ်တွေကိုတော့ ဖက်စပ်လုပ်ငန်းခွင်အတွင်းမှာပဲ လေလံပစ်ရောင်းပါတယ်'

ပင့်ကူတောင်ကျောက်တွင်း ဖက်စပ်မန်နေဂျာ တစ်ဦးဖြစ်သူ ကိုအောင်စိုးက ပြောပြခြင်းဖြစ်သည်။ ဖက်စပ်ကျောက်တွင်းလုပ်ငန်းများ စတင်ခါစ အချိန်ကမူ တွင်းမှထွက်သော ကျောက်များ ပြန်ရောင်းရာတွင် ခင်ရာမင်ရာ မိတ်ဆွေကျောက်ကုန်သည်များကို ဦးစားပေးရောင်းကြပါသည်။ နောက်ပိုင်းတွင်မူ အဖက်ဖက်မှ ကုန်ကျစရိတ်များ မြင့်မားလာမှုကြောင့် ဈေးအမြင့်ဆုံး ရနိုင်သည့် လေလံတင်ရောင်းသည့်စနစ်ကို ကျင့်သုံးခဲ့ရကြောင်း ကျောက်တွင်း လုပ်ငန်းရှင် အများစုက ပြောပါသည်။

## လက်တွဲဖော်

www.foreverspace.com.mm

လုပ်ငန်းရှင်နှင့် တွင်းသမားများ ပြန်လည်ခွဲဝေရာတွင်မူ ကျောက်တွင်းလုပ်ငန်းခွင် တစ်ခုနှင့်တစ်ခု မတူဘဲ အနည်းငယ်ကွာခြားမှု ရှိပါသည်။ အများစုမှာ လုပ်ငန်းရှင်မှ ၇၅%နှင့် တွင်းသမားများမှ ၂၅% ခွဲဝေယူကြသည်။ အချို့ကလည်း တွင်းသမားများကို ၃၀% ခွဲပေးပါသည်။

'လုပ်ငန်းစတဲ့ အချိန်ကစပြီး လုပ်ငန်းပြီးတဲ့အချိန်ထိ တွင်းသမားတွေရဲ့ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးကိစ္စတွေကို ကုမ္ပဏီပိုင်ရှင်(တွင်းပေါလန်)ကပဲ အစစအရာရာ တာဝန်ယူရတယ်။ ဖက်စပ်ကျောက်တွင်းလုပ်ငန်းခွင်ထဲမှာ တွင်းသမားတွေနေဖို့ အိမ်တွေ ဆောက်ထားပေးပြီး နေ့စဉ် စားရေး၊ သောက်ရေးကို စီစဉ်ပေးရတယ်။ ကျွန်တော်တို့ဖက်စပ်ကတော့ နံနက် ၇နာရီမှာတစ်ကြိမ်၊ နေ့လည် ၁၂နာရီမှာ တစ်ကြိမ်၊ ညနေ ၆နာရီမှာ တစ်ကြိမ် တစ်ရက်ကို ထမင်းသုံးကြိမ်ကျွေးပါတယ်။ လပြည့်လကွယ် အခါကြီး ရက်ကြီးတွေမှာ နားရက်ပေးပြီး အပြင်ထွက်လည်ခွင့်ပေးပါတယ်'

ကျောက်ပုတ် ဖက်စပ်မန်နေဂျာ ကိုအိုက်စူးက ရှင်းပြခြင်းဖြစ်သည်။ ပုံမှန် ဖက်စပ်ကျောက်တွင်းတစ်တွင်းလျှင် တွင်းသမားပေါင်း ၅၀နှင့်၁၀၀ ဝန်းကျင်ကြားတွင် ရှိပါသည်။ တစ်နယ်တစ်ကျေး ရပ်ဝေးမှလာရောက်လုပ်ကိုင်ကြသော တွင်းသမားများ ရှိသလို ဒေသခံတွင်းသမားများလည်း ရှိပါသည်။ ဖက်စပ်ကျောက်တွင်း လုပ်ငန်းခွင်တစ်ခုအတွင်း စာရေးသူ၏ မိတ်ဆွေတစ်ဦးဖြစ်သူ တွင်းသမား ကိုလှနိုင်ထွန်းနှင့် ဆုံမိတော့ သူ၏ လက်ရှိလုပ်ကိုင်နေရသော အနေအထားကို အောက်ပါအတိုင်း ရှင်းပြပါသည်။

'ကျွန်တော်ကတော့ တွင်းတောမှာနေ၊ တွင်းတောမှာစား၊ တွင်းတောမှာ အိပ်ဆိုတော့ အဆင်ပြေပါတယ်။ ကိုယ့်အတွက် စားဖို့၊ သောက်ဖို့ စရိတ်ငြိမ်းဆိုတော့ ဘာမှ မပူရပါဘူး။ ဒါပေမယ့် နောက်ပိုင်းမှာ ကျန်နေတဲ့

www.foreverspace.com.mm

မိသားစုရဲ့ စားဝတ်နေရေးက ရှိသေးတော့ ကျွန်တော့်အစုကို ထက်ဝက်စားနဲ့ရောင်းထားရတယ်။ ထက်ဝက်စားဆိုတာ ကိုယ့်အစုကို တစ်လနှစ်သောင်းနှုန်းသတ်မှတ်ရင် ငွေတစ်သောင်းနဲ့ ကိုယ်ရဲ့ရပိုင်ခွင့် ထက်ဝက်ခွဲ ရောင်းလိုက်တာပါပဲ။ တစ်မတ်စုရင် တစ်လငါးထောင်နှုန်းပေါ့။ အဲဒီလို ထက်ဝက်စား (ဒါမှမဟုတ်)တစ်မတ်စားယူထားရင် တွင်းသိမ်းပြီးလို့ ကိုယ့်အစုကိုဖြတ်တဲ့အခါ ကိုယ်ရတဲ့ငွေရဲ့ ထက်ဝက်(ဒါမှမဟုတ်) တစ်မတ်(လေးပုံတစ်ပုံ)ကို ခွဲပေးရတယ်။ တချို့ ဖက်စပ်လုပ်ကွက်တွေက နှစ်လ တစ်ခါ၊ သုံးလတစ်ခါမှ ကျောက်စုပြီး ရောင်းတာရှိသလို တချို့ဖက်စပ်တွေကလည်း တစ်နှစ်တာလုံး စုထားပြီး တွင်းနားချိန်ကျမှ ရောင်းတာမျိုးလည်းရှိတယ်။ သည်စနစ်ဟာ ငွေလုံးခနဲရပေမယ့် ကြားအချိန်တွေမှာ ကိုယ်က ဝင်ငွေမရှိတော့ အခုလိုပဲ လစဉ် ထက်ဝက်စား(ဒါမှမဟုတ်)တစ်မတ်စားယူပြီး အိမ်စရိတ်ကို ပြန်ထောက်နေရတယ်’

မိုးကုတ်ကျောက်တွင်းလုပ်ငန်းများတွင် ကံစား(အစုစား)မဟုတ်ဘဲ၊ နေ့စား(သို့မဟုတ်)လခနှင့် အပြတ်လုပ်ကိုင်သော အလုပ်သမားများလည်းရှိသည်။ နေ့စားသမားများမှာ တွင်းလုပ်ငန်းစခါစ ခေါင်းမိုး(ခေါ်)အပေါ်ယံမြေသားများ ရှင်းလင်းချိန်တွင် တွင်းလုပ်ငန်း တွင်ကျယ်စေရန်အတွက် သီးခြားခေါ်၍ လုပ်ကိုင်သော လူစားမျိုးဖြစ်သည်။ ထိုသို့ ဝင်ရောက်လုပ်ကိုင်သူများမှာ တစ်နေ့လျှင် ၇၀၀/-နှုန်း ဝန်းကျင်ရပြီး ဖြိုးကြောပေါက်လျှင် ဆက်လုပ်စရာမလိုတော့ဘဲ အလုပ်နားရပါသည်။ လခစားဘဝဖြင့် သီးခြားလုပ်ကိုင်သူများမှာမူ စားဖိုမှူးများ၊ စက်ဆရာများဖြစ်သည်။ စားဖိုမှူး၏ တာဝန်မှာ တွင်းသမားများအား ချက်ပြုတ်ကျွေးမွေးရန်ဖြစ်ပြီး တွင်းသမားအနည်းအများပေါ် မူတည်ကာ စရိတ်ငြိမ်း တစ်လတစ်သောင်းမှနေ၍ နှစ်သောင်းထိရပါသည်။ စက်ဆရာ၏ တာဝန်မှာမူ ကျောက်တွင်းလုပ်ငန်းတစ်ခုလုံး၏ စက်ပစ္စည်းများ ပျက်စီးသမျှ ပြုပြင်ပေးရန်၊ စက်များကို

www.foreverspace.com.mm

လိုအပ်သလို ရွှေ့ပြောင်း တပ်ဆင်ပေးရန်ဖြစ်ပြီး စရိတ်ငြိမ်းတစ်လ ဆိုးသောင်းမှနေ၍ ငါးသောင်းထိရပါသည်။ ထိုသို့ လခဖြင့် အပြတ်လုပ်ကိုင်သော အလုပ်သမားများ၏ ရရှိသော လစာငွေမှာ ကျောက်တွင်းဖက်စပ်လုပ်ငန်းခွင် တစ်ခုနှင့်တစ်ခု မတူပေ။ ကျောက်ထွက်နှုန်း ကောင်းမကောင်းနှင့် လူအနည်းအများပေါ် မူတည်ပြီး ကွာခြားမှုရှိသည်။

လခလည်းရ၊ တွင်းမှကျောက်ထွက်လျှင် အစုလည်းရသောလူတန်းစားမှာ မန်နေဂျာနှင့် တွင်းအကြပ်များဖြစ်သည်။ ကျောက်တွင်းတူးလုပ်ငန်းခွင်တွင် များသောအားဖြင့် မန်နေဂျာအဖြစ် တာဝန်ယူရသူများတွင် တွင်းပိုင်ရှင်၏ လူယုံများ၊ ဆွေရိပ်မျိုးရိပ် မကင်းသူများသာဖြစ်သည်။ မန်နေဂျာနှင့်တွင်းအကြပ်များ အများစုရသော လစာငွေမှာ ထောင်ပိုင်းမျှသာ ဖြစ်သော်လည်း တွင်းတိုင်းမှရသော ကျောက်ထုပ်တိုင်း အစုစပ်ပါပြီးဖြစ်ရာ ကျောက်တွင်းလောကတွင် နေရာကောင်းရသူများ၊ အခွင့်အလမ်းကောင်း အများဆုံးရသူများဟု ပြောနိုင်ပါသည်။

မိုးကုတ်ကျောက်တွင်းလောကတွင် မြေတွင်းများကို မှီ၍ သီးခြားလုပ်ကိုင်စားသောက်သူ လူတန်းစားတစ်ရပ်မှာ ခန္ဓဲဆေးသမားများဖြစ်သည်။ ခန္ဓဲဆေးသမားဆိုသည်မှာ ဖက်စပ်ကျောက်တွင်း(မြေတွင်း)များမှ စွန့်ထုတ်ပစ်လိုက်သော ကနယ်ရေများ၊ ဖြိုးဆေးရေများ စီးသွားရာ မြောင်းတစ်လျှောက်တွင် ကျောက်ပြန်ရှာသူ လူတန်းစားများကို ခေါ်ဆိုခြင်းဖြစ်သည်။ ထိုသို့ တွင်းမှ စွန့်ထုတ်ပစ်သည့် မြောင်းမြီးမှရေများကို သံဆန်ကာဖြင့် ပြန်ဆေး၍ ကျောက်ရှာသူများမှာ တွင်းတစ်တွင်းလျှင် အနည်းဆုံး၁၀ဦးဝန်းကျင်ခန့်ရှိသည်။ မြေတွင်းများကို မှီ၍ ခန္ဓဲဆေးသူများ ရှိသလို ခဲတွင်းများကို မှီ၍ ခဲစာထုကာ မိသားစု စားဝတ်နေရေးကို ဖြည့်ဆည်းရပ်တည်နေသူများလည်း ရှိပါသည်။ ခဲတွင်းများနှင့် နီးသော ရွာများဆိုလျှင် မိသားစုများစွာမှာ ခဲစာထုသည့်လုပ်ငန်းတစ်ခုတည်းကိုသာ အားထား၍လုပ်ကိုင်ကြ

www.foreverspace.com.mm

သည်။ ခဲတွင်းများအလုပ်ဖြစ်ချိန်ဆိုလျှင် ခဲစာထုသူ လူဦးရေသည် ခန္တဲဆေးသူ လူဦးရေထက် ပိုများပါသည်။ ခန္တဲဆေးသူ၊ ခဲစာထုသူများ၏ ဝင်ငွေကို မှီ၍ စားသောက်သူမိသားစုများလည်း နောက်ကွယ်တွင် ရှိပါသေးသည်။ ထို့ကြောင့် မိုးကုတ်ကျောက်တွင်းနယ်မြေတွင် ဖက်စပ်ကျောက်တွင်းများ၏ စွန့်ပစ်လုပ်ငန်းများ၊ တစ်နည်းအားဖြင့် ခန္တဲဆေးလုပ်ငန်းနှင့် ခဲစာထုလုပ်ငန်းများကို မှီ၍ လုပ်ကိုင်စားသောက်သူ လူဦးရေမှာ သောင်းဂဏန်းထိရှိနိုင်ကြောင်း အကြမ်းဖျဉ်း ကောက်ချက်ချနိုင်ပါသည်။



ဖြုံးဆေးပြီးသား သဲပတ်(သဲဖတ်)ထဲမှာ ကျောက်ရလေနိုး မျှော်ကိုးသူများ


"ခန္တဲဆေးတဲ့ လုပ်ငန်းဆိုတာ အခုခေတ်မှ ပေါ်လာတဲ့အလုပ် မဟုတ်ဘူး။ အင်္ဂလိပ်ခေတ်တုန်းကတည်းက ရှိခဲ့တာပါပဲ။ အင်္ဂလိပ်ခေတ်တုန်းက ခန္တဲဆေးလုပ်ငန်း၊ သဲပတ်ရွေးတဲ့လုပ်ငန်းဆိုတာ အမျိုးသမီးတွေပဲ လုပ်တဲ့ လုပ်ငန်းလို့ သတ်မှတ်ထားတာ။ ကွာခြားမှုကတော့ သည်ခေတ်မှာ ခန္တဲဆေးသမားတွေဟာ ခန္တဲဆေးခွင့်ရဖို့ဆိုပြီး သီးခြားအခကြေးငွေ ပေးရတာမျိုး မရှိဘူး။ ဘယ်ဖက်စပ်ကျောက်တွင်းရဲ့ မြောင်းမြီးမှာမဆို လွတ်လွတ်

www.foreverspace.com.mm

လပ်လပ် ဝင်ဆေးလို့ရတယ်။ ကျောက်ရလာရင်လည်း ပိုင်ဆိုင်ခွင့်အပြည့်ရှိတယ်။ ဖက်စပ်ကို ခွဲပေးဖို့ မလိုဘူး။ အင်္ဂလိပ်ခေတ်တုန်းကတော့ သူတို့စွန့်ပစ်တဲ့ သဲပတ်တွေမှာ ကျောက်ဝင်ရှာချင်တယ်ဆိုရင် ကုမ္ပဏီကို တစ်လ ၂၀ဝိ/- နှုန်းပေးရတယ်။ ပြီးတော့ အဲဒီလိုပဲ သဲပတ်ရွေးပြီး ကျောက်ရှာတဲ့ အလုပ်ကိုလည်း အမျိုးသမီးတွေပဲ လုပ်ရတယ်။ အမျိုးသားတွေကို လုံးဝ လုပ်ခွင့် မပေးဘူး။' အင်္ဂလိပ်ခေတ်ကျောက်တွင်းတူးလုပ်ငန်းများကို မီခဲ့သူ အသက် ၈၀ကျော်အရွယ်ရှိ အဘ ဦးစံမြကြ ပြောပြခြင်းဖြစ်သည်။

အင်္ဂလိပ်ခေတ်(ဘားမားရူဘီမိုင်း ကုမ္ပဏီလီမိတက်)၏ ကျောက်တွင်းတူးလုပ်ငန်း လုပ်ကိုင်ပုံအဆင့်ဆင့်ကို ဗဟုသုတအဖြစ် ဖော်ပြလိုပါသည်။

ကုမ္ပဏီသည် အင်းမြဲခေါ် စက်တွင်းများကို ဦးစားပေးလုပ်ကိုင်ခဲ့ပြီး




ကိုလိုနီခေတ်က ကျောက်တွင်းလုပ်ငန်း လုပ်ကိုင်နေကြပုံ

www.foreverspace.com.mm



ရှေးဦးစွာ အပေါ်ယံမြေသားများအား ရှင်းပစ်သည့် ခေါင်းမိုးကျင်း လုပ်ငန်းနှင့် အောက်ခြေဖြိုးတူးသည့်လုပ်ငန်း ရောက်သည်ထိ အလုပ်သမား လူအင်အားဖြင့် လုပ်ကိုင်လိုက်သည်။ ဖြိုးကြောရောက်ပြီဆိုလျှင် တွင်း၏အောက်ခြေမှနေ၍ အပေါ်ရှိ ဖြိုးဆေးစက်သို့ ရောက်သည်ထိ သံလမ်းများခင်း၍ ဆက်သွယ်လိုက်ပါသည်။ ထို့နောက် သံလမ်းအတိုင်း သော့ခတ်ထားသော ဖြိုးလှည်းများကို စက်သီးများ၊ သံမဏိကြိုးများ အကူအညီဖြင့် အတင်အချ ပြုလုပ်ပါသည်။ ဖြိုးဆေးစက်ရှိရာသို့ ရောက်လာသော ဖြိုးများကို ရေမုံခေါ် အချင်း ၁၄ပေခန့်ရှိ ပက်လက်အိုးကြီးထဲသို့ သွန်ထည့်ကာ ရေအားဖြင့် သဲများ၊ ရွံ့များ၊ ခဲလုံးများ စင်သွားအောင် ဆေးလိုက်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းကို ရေပန်းရိုက်သည်ဟုလည်း ခေါ်ပါသည်။ ရေဆေးပြီးသော ဖြိုးများကို အမြဲတမ်းလှုပ်ခါနေသည့် အိုးထဲတွင်ထည့်ကာ ရေမပြတ်တမ်း လောင်းပေးပါသည်။ ထိုအခါ သိပ်သည်းဆများသော ကျောက်စရစ်ခဲများနှင့် ကျောက်များသည် အိုး၏ အလယ်ပိုင်းတွင် စုပြီး တဖြည်းဖြည်း



ကိုလိုနီခေတ်က ကိုယ်တိုင်ကျောက်ရွေးနေကြတဲ့ မျက်နှာဖြူဝန်ထမ်းတွေ

www.foreverspace.com.mm

အောက်သို့ ကျသွားပါသည်။ အိုး၏ အလယ်တည့်တည့်တွင် အပေါက်တစ်ခုရှိပြီး ထိုအပေါက်ထဲတွင် ခွေးသွားစိတ်များပါသော တိုင်တစ်တိုင်သည် ထွက်ချည်ဝင်ချည်ဖြင့် အထက်အောက်လှုပ်ရှား လည်ပတ်လျက်ရှိသည်။ ထိုအခါ ဖွင့်လိုက်ပိတ်လိုက် ဖြစ်နေသော အိုး၏ အပေါက်ထဲသို့ ကျောက်စရစ်ခဲများ၊ ကျောက်များမှာ ရေ၏ စုပ်အားဖြင့် ကျလာခြင်းဖြစ်သည်။



မျက်နှာဖြူရဲ့ အနီးကပ်စောင့်ကြပ်မှုနဲ့ ကျောက်ရွေးနေကြတဲ့ ဒေသခံတွေ

ထိုသို့ ကျလာသော ကျောက်စရစ်ခဲများ၊ ကျောက်များကို လင်ဗန်းဖြင့် ခံယူပြီး ကျောက်ရွေးစားပွဲပေါ်သို့ ပုံချကာ ကျောက်ရွေးသည့်အလုပ်ကို လုပ်ကြသည်။ ကျောက်ရွေးရာတွင် အဆင့်နှစ်ဆင့်ရှိသည်။

ပထမအဆင့်တွင် မျက်နှာဖြူဝန်ထမ်းများကိုယ်တိုင်ဝင်၍ ကျောက်ရွေးပါသည်။ သူတို့ရွေးပြီးနောက်မှ ဒုတိယအဆင့်အဖြစ် တိုင်းရင်းသား အလုပ်သမားများ ရွေးရပါသည်။ ထိုအဆင့်တွင် အလုပ်သမားများ ကျောက်မခိုးနိုင်ရန်အတွက် ကုမ္ပဏီအရာရှိများက အနီးကပ်စောင့်ကြည့်ပါသည်။ အလုပ်

www.foreverspace.com.mm



ကိုလိုနီခေတ်က ခနွဲဆေးနေကြတဲ့ ဒေသခံအမျိုးသမီးတွေ

သမားများအား အိတ်ပါသောအဝတ်အစားများ မဝတ်ဆင်ခိုင်းသလို ကျောက်များကိုလည်း မျိုမချနိုင်အောင်ဆိုပြီး ကျောက်ရွေးသည့် အလုပ်သမားတိုင်းကို လည်ပင်းထိရောက်သည့် သော့ခတ်ထားသော ခေါင်းဆောင်းများကို စွပ်ထားပေးပါသည်။ ထိုသို့ အဆင့်ဆင့် ရွေးပြီး၍ စွန့်ပစ်လိုက်သော ကျောက်ဖြုန်းများ(သဲပတ်များ)ကိုမှ တစ်လ ၂၀ဝိ/-နှုန်း ကောက်ခံ၍ ဒေသခံအမျိုးသမီးများအား ရွေးစေခြင်းဖြစ်သည်။

## ရှေးတုန်းက တွင်းလုပ်နည်း

စိတ်ကူးယဉ် ပုံပြင်မဟုတ်ပါ။

ပတ္တမြားမြေ(မိုးကုတ်မြို့)တွင် တကယ်ရှိခဲ့သော ဖြစ်ရပ်မှန် အဖြစ်အပျက်များဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း၅၀ ဝန်းကျင်ခန့်က ဖြစ်သည်။

‘သည်စကားကိုပြောရင် ခုခေတ်လူငယ်တွေက သိပ်မယုံချင်ကြဘူး။ ဟုတ်ရဲ့လား အဘလို့ ပြန်မေးခံရတယ်။ အဘတို့အရွယ်ငယ်ငယ် တွင်းလုပ်

ခါစအချိန်က မိုးကုတ်မြို့မှာ ဖြိုးဆေးရင်း အချိန်နောက်ကျလို့ ကျောက်မရွေးဖြစ်သေးရင် သဲပတ်တွေကို တွင်းတောမှာ ပုံထားခဲ့လို့ရတယ်။ အပေါ်က ဖက်ရွက်တွေ မိုးပြီး ခဲနဲ့ဖိထားလိုက်ရင် ဘယ်သူမှ ဝင်မရွေးဘူး။ နောက်နေ့ သွားကြည့်၊ သည်အတိုင်းပဲ ဘာမှ ပုံသဏ္ဍာန်မပျက်ဘူး။ အဲဒီလိုပဲ။ အောက်ပိုင်းကျောက်တွေ၊ အခုခေတ်လိုဆို လက်ဖက်ရည်ဖိုးဖန်တဲ့ ကျောက်မျိုးပေါ့။ အဲဒီကျောက်မျိုးဆို ဝါးဆစ်ထဲထည့်ထားပြီး တွင်းတောမှာ ထားခဲ့တာပဲ။ ဝယ်မယ့်လူက ကျောက်ကို ယူကြည့်ပြီး ကြိုက်ရင် သူ့ဘာသာသူ ဈေးဖြတ်ဝယ်ပြီး ငွေကို ဝါးဆစ်ထဲ ထည့်ထားခဲ့တယ်။ အဲသည်လောက်ထိ မိုးကုတ်သူ၊ မိုးကုတ်သားတွေ ရိုးသားကြတယ်။ သစ္စာရှိကြတယ်'

အသက် ၇၀ ကျော်အရွယ် တွင်းဆရာဟောင်းကြီး ဦးမြမောင်က ပြောပြခြင်းဖြစ်သည်။ ဦးမြမောင်သည် လိုင်စင်ခေတ်မှသည် ယနေ့ ဖက်စပ်ခေတ်ရောက်သည့်တိုင်အောင် ခေတ်အဆက်ဆက် တွင်းလုပ်ငန်းတစ်ခုတည်းကိုသာ တစိုက်မတ်မတ် လုပ်ခဲ့သူဖြစ်သည်။ ထို့ကြောင့်လည်း မိုးကုတ်ကျောက်တွင်းသမိုင်းအကြောင်း သိလိုတိုင်း ပြေး၍မေးရခြင်းဖြစ်သည်။

'အဘတို့ တွင်းစလုပ်တာ ပြည်သူ့ပိုင်မသိမ်းခင် လိုင်စင်ခေတ်ကပေါ့။ အဲဒီအချိန်က ကျောက်တွင်းလုပ်ဖို့အတွက် အထူးလိုင်စင်နဲ့ သာမန်လိုင်စင်ဆိုပြီး ခွဲခြားချပေးတယ်။ အထူးလိုင်စင်ဆိုတာ ငွေရှိသူတွေက ကိုယ်ကြိုက်တဲ့နေရာကို လိုင်စင်လျှောက်ပြီး စက်ကြီးတွေနဲ့ တွင်းသမားအင်အား များများသုံးပြီး အကြီးအကျယ် လုပ်ကိုင်တဲ့ တွင်းတွေကိုခေါ်တာ။ သာမန်လိုင်စင်ပဲ ယူထားတဲ့သူတွေကျတော့ လိုင်စင်ဆွဲထားတဲ့ တွင်း(စက်တွင်း)တွေနဲ့ လွတ်ကင်းတဲ့ မြေနေရာမှာ လွတ်လွတ်လပ်လပ် တူးဖော်ခွင့်ရတယ်။ စက်တွေသုံးခွင့်မရှိဘဲ၊ တနိုင်စာလူအင်အားနဲ့ပဲ ရိုးရာနည်းအတိုင်းလုပ်ရတယ်။ သူတို့ကျတော့ ကျောက်တွင်းလုပ်ငန်း အရာရှိဆီမှာ ၁၀/-နှုန်းအခွန်ဆောင်လိုက်ရင် နံပါတ်နဲ့ တံဆိပ်ရိုက်ထားတဲ့ဘဲဥပုံ သံပြားဝိုင်းလေးတွေကို ထုတ်ပေးတယ်။

www.foreverspace.com.mm

အဲဒီ ကျောက်တွင်းတူးခွင့် တံဆိပ်ပြားရရင် လုပ်ကိုင်ခွင့်လိုင်စင် ရတာနဲ့ အတူတူပဲ။ ကိုယ်ပိုင်တစ်နိုင်စာတွင်းတွေ မလုပ်ချင်တဲ့လူတွေကတော့ စက်တွင်းတွေမှာ နေ့စား(ဒါမှမဟုတ်)ကံစားသွားလုပ်ကြတယ်။ နေ့စားက တော့ရှင်းတယ်။ တစ်ရက်အတွက် လုပ်ခအပြတ်ယူလိုက်တာပဲ။ ကံစားကျ တော့ လုပ်သက်ရင့်ပြီး လုပ်ငန်းကျွမ်းကျင်မှ လက်ခံတယ်။ သူတို့ကျတော့ ပုံမှန်လခ ၆၀/-ကနေ ၁၂၀/-ထိရပြီး အစုလည်းရတယ်။ အစုကျတော့ တွင်းလုပ်ငန်းတစ်ခုလုံးရဲ့ ကုန်ကျစရိတ် အားလုံး ပြန်နှုတ်ပြီး အမြတ်ငွေထဲ ကမှ တွင်းသမားအားလုံးအတွက် ၃၀%-ပြန်ခွဲပေးတယ်'

'သာမန်လိုင်စင်နဲ့ ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ် လုပ်ခွင့်ရ မှတော့ သူများဆီသွားပြီး နေ့စား၊ ကံစားလုပ်တဲ့သူကရော ရှိသေးလို့လား အဘ'

စာရေးသူက ပြန်မေးလိုက်ရာ…

'ရှိတာပေါ့။ စက်တွင်းတွေက နေရာကောင်းတွေ ယူထားတယ်။ စက်အား အကူအညီနဲ့ အကြီးအကျယ် လုပ်တာဆိုတော့ ကျောက်ထွက်နှုန်း ကောင်းတယ်လေ။ အစုခွဲလိုက်ရင် တွင်းသမားတိုင်း လက်ထဲမှာ ငွေ တော်တော် ကိုင်ရတယ်။ နောက်ပြီး လခလည်း ရသေးတာကိုး။ သည်တော့ ကိုယ်ပိုင်တစ်နိုင်စာ လုပ်သူတွေရှိသလို စက်တွင်းတွေမှာ သွားပြီး လုပ်ကြ သူတွေလည်း မနည်းဘူး။ အဲဒီတုန်းက အလုပ်လုပ်စရာ နေရာတွေကများ ပြီး လူဦးရေက နည်းတယ်။ သည်တော့ မိုးကုတ်တစ်မြို့လုံးလိုလို ကျောက် တွင်းတူးတဲ့အလုပ်၊ ခနွဲဆေးအလုပ်၊ ကျောက်အရောင်းအဝယ်(ကျောက်ကုန် သည်)အလုပ်ပဲ လုပ်ကြတယ်'

ထိုအချိန်က မိုးကုတ်ပတ္တမြားမြေတွင် တွင်းလုပ်ကွက်များ ပေါများလှ ရာ ခဲကိုခွဲ၍ ကျောက်ရှာရသော ခဲတွင်းများပင် လုပ်ကိုင်သူမရှိသေးပေ။ လိုင်စင်ခေတ်တစ်လျှောက်လုံး မြေတွင်းများသာ လုပ်ခဲ့ကြပါသည်။ လိုင်စင်

www.foreverspace.com.mm

ခေတ်အတွင်း တူးဖော်လုပ်ကိုင်ခဲ့သော တွင်းများမှာ ပျမ်းမျှနှုန်း တစ်နှစ်လျှင် စက်တွင်းပေါင်း ၃၀၀ခန့်နှင့် လက်တွင်းပေါင်း ၂၀၀ခန့်ရှိကြောင်း သိရသည်။ ကျောက်တွင်းလုပ်ကိုင်သော နည်းများမှာ သာမန်အားဖြင့် အောက်ပါအတိုင်းဖြစ်သည်။

၁။ အင်းဗြဲ

၂။ ဖောက်တွင်း(တွင်းလုံး+လေးပင်+ကိုးပင်)

၃။ မြော

၄။ လူး တို့ဖြစ်သည်။

'အဘတို့ခေတ်က တွင်းလုပ်ငန်းတွေမှာ စက်ကြီးဆိုလို့ သဲစုပ်စက်နဲ့ ရေစုပ်စက်ပဲ အသုံးပြုတယ်။ သဲစုပ်စက်က အကြီးဆုံး အဝကျယ် ၄လက်မထိပဲ အသုံးပြုခွင့်ရှိပြီး ရေစုပ်စက်ကျတော့ အချင်း ၃လက်မထိပဲ အသုံးပြုခွင့်ပေးတယ်။ သဲစုပ်စက်အတွက်ရော၊ ရေစုပ်စက်အတွက်ပါ သီးခြား အခွန်ဆောင်ရတယ်'

သဲစုပ်စက်အတွက် တစ်လစာ အခွန်ဆောင်ရသည့်စနစ်မှာ ၄ဒီဒီစနစ်ဖြစ်သည်။ 'ဒီ'သင်္ကေတမှာ သဲစုပ်စက်ပိုက်၏ အချင်း(အဝကျယ်)ကို ဆိုလိုခြင်းဖြစ်ရာ ၄လက်မ ပိုက်ဆိုလျှင် ၄×၄×၄=၆၄ ဆောင်ရပါသည်။ ၃လက်မ ပိုက်ဆိုရင် ၄×၃×၃=၃၆ ဆောင်ရပါသည်။

ရေစုပ်စက်အတွက် အခွန်မှာမူ တစ်လလျှင် ဒီဒီ/၂ ဖြစ်ပါသည်။ ထို့ကြောင့် ၃လက်မပိုက်သုံးလျှင် ၃×၃/၂=၄/၅ဝါး ဆောင်ရပြီး ၂လက်မ ပိုက်ဆိုလျှင် ၂×၂/၂=၂ နှုန်း ဆောင်ရပါသည်။

၁၉၆၉ခုနှစ် မတ်လ ၁၂ရက်နေ့တွင် အမိန့်စာအမှတ် ၁/၆၉ကို ထုတ်ပြန်၍ မိုးကုတ်ကျောက်တွင်းတူး လုပ်ငန်းများကို ပြည်သူပိုင်သိမ်းခဲ့ပါသည်။ ပြည်သူပိုင်သိမ်းပြီးနောက် ဧရိယာ ၅ခု သတ်မှတ်ပြီး နိုင်ငံပိုင်တွင်းများကို စတင်ပြုလုပ်ခဲ့သည်။ နိုင်ငံပိုင်တွင်း အမှတ်(၁)မှာ ရွှေဘုံသာကွက်ရပ်ဖြစ်ပြီး

www.foreverspace.com.mm


၂၄၊ ၃၊ ၆၉နေ့တွင် စလုပ်ခဲ့ပါသည်။ နိုင်ငံပိုင်တွင်း အမှတ်(၂)မှာ တောင်နီကွက်ရပ်ဖြစ်ပြီး ၂၆၊ ၃၊ ၁၉၆၉နေ့တွင် စလုပ်ခဲ့သည်။ နိုင်ငံပိုင်တွင်း အမှတ်(၃)မှာ ဟိုမိုင်းကွက်ရပ်ဖြစ်ပြီး ၂၈၊ ၃၊ ၁၉၆၉တွင် စလုပ်ခဲ့သည်။ နိုင်ငံပိုင်တွင်း အမှတ်(၄)မှာ အင်းဂေါင်းကွက်ရပ်၊ အမှတ်(၅)မှာ အုန်းပင်ရေထွက် ကွက်ရပ်တို့ဖြစ်ပြီး ၃၁၊ ၃၊ ၁၉၆၉တွင် စလုပ်ခဲ့ပါသည်။

မိုးကုတ်ကျောက်တွင်းများကို ပြည်သူပိုင်သိမ်းပြီး နောက်ပိုင်းတွင် အစိုးရမှ ဒေသခံအလုပ်လက်မဲ့များကို အလုပ်မပေးနိုင်ခြင်း၊ မိုးကုတ်သူမိုးကုတ်သားအများစုမှာ ကျောက်လုပ်ငန်းနှင့် ကင်း၍ ဘာအလုပ်မှ မလုပ်တတ်ခြင်းစသည့်အချက်များကြောင့် ခိုးတွင်းခေါ် တရားမဝင် ကျောက်တွင်းတူးသောစနစ် ပေါ်လာပါသည်။ တရားမဝင်ကျောက်တွင်းတူးသောခေတ်တွင် အများစု လုပ်ကိုင်ကြသည်မှာ ခဲတွင်းများဖြစ်သည်။ ပြည်သူပိုင်သိမ်းပြီးနောက် ခေတ်အဆက်ဆက် လုပ်ခဲ့သော မြေတွင်းများမှာ လုပ်ကိုင်စရာ ရှားလာရာ ယခင်က မည်သူမှမလုပ်ခဲ့သော ခဲထဲမှ ကျောက်ရှာသည့် လုပ်ငန်းကို စမ်းသပ်လုပ်ကိုင်လာကြပါသည်။ ဤကား ခဲတွင်းများ၏နိဒါန်း အစပင်ဖြစ်သည်။

'ခဲတွင်းကို လုပ်ဖြစ်တဲ့အကြောင်းရင်းက ခဲကြောရှိတဲ့တောင်တွေဟာ မြို့နဲ့အလှမ်းဝေးတာရယ်၊ အရေးအကြောင်းဆိုရင်လည်း ရှောင်ရ၊ တိမ်းရ၊ ပြေးရတာ လွယ်ကူတာရယ်က အဓိကပေါ့။ နောက်ပိုင်း ခဲတွင်းတွေက ကျောက်ထွက်နှုန်းကောင်းမှန်း သိလာတော့ အနီးအနားတောပိုင်းရွာက လူတွေသာ မကဘူး၊ မြို့ထဲက လူတွေပါ စုပြုံပြီး လာလုပ်ကြတော့တာပါပဲ'

ခဲကြောကို ယမ်းဖြင့်ခွဲဝင်ပြီး ကျောက်ရှာသည့်နည်းမှာ ပင်ပန်းခက်ခဲသော်လည်း မြေတွင်းလုပ်ကွက်များ နည်းလာခြင်း၊ ခဲကြောမှ ကျောက်ထွက်နှုန်းမှာ မြေတွင်းများထက်ပင် ကောင်းနေခြင်းတို့ကြောင့် ခိုးတွင်းခေတ်တွင် ခဲတွင်းလုပ်ကိုင်သူ ပိုများပြီး နောက်ဆုံး သက်ဆိုင်ရာမှ ဝင်ရောက်ဖမ်းဆီး

www.foreverspace.com.mm



ခံတွင်းတစ်တွင်းရဲ့ အဝင်ဝကို အပြင်က မြင်ရတဲ့ပုံ

ထိန်းသိမ်းရသည့် အဆင့်ထိပင် ရောက်ခဲ့ပါသည်။

၁၉၇၅ခုနှစ်တွင် တရားမဝင် ခဲတွင်းများ လုပ်ကိုင်မှုအရှိန်မှာ အမြင့်ဆုံးဖြစ်သည်။ ထိုနှစ်မှာပင် ခဲကြောများ၊ ခဲတောင်များ ရှိသည့် ဧရိယာတစ်ဝိုက်ကို ကျောက်တွင်းများ ဝင်ရောက်မလုပ်နိုင်ရေးအတွက် ကန့်သတ်နယ်မြေ ၄ခုခွဲ၍ ထုတ်ပြန်ခဲ့ပါသည်။ ထိုကန့်သတ်နယ်မြေ ၄ခုမှာ…

၁။ ဓာတ်တော်တောင်၊ လင်းရောင်ခြည်တောင်၊ အေးစေတီတောင်နှင့် လက်ညှိုးတောင်တစ်ကြော။

၂။ သဒ္ဒတ်လျှို၊ ကျောက်ဆောင်၊ ဘော်ဗဒန်း၊ ကျောက်ပုတ်၊ ကိုးလံ၊ မြေပဲရွာဘေးတစ်ကြော။

၃။ ကျောက်စာတောင်၊ ပြောင်းပြင်၊ ကသဲကျောက်ဆောင်ရွာ ဘေးတစ်ကြော။

၄။ ပင့်ကူတောင်၊ ဘော်လုံးကြီး၊ ဘော်လုံးလေး၊ ကျောက်ပြဿဒ်၊ သူရိန်တောင်၊ ဆင်ခွာရွာဘေး တစ်ကြောတို့ဖြစ်သည်။

**လက်တွဲဖော်**

www.foreverspace.com.mm

ခဲတွင်းများ၏ အားသာချက်တစ်ခုမှာ ခဲကြောများကို ဖောက်ထွင်းဝင်ရင်း ခဲတောင်များအတွင်းတွင် မြေသားဖြိုးများကို တွေ့ရတတ်ခြင်းဖြစ်သည်။ ခဲတောင်များအတွင်းတွင် မြေအောက်ရေစီးဆင်းရာ ဂလိုဏ်ကြီးများ၊ လိုဏ်ခေါင်းပေါက်ကြီးများစွာတို့မှာ သဘာဝအတိုင်း ဖြစ်ပေါ်နေလျက်ရှိပါသည်။ ထိုလိုဏ်ခေါင်းများ၊ ဥမင်များ တစ်ခုနှင့်တစ်ခု စုဆုံရာ အထိုင်နေရာများတွင် ရေစီးဖြင့်ပါလာခဲ့သော သဲများ၊ ကျောက်များမှာ ဆက်လက်မျောပါမသွားတော့ဘဲ အောက်တွင် စု၍ ကျန်ရစ်ခဲ့ပါသည်။ နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရေစီးကြောင်းများမှာ လမ်းကြောင်း ပြောင်းသွားရာ ထိုနေရာတစ်ဝိုက်မှာ ကျောက်မျက်ရိုင်းများ၊သဲများ၊ နွံများ ရောပြီး ဖြိုးမြေထု ဖြစ်သွားပါသည်။ ယင်းကို ဘူမိဗေဒပညာရှင်များက ရေဆောင်သိုက် (Transportation Deposite)ဟုခေါ်ပြီး ဒေသခံတွင်းသမားများကမူ လက်ကြား ဖြိုးတွေ့သည်ဟု ပြောကြသည်။ ထိုသို့ ခဲကြားတွင် တွေ့ရသော ဖြိုးဆိုလျှင် ကျောက်ထွက်နှုန်း အရေအတွက်များပါသည်။ ထို့အပြင် နေရာအဆင့်ဆင့် ရေနှင့်မျောပါလာပြီးမှ စု၍နေသော ကျောက်များလည်း ဖြစ်သောကြောင့် ကျောက်သားမှာ သဘာဝပြောင်ချောနေပြီး အများစုမှာ ကျောက်အရည်အသွေးလည်း လုကြောင်းတွေ့ရသည်။ ထို့ကြောင့် ခဲတောင်များ၊ ထုံးကျောက်တောင်များအတွင်းတွင် ခဲကြားတွင်ရှိသော ဖြိုး(လက်ကြားဖြိုး)ကို သီးခြားရှာဖွေသူများလည်း ရှိသည်။ ၄င်းကို ဒေသခံများက လူးတွင်းလုပ်သည်။ လက်ကြားလိုက်သည်ဟု ခေါ်ကြသည်။

'လူးတွင်းလုပ်ရင်း အတွင်းထဲမှာ တစ်ခါ၊ တစ်ခါ ထုံးကျောက်ဖြစ်နေတဲ့ တိရစ္ဆာန်တွေရဲ့ အရိုးတွေ၊ သွားတွေကို အစုလိုက် အပြုံလိုက် တွေ့ရတတ်တယ်။ အဲဒါတွေကို ဒေသခံတွင်းသမားတွေက လူးရိုး၊ လူးသွားတွေလို့ လွယ်လွယ်ခေါ်လိုက်ကြတယ်။ လူးရိုး၊ လူးသွားတွေ တွေ့ရင် များသော

www.foreverspace.com.mm

အားဖြင့် အဲဒီတွင်းဟာ ကျောက်ကြီး ကျောက်ကောင်းတွေ ထွက်တတ်တယ်။ ရှေးလူကြီးတွေ အပြောအရဆိုရင် ပတ္တမြားဆိုတဲ့ ကျောက်ဟာ ပြဒါးဓာတ်တွေများပြီး လောကဓာတ်သဘာဝအရ ကျောက်အမြုတေသဘော ဖြစ်လာတာတဲ့။ ပြဒါးဆိုတာက အပုပ်ဓာတ်ကို ကြိုက်တယ်လို့ သိရတယ်။ သည်တော့ ပြဒါးဓာတ်ပါတဲ့ အမြုတေကျောက်တွေဟာ အပုပ်ကောင်ဖြစ်တဲ့ တိရစ္ဆာန်အသေတွေမှာ လာအောင်းနေတယ်။ သည်လိုနဲ့ နှစ်သန်းပေါင်းများစွာ ကြာတဲ့အခါ တိရစ္ဆာန်အချို့ရဲ့ အရိုးတွေ၊ သွားတွေဟာ ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်လာပြီး ပြဒါးဓာတ်များတဲ့ အမြုတေ ကျောက်တွေဟာ ကျောက်အနီပတ္တမြား ဖြစ်လာတယ်လို့ ယုံကြည်မှုရှိကြတယ်။ ကျွန်တော်လုပ်တဲ့ တွင်းမှာတော့ လူးရိုး၊ လူးသွားတွေ တွေ့ပြီဆိုရင် သေချာပေါက် ကျောက်အနီတွေ တွေ့ရတော့တာပါပဲ'

ကျောက်ပြဿဒ်ရွာအနီးတွင် နှစ်ပေါင်းများစွာ လူးတွင်းလုပ်ခဲ့ဖူးသူ ကိုထွန်းနိုင်က ပြောပြခြင်းဖြစ်သည်။

မိုးကုတ်မြို့ ဧရိယာတစ်ဝိုက်တွင် လူးတွင်းပေါက်များ များစွာရှိသော်လည်း ကျောက်ထွက်နှုန်း ကောင်းသည်ဟု နာမည်ကြီးသော လူးများမှာ အနောက်ပိုင်းရှိ ပင့်ကူတောင်လူး၊ ကျောက်ပြဿဒ်လူး၊ ဓာတ်တော်တောင်ရှိ ပျားစွဲလူး၊ အုန်းပင်ရေထွက်ရှိ ဘုရားတောင်လူး၊ ကိုးလုံးရွာအနီးရှိ အလံတစ်ရာလူးနှင့် သန်းတစ်ရာလူးတို့ ဖြစ်သည်။


ပင့်ကူတောင်လူးမှာ ရှေးမြန်မာဘုရင်များခေတ်ကပင် ရာဇဝင်ရှိခဲ့သော တွင်းကြီးဖြစ်သည်။ ပင့်ကူတောင်၏ ထိပ်ဝတွင် မီးတောင်အဝနှင့်တူသည့် သဘာဝချိုင့်ကြီးတစ်ခုရှိပြီး အောက်သို့ နက်ဝင်သွားသော လူးတွင်းပေါက်များလည်း များစွာရှိသည်။

'ရှေးတုန်းက ပင့်ကူတောင်ရဲ့အောက်ထဲမှာ ကြီးမားတဲ့ ပင့်ကူ တစ်ကောင်ရှိပြီး ပတ္တမြားကြီးတစ်ပွင့်ကို စောင့်ရှောက်နေတယ်လို့ ပြောစမှတ်ရှိခဲ့

www.foreverspace.com.mm

ဖူးတယ်။ အင်္ဂလိပ်တွေ မြန်မာနိုင်ငံကို သိမ်းပြီး ကျောက်တွင်းလုပ်ငန်းတွေစတော့ ပင့်ကူတောင်လူးတွင်းတွေကို အကြီးအကျယ် လုပ်သွားခဲ့ဖူးတယ်။ ဒေသခံတွေ ဘိုးစဉ်ဘောင်ဆက်ပြောခဲ့တဲ့ ကျောက်အနီ ပတ္တမြားကြီးတစ်ပွင့်ရှိတယ်။ ပင့်ကူတောင်တစ်ကြောမှာ နေရာအနှံ့ ကျောက်အနီ ပတ္တမြားတွေ အကြောလိုက်ရှိတယ်ဆိုတဲ့ စကားကို ကြားပြီး ကုမ္ပဏီက လူတွေဟာ အောက်ကို နက်နက်တူးနိုင်ရင် တောင်အာဖရိကမှာတွေ့တဲ့ ကင်ဘာလေစိန်ကြောလို ပတ္တမြားကြောကြီး တွေ့လိမ့်မယ်လို့တောင် မျှော်မှန်းထားခဲ့ကြတယ်။ တကယ်တမ်း လုပ်ကြည့်တော့ ထင်သလိုဖြစ်မလာဘဲ ကုမ္ပဏီတောင် အရှုံးပေါ်သွားတယ်'

အင်္ဂလိပ်ခေတ် ဘားမား ရူဘီမိုင်း ကုမ္ပဏီလီမိတက်(Burma Ruby Mines Company Limited)လက်ထက်တွင် ငွေများစွာ အကုန်အကျခံပြီး အကြီးကျယ်ဆုံး လုပ်ခဲ့သည့် တွင်းနေရာမှာ မိုးကုတ်ချိုင့်ဝှမ်းဒေသပင် ဖြစ်သည်။ ထိုနေရာကား ယနေ့ မျက်မှောက်ကာလတွင် မိုးကုတ်မြို့လယ်ရှိ အင်းကြီး တည်ရှိနေသည့် နေရာပင်ဖြစ်သည်။



အင်္ဂလိပ်များ ကျောက်တူးလို့ ဖြစ်လာခဲ့ရတဲ့ မိုးကုတ်မြို့လယ်က အင်းကြီးပါ။

www.foreverspace.com.mm

## ကျောက်တွင်းနှင့် ရေ၊ ရေနှင့် ကျောက်တွင်း

မိုးကုတ်ကျောက်တွင်း သမိုင်းအကြောင်းကို ရေးတော့မည်ဆိုလျှင် မိုးကုတ်မြို့အလယ်ရှိ အင်းကြီးအကြောင်းကို ချန်ထားခဲ့၍ရမည်မဟုတ်ပေ။ မိုးကုတ်မြို့အလယ်တွင် သာယာလှပစွာရှိနေသော အင်းကြီးမှာ သဘာဝ ဖြစ်ပေါ်နေသည့် အင်းကြီးမဟုတ်ပါ။ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး နောက်ပိုင်း ပတ္တမြားမြေ(မိုးကုတ်မြို့)တွင် ကျောက်တွင်းတူးလုပ်ငန်းများ အကြီးအကျယ် လုပ်ကိုင်ရာမှနေ၍ ဖြစ်ပေါ်ခဲ့ရသော အင်းကြီးဖြစ်သည်။

အင်္ဂလိပ်ခေတ်တစ်လျှောက်လုံး ပတ္တမြားမြေ ကျောက်တွင်းတူးလုပ်ငန်းများကို လုပ်ကိုင်ရန် လိုင်စင်ရခဲ့သည့် အဖွဲ့အစည်းမှာ မြန်မာပြည် ပတ္တမြားကျောက်တွင်းကုမ္ပဏီလီမိတက်(The Burma Ruby Mines Company Limited)ဖြစ်သည်။ ကုမ္ပဏီသည် ကျောက်တွင်းတူးလုပ်ငန်း တူးဖော်လုပ်ကိုင်ခွင့်နှင့် ပတ်သက်ပြီး အစိုးရနှင့် စာချုပ်သုံးကြိမ် ချုပ်ဆိုခဲ့သည်။

ပထမစာချုပ်မှာ ၁၈၈၉ခုနှစ်၊ နိုဝင်ဘာလ ၁ရက်နေ့တွင် စတင်ပြီး စာချုပ်သက်တမ်းကာလမှာ ၇နှစ်ဖြစ်သည်။

ဒုတိယစာချုပ်မှာ ၁၈၉၆ခုနှစ်၊ နိုဝင်ဘာလ ၁ရက်နေ့တွင် စတင်ပြီး စာချုပ်သက်တမ်းကာလမှာ ၁၄နှစ်ဖြစ်သည်။

တတိယစာချုပ်မှာ ၁၉၀၄ခုနှစ်၊ ဧပြီလ ၁ရက်နေ့တွင် စတင်ပြီး စာချုပ်သက်တမ်းကာလမှာ ၂၈နှစ်ဖြစ်သည်။

ဤတွင် ထူးခြားမှုမှာ ဒုတိယစာချုပ်သက်တမ်းမကုန်ဆုံးမီ တတိယစာချုပ်ကို အသစ်ပြန်လည်ချုပ်ဆိုခြင်းဖြစ်သည်။ ဒုတိယစာချုပ်ပါ ဥပဒေစည်းမျဉ်းအရဆိုလျှင် ၁၉၁၀ခုနှစ်မှ သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ကုမ္ပဏီနှင့် အစိုးရတို့ ပြန်လည်ညှိနှိုင်းပြီး တတိယစာချုပ် အသစ်ချုပ်ဆိုခြင်းသည် မိုးကုတ်မြို့အလယ်ရှိ အင်းကြီး ဖြစ်ပေါ်လာရခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။

www.foreverspace.com.mm

ကုမ္ပဏီသည် ဒုတိယစာချုပ်သက်တမ်းကာလစသည့်နှစ်မှာပင် မိုးကုတ်ချိုင့်ဝှမ်းရှိ ကျောက်လုံးကြီးတွင်း(ယခု အင်းဖြစ်လာမည့်နေရာ)ကို စတင်တူးဖော်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ရေစုပ်ခြင်းနှင့် ဖြိုးဆေးလုပ်ငန်းများကို ရေနွေးငွေ့အား အသုံးပြုရာမှနေ၍ လျှပ်စစ်ဓာတ်အားကို အသုံးပြုလုပ်ကိုင်ရန် ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အရ မိုးကုတ်မြို့ တောင်ကချင်ရပ်ကွက်အနီးကျောက်ထပ်ကြီးတွင် ရေနီချောင်း၏ ရေစီးအားကိုသုံး၍ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်ခဲ့ရာ ၁၈၉၈ခုနှစ်တွင် မြင်းကောင်ရေ ၄၀၊ ကီလိုဝပ် ၄၀၀အားရှိ လျှပ်စစ်ဓာတ်အားပေးစက်တစ်လုံးကို တည်ဆောက်ပြီးစီးခဲ့သည်။ ရေနွေးငွေ့အစား လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်ခဲ့သည့်အတွက် လုပ်ငန်းမှာ အဆပေါင်းများစွာ တွင်ကျယ်လာရာ မိုးကုတ်ချိုင့်ဝှမ်းရှိတွင်းများမှာ အကြီးကျယ်ဆုံးနှင့် အအောင်မြင်ဆုံးတွင်းများ ဖြစ်ခဲ့သည်။ ထို့ကြောင့် ကုမ္ပဏီသည် ထိုနေရာတစ်ဝိုက်တွင် ဆက်လက်၍ လုပ်ငန်းတိုးချဲ့ရန် စီမံသောအခါ အခက်အခဲပြဿနာနှစ်ရပ် ကြုံရပါသည်။

ပထမအခက်အခဲမှာ တွင်းနေရာနှင့်ပတ်သက်၍ဖြစ်သည်။ ကုမ္ပဏီပိုင်တွင်းများနှင့်ကပ်လျက်တွင် တိုင်းရင်းသားပိုင်တွင်းများ ရှိပါသည်။ အထက်မြန်မာနိုင်ငံ ပတ္တမြားစည်းမျဉ်းဥပဒေအရ တိုင်းရင်းသားပိုင်တွင်းများကို သိမ်းယူ၍မရရာ တွင်းနယ်မြေနှင့် တစ်ဆက်တည်းရှိသော တရုတ်တန်းခေါ် လူနေရပ်ကွက်များဘက်သို့ ဆက်လက်တိုးချဲ့လုပ်ကိုင်ခဲ့ပါသည်။ ထိုသို့ ကုမ္ပဏီမှ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် ထိုရပ်ကွက်ရှိ လူနေအိမ်များကို ကုမ္ပဏီ၏စရိတ်ဖြင့် ပြောင်းရွှေ့ပေးခဲ့ရပါသည်။ (တရုတ်တန်းခေါ် ယခုအင်းကြီးဖြစ်လာမည့် နေရာမှနေ၍ ပြောင်းရွှေ့ခဲ့ရသည့်အတွက် ဖြစ်ပေါ်လာသည့်ရပ်ကွက်များမှာပတ္တမြားရပ်ကွက်၊ စည်ပင်သာယာရပ်ကွက်၊ မူဆလင်ရိပ်သာရပ်ကွက်တို့ဖြစ်သည်။) ဒုတိယအခက်အခဲမှာ ရေမနိုင်သည့်ပြဿနာ

www.foreverspace.com.mm

ဖြစ်သည်။ မိုးရာသီဆိုလျှင် တောင်ကျရေများအားလုံး မိုးကုတ်ချိုင့်ဝှမ်းနေရာတွင် လာစုသလို မြေအောက်မှ ရေထွက်နှုန်းကလည်း များနေရာ ရေထွက်သည့်ပြဿနာကို အောင်မြင်စွာ ဖြေရှင်းနိုင်ရန်အတွက် ကုမ္ပဏီမှ နည်းလမ်းရှာကြံခဲ့ရပါသည်။ ထိုအခြေအနေတွင် ကုမ္ပဏီ၏ အင်ဂျင်နီယာချုပ် မော်ဂန်က စီမံကိန်းတစ်ခုရေးဆွဲတင်ပြခဲ့ပါသည်။ ထိုစီမံကိန်းမှာ မိုးကုတ်ချိုင့်ဝှမ်း၏ မြေမျက်နှာပြင်အောက် ပေ၁၀၀ခန့်မှနေ၍ အမြင့်၇ပေ၊ အကျယ်၇ပေရှိပြီး တစ်မိုင်ကျော်ရှည်မည့် ဥမင်လိုဏ်ခေါင်းကြီး ဖောက်ကာ ရေထုတ်ပစ်မည့် နည်းစနစ်ဖြစ်သည်။ ထိုနည်းမှာ ခက်ခဲ၍ငွေကြေးအကုန်အကျများမည်ဖြစ်သော်လည်း ပြီးစီးအောင်မြင်သွားမှု ရေမနိုင်သည့်ပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ရာ ဒါရိုက်တာအဖွဲ့နှင့် အစုရှယ်ယာဝင် အများစုက သဘောတူလက်ခံခဲ့ပါသည်။ ဤတွင် အဓိက ပြဿနာတစ်ခုပေါ်လာသည်မှာ လိုဏ်ခေါင်းဖောက်လုပ်ရမည့် စရိတ်ကြေပြီး အမြတ်ရနိုင်ရေးအတွက် ရေရှည်လုပ်ကိုင်ခွင့်ရရန် လိုအပ်ခြင်းဖြစ်သည်။ ဒုတိယစာချုပ်သက်တမ်းအရဆိုလျှင် အချိန်သိပ်မကျန်တော့ရာ ကုမ္ပဏီအနေနှင့် မိမိတို့ရေရှည်ဆက်လက်လုပ်ကိုင်ခွင့် ရရှိရေးအတွက် စာချုပ်အသစ်ချုပ်ဆိုရန် လိုအပ်လာပြီဖြစ်သည်။ သို့ဖြစ်၍ မော်ဂန်၏စီမံကိန်းကို တင်ပြပြီး အစိုးရအား စာချုပ်အသစ်ချုပ်ဆိုရန်ပြန်လျှောက်သည့်အခါ ခွင့်ပြုချက်ရသဖြင့် ဒုတိယစာချုပ်သက်တမ်းမကုန်မီ တတိယစာချုပ်အသစ်ကို ပြန်လည်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

တတိယစာချုပ် ချုပ်ဆိုပြီးနောက် အင်ဂျင်နီယာချုပ် မော်ဂန်သည် ၁၉၀၆ခုနှစ်မှစ၍ ဥမင်လိုဏ်ခေါင်းကြီးကို စတင်တူးဖော်ခဲ့ရာ ၁၉၀၈ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ လိုဏ်ခေါင်း၏အစ မိုးကုတ်ချိုင့်ဝှမ်းအောက်ခြေ(ယခုအင်းကြီး၏နှုတ်ခမ်းဘေး တရုတ်ဘုံကျောင်းနေရာအနီး)မှသည် လိုဏ်ခေါင်းအဆုံး ကျောက်ထပ်ကြီးရေအားလျှပ်စစ် ရေကာတာအကျော် ရေနီချောင်းထိအရှည် ၅၅၁၅ ပေရှိပြီး၊ ကုန်ကျစရိတ်မှာ စတာလင်ပေါင် ၄၀၇၄၆

www.foreverspace.com.mm

ဖြစ်သည်။ ထိုဥမင်လိုဏ်ခေါင်းကြီး ဖောက်ပြီးနောက် ရေထွက်များသည့် ပြဿနာကို ဖြေရှင်းနိုင်ပြီး ဖြစ်သည့်အတွက် မိုးကုတ်ချိုင့်ဝှမ်းရှိ တွင်းများမှာ ပိုမို၍တွင်ကျယ်စွာ လုပ်ကိုင်နိုင်ခဲ့ပြီး ကုမ္ပဏီအတွက် များစွာ အကျိုးရှိခဲ့ပါသည်။ မိုးကုတ်ချိုင့်ဝှမ်းဒေသမှနေ၍ ထွက်ရှိသောကျောက်များအနက် နာမည်အကြီးဆုံးမှာ ပထမကမ္ဘာစစ်အပြီး ငြိမ်းချမ်းရေးစာချုပ် တစ်ခုဖြစ်သည့် ဗာဆိုင်းစာချုပ် လက်မှတ်ရေးထိုးသည့်နေ့ ၁၉၁၉ခုနှစ်၊ ဇွန်လ ၂၈ရက်တွင် ရသဖြင့် ငြိမ်းချမ်းရေးပတ္တမြားဟု အမည်ပေးထားသည့် ကျောက်အနီကြီး ဖြစ်သည်။ အရိုင်းချိန် ၄၂ကာရက် ရှိပြီး သွေးပြီးနောက် ၂၃ကာရက် ကျန်ပါသည်။ အက်ကြောင်းတစ်ခုရှိသည်မှလွဲ၍ အပြစ်အနာ လုံးဝကင်းစင်ပြီး အရည်အသွေးမှာလည်း စံထားလောက်အောင် ကောင်းသည်ဟု ထိုခေတ်ကျောက်ကုန်သည်များက မှတ်ချက်ချခဲ့ပါသည်။

ကုမ္ပဏီသည် မိုးကုတ်ချိုင့်ဝှမ်းဒေသကို ၁၉၂၅ခုနှစ်ထိ လုပ်ကိုင်ခဲ့ပြီး ထိုနှစ် ဩဂုတ်လမှာပင် လိုဏ်ခေါင်းကြီး ပြိုကျပျက်စီးမှုကြောင့် လုပ်ငန်းများကို ရပ်ဆိုင်းလိုက်ရပါသည်။ လိုဏ်ခေါင်းကြီး ပြိုကျပျက်စီး ပိတ်ဆို့သွားမှုကြောင့် ရေများမှာ ထွက်ပေါက်မရှိတော့ရာ မြေအောက်မှ စိမ့်ထွက်ရေများ တဖြည်းဖြည်း ပြည့်လာပြီး နောက်ဆုံးတွင် ယခုမြင်တွေ့နေရသော အင်းကြီး ဖြစ်ပေါ်လာပါသည်။

'မိုးကုတ်ကျောက်တွင်း လုပ်ငန်းတွေမှာ ခေတ်အဆက်ဆက်က အခု အချိန်ထိ အဓိက ကြုံတွေ့ရတဲ့ ပြဿနာကတော့ ရေပြဿနာပဲ။ ကိုယ် လုပ်ကိုင်တဲ့ တွင်းအမျိုးအစားပေါ် မူတည်ပြီး ရေများလို့ပဲဖြစ်ဖြစ်၊ ရေနည်း လို့ပဲဖြစ်ဖြစ် တစ်နှစ်ပတ်လုံး မနားတမ်းလုပ်နိုင်တဲ့ တွင်းဆိုတာ ခပ်ရှားရှား ပဲ။ တချို့တွင်းတွေကျတော့ မိုးရာသီဆို ရေများလို့၊ ရေကိုနိုင်အောင် မစုပ်ထုတ်နိုင်တော့လို့ တွင်းနားရတယ်။ တချို့တွင်းတွေကျပြန်တော့လည်း မိုးကုန်ရင် ရေနည်းသွားလို့ ရေမရတော့လို့ဆိုပြီး ရပ်ထားရပြန်ရော။ ဒါ

ကြောင့် မိုးကုတ်ကျောက်တွင်းလုပ်ငန်းနဲ့ ရေပြဿနာဆိုတာ ခွဲခြားမရဘူး လို့တောင် ပြောနိုင်တယ်'

ဝါရင့်တွင်းဆရာကြီးတစ်ဦးဖြစ်သူ ဦးဝင်းအောင်က ရှင်းပြခြင်းဖြစ်သည်။

'အင်းမြဲတွင်း၊ လေးပင်တွင်း၊ တွင်းလုံးစတဲ့ တွင်းတူးနည်းစနစ်ကျတော့ မြေအောက်ကို တည့်တည့်ဆင်းတာမို့ သေချာပေါက် ရေကြောနဲ့ဆုံတွေ့ရတယ်။ ရေနည်းတာနဲ့ များတာပဲ ကွာတယ်။ ရေလွတ်တဲ့တွင်းနည်းတယ်။ တောင်ထိပ်တွေမှာ တူးတဲ့တွင်းတွေလောက်ပဲ ရေလွတ်တယ်။ အဲဒီတော့ သည်တွင်းမျိုးတွေဟာ ရေများတဲ့ပြဿနာနဲ့ကြုံရတဲ့ တွင်းမျိုးတွေလို့ ပြောရမယ်။ ရေလိုတဲ့တွင်းတွေကျတော့ မျောတွင်းတွေပဲ။ မျောတွင်းဆိုတာ တောင်ခါးပန်းတွေ၊ တောင်ကြောတွေမှာရှိတဲ့ ဖြိုးတွေကို ရှာဖွေပြီး တူးတဲ့ တွင်းတွေကိုခေါ်တာ။ မျောတွင်းတူးဖော်တဲ့နည်းစနစ်ကျတော့ ဖြိုးကြော တအားနက်တဲ့နေရာတွေဆို လုပ်လို့မရဘူး။ အပေါ်ယံ မြေသားနဲ့ ကပ်နေတဲ့ ဖြိုးကြောတွေရှိတဲ့ နေရာလောက်ပဲ လုပ်လို့ရတယ်။ နောက်ပြီး မျောတွင်းလုပ်မယ့်နေရာဟာ ရေဆင်းကောင်းတဲ့နေရာဖြစ်ဖို့လည်းလိုတယ်' ဟု ဦးဝင်းအောင်က ဆက်ရှင်းပြသည်။

မျောတွင်းများကို မိုးရာသီတွင်သာ ဦးစားပေးလုပ်ကိုင်ကြသည်က များပါသည်။ မိုးကုတ်မြို့၏ ရာသီဥတု အနေအထားမှာ မိုးများရပ်ဝန်းဒေသဖြစ်ရာ မိုးတွင်းတစ်ရာသီလုံး ရက်စိပ်စိပ် မိုးရွာသွန်းလေ့ရှိသည်။ မျောတွင်းအများစုမှာ မိုးရေမှ တစ်ဆင့်ရရှိသော တောင်ကျရေများကို အားထား၍ လုပ်ကိုင်ကြပါသည်။ 'တစ်နိုင်စာ မျောတွင်းလုပ်မယ်ဆိုရင် လူသုံးယောက်လောက်နဲ့ လုပ်လို့ရတယ်။ မျောတွင်းလုပ်တော့မယ်ဆိုရင် ဖြိုးရှိတဲ့ တောင်ကြောထက်မြင့်တဲ့ အမြင့်တစ်နေရာမှာ တောင်ကျရေတွေ သိုလှောင်ဖို့ တွင်းတစ်ခု အရင်တူးလိုက်ရတယ်။ အဲဒီလှောင်ထားတဲ့ ရေကိုမှ ဖြိုးကြောရှိ



www.foreverspace.com.mm

www.foreverspace.com.mm

တဲ့နေရာပို့ပြီး မြေသားကို ရေအားနဲ့တိုက်စားပစ်လိုက်တယ်။ တစ်ခါ အဲဒီရေစီးကြောင်းတစ်လျှောက်မှာမှ မြောင်းမြီးဆိုတဲ့ရေစီးဖို့ မြောင်းတစ်ခု ဖောက်လုပ်ထားပေးရတယ်။ မြောင်းမြီးတစ်လျှောက် ခဲပြားတွေခင်းထားပြီး ရေစီးနဲ့ပါလာတဲ့ ကျောက်စတွေ၊ သဲပတ်တွေကို မြောင်းမြီးအဆုံး ဇလုတ်ဆိုတဲ့နေရာရောက်တဲ့အထိ တွင်းသမားတွေက ပေါက်ပြားတွေနဲ့ ဆွဲချလာရတယ်။ ထုထည်ကြီးတဲ့ခဲလုံးတွေကျတော့ မြောင်းမြီးအပြင်ကို ဖယ်ထုတ်ပစ်လိုက်ရတယ်။ ဇလုတ်ဆိုတာ မြောင်းမြီးရဲ့အဆုံး(အနိမ့်ပိုင်း)နေရာလောက်မှာ လေးထောင့်ကျင်းတစ်ခုတူးပြီး ပတ်ပတ်လည်သစ်သားနဲ့ ပြန်ကာထားတဲ့ လေးထောင့်သစ်သားကန် အသေးလေးကိုပြောတာ။ ဇလုတ်နေရာရောက်ပြီဆိုရင် အပေါ်ကနေ စီးဆင်းလာတဲ့ ကနယ်ရေတွေ(မြေကြီးရေတွေ)ဟာ တော်တော်လေး သန့်သွားပြီ။ သဘောကတော့ မြေသားတွေဆိုလည်း ရေနဲ့စီးပျော်သွားပြီး အလေးချိန်ရှိတဲ့ သဲတွေ၊ ကျောက်တွေ သီးခြားခွဲထွက်လာပြီလို့ပြောချင်တာ။ သည်တော့ ဇလုတ်ကို ရေစီးချောင်းကဖြတ်သွားတဲ့အခါ အလေးချိန်စီးတဲ့ သဲပတ်နဲ့ ကျောက်တွေက ဇလုတ်ထဲကျကျန်ခဲ့ပြီး မှုန်တွေ၊ ပေါ့တဲ့သဲပွတွေကျတော့ ရေစီးနဲ့ပါသွားရော။ ဇလုတ်တစ်ခုစာ သဲပတ်တွေပြည့်ပြီဆိုမှ သဲပတ်တွေကို ထုတ်ယူပြီး ကျောက်ပြန်ရှာကြတယ်။ ဖြိုးဆေးစက်ဆိုတာ သည်နည်းစနစ်ကို အခြေခံပြီး တီထွင်ပြုလုပ်ထားတာပေါ့'

ယခု နောက်ပိုင်းတွင်မူ မျောတွင်း အများစုမှာ ဇလုတ်ကန်ကို သီးခြားလုပ်မနေတော့ဘဲ၊ ထိုနေရာတွင် ယက်ဆန်ခါ(ခေါ်)အပေါက်သေးလေးများ ဖောက်ထားသော သံပြားကို အစားထိုး၍ လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ ထင်ရှားသော မျောတွင်းများမှာ လေသာနီလာမျော၊ ပန်းရှိုးမျော၊ လင်းရောင်ခြည်မျော၊ လယ်ဦးကုလားမျောတို့ ဖြစ်သည်။ အထူးသဖြင့် လေသာနီလာမျောမှာ ကျောက်များကို မြင်းဖြင့်တင်၍ပင် သယ်ရသည်ဟု နာမည်ရှိခဲ့ဖူးပါသည်။

**လက်တွဲဖော်**

www.foreverspace.com.mm

'လေသာနီလာမျောကို အကြီးအကျယ် လုပ်ခဲ့တာက ဒေါ်ဖုံဆိုတဲ့ အမျိုးသမီးကြီးပဲ။ လိုင်စင်ခေတ်တစ်လျှောက်လုံး သူတစ်ဦးတည်း ဒိုင်ခံပြီး လိုင်စင်တင်လုပ်ခဲ့တယ်။ ပြည်သူပိုင်သိမ်းပြီးနောက်ကျတော့ ကျောက်မျက်တူးဖော်ရေးဌာနက ဆက်လုပ်ခဲ့တယ်။ မျောတိုက်ဖို့ လိုအပ်တဲ့ရေတွေကို တောင်ထိပ်မှာ ၁၄၃၅၉ ဂါလံဆန့်တဲ့ ရေကန်ကြီးနှစ်ခု လုပ်ပြီး လှောင်ထားတယ်။ အဲဒီကန်တွေမှာ ၆ပေ၊ ၃ပေ အတိုင်းအတာရှိတဲ့ ရေတံခါးတွေ တပ်ထားပြီး တစ်နေ့ကို နှစ်ကြိမ် တစ်ပြိုင်တည်း ရေလွှတ်ပြီးမျောတိုက်တဲ့ လုပ်ငန်းကို လုပ်ခဲ့တယ်'

ဒေါ်ဖုံခေတ်က တွင်းသမားလုပ်ခဲ့သူ ယခုလည်း လေသာတောင်နီလာ



''ပတ္တမြားဘုရင်''ဘွဲ့ခံ ဘုရားတကာကြီး ဦးမှတ်

www.foreverspace.com.mm

တွင်းများတွင် တွင်းဆရာလုပ်နေသူ ဦးညိုက ရှင်းပြခြင်းဖြစ်သည်။

မိုးကုတ်သမိုင်းတွင်လည်း ပတ္တမြားဘုရင်(Ruby King)အဖြစ် အသိအမှတ်ပြုခံရသူ ဦးမှတ်ဆိုသူမှာ မျောတွင်းတစ်ခုမှ ကျောက်များရ၍ ကြွယ်ဝချမ်းသာလာကြောင်း မှတ်တမ်းရှိပါသည်။ ဦးမှတ်သည် ယခုယ်စဉ်က ဆင်းရဲပြီး အသက် ၄၀အရွယ်(၁၈၈၁ခုနှစ်)လောက်မှ မျောတွင်းလုပ်ရင်း ကျောက်အနီပတ္တမြားများရရှိကာ ချမ်းသာခဲ့ကြောင်း၊ အလှူအတန်းတွင်လည်း ရက်ရောသဖြင့် ဘုရားဒကာဦးမှတ်ဟုအမည်ရခဲ့ပြီး မြန်မာဘုရင်လက်ထက်မှသည် အင်္ဂလိပ်ခေတ်အထိ ပေါက်ပေါက်ရောက်ရောက်ရှိခဲ့ကြောင်း၊ သူ၏ကျောက်များ ပေါများပိုင်ဆိုင်မှုကို အကြောင်းပြု၍ ကမ္ဘာကပင် ပတ္တမြားဘုရင်(Ruby King)ဟူ၍ အသိအမှတ်ပြုခဲ့ရကြောင်း သိရပါသည်။ ယခုတိုင် မိုးကုတ်မြို့တွင် ဦးမှတ် ကျောက်ရ၍ချမ်းသာခဲ့သော မျောတွင်းနေရာကို မျောကြီးဟူ၍လည်းကောင်း၊ ထိုနေရာအနီးရှိ ကားလမ်းကွေ့ကြီးကို မျောကြီးကွေ့ဟူ၍လည်းကောင်း ခေါ်ဆိုနေကြပါသေးသည်။

မိုးကုတ်ပတ္တမြားနယ်မြေတွင် ကျောက်တွင်းတူးဖော်နည်းများစွာရှိသည့်အနက် မျောတွင်းတူးဖော်နည်းမှာ ကုန်ကျစရိတ် အသက်သာဆုံးပင် ဖြစ်သည်။

## ခဲတွင်းများ

မိုးကုတ်ကျောက်တွင်းတူးလုပ်ငန်းများတွင် ကုန်ကျစရိတ်အများဆုံးတွင်းများမှာ ခဲတွင်းများဖြစ်သည်။ ခဲတွင်းများတွင်လည်း ရေစုပ်ရသော တွင်းများနှင့် ရေမစုပ်ရသော တွင်းများဟူ၍ ၂မျိုးရှိသည်။ လက်ရှိ မိုးကုတ်ကျောက်တွင်းတူးလုပ်ငန်းများအနက် နာမည်ကြီးခဲတွင်းများရှိရာ လုပ်ကွက်များမှာ ကျောက်ဆောင်၊ ကတုတ်တပ်၊ ကိုးလုံး၊ ကျောက်ပုတ်၊ ဘော်ဗဒန်း၊ သဒ္ဒတ်လျှို၊ ပိန်းပြစ်၊ ပင့်ကူတောင်၊ ဒန့်ဒကူးတောင်၊ ဓာတ်တော်တောင်တို့ဖြစ်

www.foreverspace.com.mm

သည်။ ထိုခဲတွင်းများအနက် အများစုမှာ တွင်း၏ အောက်ခြေတွင် ရေများ စိမ့်ထွက်နေမှုကြောင့် ရေကို နိုင်အောင်စုပ်ထုတ်နိုင်မှသာ လုပ်ကိုင်၍ရသော တွင်းများဖြစ်သည်။

'ခဲတွင်းတွေထဲမှာတော့ ကျွန်တော်တို့ ကတုတ်တပ် ကွက်ရပ်က ရေထွက်အများဆုံးနဲ့ ကုန်ကျစရိတ်အများဆုံးဖြစ်မယ်ထင်တယ်။ တွင်း လုပ်ငန်း မစခင် အောင်းရေတွေကုန်အောင် စုပ်ထုတ်ရတာကို တစ်လနီးနီး ကြာတယ်။ ဒါတောင် ကွက်ရပ်တစ်ခုလုံးမှာရှိတဲ့ တွင်းတွေအားလုံးစုပြီး နေ့ည မနားဘဲ စက်ကြီးတွေနဲ့ ဆက်တိုက်စုပ်ထုတ်ရတာ။ ကိုယ့်တစ်တွင်း တည်းဆိုရင် ရေကုန်အောင်စုပ်ထုတ်ဖို့မလွယ်ဘူး။ သည်တော့ တွက်ကြည့်



ခဲတွင်းတစ်တွင်းရဲ့ အထဲမှာ အလုပ်လုပ်လို့နေကြတာ· · ·

www.foreverspace.com.mm

လိုက်ရင် တခြားဘာကုန်ကျစရိတ်မှ မပါသေးဘဲ ရေခမ်းဖို့အတွက် ဖုတ်ထုတ်ရတဲ့ ဆီဖိုးတင် သိန်းက ရာဂဏန်းရောက်နေပြီ’

ကတုတ်တပ်ကွက်ရပ်မှာ ကျောက်ထွက်နှုန်းကောင်းသည်ဟု နာမည်ကြီးသလို ကုန်ကျစရိတ်ကလည်း မနည်းလှပေ။ ဖက်စပ်လုပ်ငန်းတစ်ကွက်ချင်းစီ၏ ရင်းနှီးမြှုပ်နှံမှုသည်ပင်လျှင် သိန်းထောင်ဂဏန်းရောက်နေပြီဖြစ်သည်။

ယနေ့ ခဲတွင်းများ၏ ကုန်ကျစရိတ်နှင့် လုပ်ကိုင်နေပုံကို ကြည့်ပြီး စာရေးသူတို့ငယ်စဉ်က ခဲတွင်းများလုပ်ခါစအချိန်ကို ပြန်သတိရမိသည်။ ထိုစဉ်က တစ်နိုင်စာ တွင်းများသာ လုပ်ကြသည်မို့ လူသုံးယောက်ရှိလျှင် တွင်းတစ်တွင်းစ၍ ရပါသည်။ လေးပေါင်တူ သုံးလက်၊ စို့ခေါ်အရှည်တစ်တောင်ခန့်ရှိ သံချောင်းအချွန် ၁၀ချောင်း၊ ယမ်း တစ်ပိဿာ၊ ဓာတ်ခဲဗလုံး၊ ဝါယာကြိုးသေးတစ်ခွေ၊ ဖယောင်းတိုင် ၁၀ထုပ်လောက်ဆိုလျှင် ပစ္စည်းစုံသလောက်ရှိပြီဖြစ်သည်။

လက်တွင်းလုပ်ရသည်မို့ ဦးစွာ ကိုယ်ခွဲမည့်ခဲကြော နေရာတွင် စို့ကို တူဖြင့်ထုကာ ခြောက်မူးလုံးအရွယ် အပေါက်တစ်ပေါက် ဖောက်ရသည်။ အပေါက်ဖောက်ပြီးလျှင် ထိုအပေါက်ထဲသို့ ယမ်းသိပ်ထားသော စက္ကူလိပ်ကို အံဝင်ခွင်ကျဖြစ်အောင်ထည့်ရသည်။ ယမ်းသိပ်ပုံစနစ်ကတော့ ရိုးရိုးရှင်းရှင်းပင်ဖြစ်သည်။ ဘိလပ်မြေစက္ကူကို ၂လက်မခွဲအရွယ်ခန့် ဖြတ်ကာ ကိုယ်အသုံးပြုမည့်ယမ်းကို ထည့်ပြီး လိပ်ရခြင်းဖြစ်သည်။

ထိုအချိန်က မိုးကုတ်ကျောက်တွင်းတူးသမား အများစု သုံးကြသည်မှာ ယမ်းဝါ၊ ကြာဇံယမ်း၊ နံ့သာယမ်းတို့ဖြစ်သည်။ ထိုအမျိုးအစားများမှာ ပေါက်ကွဲအားကောင်းသဖြင့် နောက်ထပ် ဘာအကူပစ္စည်းမှ ရောနှောစရာ မလိုဘဲ သီးခြားသုံး၍ရပါသည်။ ယမ်းပျော့ကို သုံးသူများကမူ ယမ်းလိပ်ရာတွင် ပိုတက်ခေါ် ယမ်းစိမ်း၊ မီးသွေး၊ ကန့်တို့ အရောအနှောပါသည့်

ပစ္စည်းတစ်မျိုးကို တွဲသုံးကြသည်။ ထိုသို့ ယမ်းသိပ်ထားသည့် စက္ကူလိပ်ထဲ ပွင့်မှ အရှည်တစ်တောင်ခွဲခန့်မျှရှိသည့် ဝါယာကြိုးတစ်ချောင်းကို အားကူး ကြိုး၊ မီးခြစ်ဆံယမ်းတို့နှင့် တွဲပြီးမြှုပ်ထားလိုက်ပါသည်။ ယမ်းသိပ်ထား သည့် စက္ကူလိပ်ကို ဝါယာကြိုးတိုနှင့်လည်း တွဲပြီးပြီ၊ ဖောက်ထားသော အပေါက်ထဲကို ကျစ်ကျစ်လစ်လစ်လည်းထည့်ပြီး ယမ်းခွဲဖို့ ပြင်ဆင်ရပါ သည်။

ယမ်းခွဲတော့မည်ဆိုလျှင် လိုက်ကြိုးခေါ် နောက်ထပ်ဝါယာအရှည် တစ်ချောင်းကို ယမ်းလိပ်နှင့် တွဲထားသည့် ဝါယာကြိုးတိုနှင့် ပြန်ဆက်ရ သည်။ လိုက်ကြိုးခေါ် နောက်ထပ်ဝါယာကြိုး အရှည်တစ်ချောင်းကို ပြန် ဆက်ရခြင်းမှာ ယမ်းခွဲသူအတွက် အန္တရာယ်ကင်းအောင်ဖြစ်ပြီး လိုက်ကြိုး သည် အကာအကွယ် ရှိလောက်သည့်နေရာထိ အရှည်ရှိရပါသည်။ ထို လိုက်ကြိုးကိုမှ ဓာတ်ခဲ ဖြခဲတွဲဖြင့် ဆက်၍လည်းကောင်း၊ အချို့ကလည်း (8.V)ဘက်ထရီဖြင့် ဆက်၍လည်းကောင်း ရှော့ရိုက်ကာ အားကူးကြိုးမှ တစ်ဆင့် မီးကူးစေပြီး ယမ်းကို ပေါက်ကွဲစေပါသည်။ ဆက်၍လည်း ကျောက်ပါသော ခဲကြောမတွေ့မချင်း ထိုနည်းအတိုင်းပင်ယမ်းခွဲ၍ ခဲတောင် များကို ဖောက်ထွင်းပြီး ဝင်သွားပါသည်။ ကျောက်ပါသောခဲကြော တွေ့ပြီ ဆိုမှ ကျောက်နံရံတွင်ကပ်နေသော ကျောက်များကို 'ခွာစို့'ခေါ် ထိပ်ပြားပြီး ချွန်ထားသော သံချောင်းဖြင့် ခွာထုတ်၍လည်းကောင်း၊ ခဲကြောကို ယမ်း ဖြင့်ခွဲကာ ခဲစာများကို အပြင်သယ်ထုတ်ပြီး တူဖြင့် တစ်စစီ ထုခွဲသည့် နည်းဖြင့်လည်းကောင်း ကျောက်ပြန်ရှာယူကြသည်။

ယခုအခါတွင်ကား ယမ်းလိပ်သည့်နေရာ၊ တူထု၍ကျောက်ရှာသည့် နေရာတို့မှလွဲ၍ ကျန်နေရာ တိုင်းတွင် စက်ကြီးများ အစားထိုး လုပ်ကိုင် နေကြပြီဖြစ်သည်။

ယခင်က စို့ကို တူဖြင့် ထု၍ ခဲပေါက်တွင်းသည့်နေရာတွင် 'ဂန်း'ခေါ်



www.foreverspace.com.mm

www.foreverspace.com.mm



ခဲတွင်းထဲက ခဲစာတွေကို အပြင်ကို သယ်ထုတ်နေကြတာ· · ·

ဖောက်စက်ကြီးများကို အသုံးပြုကြသည်။ အဖွဲ့ငယ်တစ်ဖွဲ့လျှင် ဂန်းတစ်လက်နှုန်းသုံးနေကြပြီး အများစုသုံးသည့် ဂန်းတစ်ခု၏ပေါက်ဈေးသည် သုံးသိန်းဝန်းကျင်ရှိပါသည်။ ဖယောင်းတိုင်ထွန်း၍ ဝင်ရသည့်နေရာများတွင် လျှပ်စစ်မီးကြိုးများသွယ်ကာ မီးလုံးများ၊ မီးချောင်းများတပ်ဆင်၍ ၂၄နာရီလုံးစက်ကြီးများမောင်းကာ မီးထိန်လင်းနေအောင် ထွန်းထားပေးပါသည်။

ခဲစာများကို အပြင်သို့ သယ်ထုတ်ရာတွင် ရထားသံလမ်းများ ခင်းကာ ထော်လာဂျီအသေးစားများတင်၍ သံကြိုးဖြင့်ဆွဲကာ အတင်အချပြုလုပ်နေကြပြီဖြစ်သည်။ သည်တော့ မိုးကုတ်ကျောက်တွင်းတူးလုပ်ငန်းများ၏ အခြေအနေမှာ အရင်ခေတ်နှင့် ယခုခေတ် ဘာမှမဆိုင်တော့အောင် ပြောင်းသွားပြီဟုပြောနိုင်ပါသည်။

မိုးကုတ်မြို့၏ ပတ်ပတ်လည်တွင် ခဲတောင်များ များစွာရှိသော်လည်း ကျောက်ထွက်သည့် ခဲကြောမှာ မြို့၏အနောက်ခြမ်းနှင့် မြောက်ခြမ်းတွင်သာ ရှိပါသည်။

'မိုးကုတ်မြို့ရဲ့ အဓိက ကျောက်ထွက်တဲ့ ပင်မခဲကြောကြီးဟာ မိုးကုတ်

www.foreverspace.com.mm



အနောက်ပိုင်းဘက်ကနေပြီး မြောက်ပိုင်း ဓာတ်တော်တောင်ထိ တစ်ဆက်တည်း ဖြတ်သန်းသွားတယ်။ အနောက်ပိုင်းကနေ ဒန့်ဒကူးတောင်၊ ကိုးလံ၊ ကျောက်ပုတ်၊ သဒ္ဒတ်လှျို၊ ဘော်ဗဒန်း၊ ကျောက်ဆောင်၊ ကတုတ်တပ်ဘက်ကို ဖြတ်ဝင်လာတယ်။ အဲဒီတစ်ကြောဟာ ခဲကြောက အမြင့်ပိုင်းမှာဖြစ်လို့ ရှာစဉ်တစ်လျှောက်လုံး ခဲတွင်းတွေကို အကြီးအကျယ် လုပ်ကိုင်နိုင်တယ်။ အဲဒီကနေပြီး ရေပူ၊ ရေပေါက်တစ်ရာဘက်ရောက်တော့ အောက်ကို စိုက်ဆင်းသွားတာမို့ ခဲကြောဟာ မြေအောက် တအားနက်သွားပြီး ခဲတွင်းလုပ်တဲ့လူတွေ မရှိပြန်ဘူး။ ရေပေါက်တစ်ရာနဲ့ တစ်ဆက်တည်း လင်းရောင်ခြည်တောင်ဘက် ရောက်သွားတော့ ခဲတွင်းတွေလုပ်ကြတာ တွေ့ရတယ်။ လင်းရောင်ခြည်တောင်ဘက်ကနေပြီး ခဲကြောဟာ ဓာတ်တော်တောင်ဘက်ကို ပြန်တက်သွားတယ်။ ဓာတ်တော်တောင်ကျတော့ ခဲကြောဟာ အပေါ်ရောက်သွားတာမို့ တောင်ထိပ်ကနေဖောက်ဖောက်၊ တောင်ခါးပန်းကပဲ ဖောက်ဖောက် သေချာပေါက် ခဲကြောတွေ့တယ်။ ဓာတ်တော်တောင် ခဲတွင်းတွေကျတော့ တွင်းထဲကနေပြီး ရေထွက်များတဲ့ပြဿနာ မရှိတော့ဘူး။ သည်တော့ တစ်နှစ်ပတ်လုံး မနားတမ်းလုပ်ကိုင်နိုင်တဲ့ တွင်းတွေဖြစ်သွားပြီ။ ဓာတ်တော်တောင် ခဲတွင်းတွေဟာ ကတုတ်တပ်ဘက်က ခဲတွင်းတွေထက်စာရင် အများကြီး ကုန်ကျစရိတ်သက်သာတယ်'

ခဲတွင်းတူးဆရာ ကိုမောင်ဦးက ရှင်းပြခြင်း ဖြစ်သည်။

'ကျွန်တော်တို့ဖက်စပ်ကတော့ စက်ကြီး၇၀၀အား နှစ်လုံး၊ ဒိုင်နမိုကီလို ၅၀ နှစ်လုံး ထိုင်ပြီး နေ့တိုင်းပုံမှန်အလုပ်ဆင်းတယ်။ ညဆိုင်းမဆင်းဘူး။ လပြည့်၊ လကွယ်နှစ်ရက်နားတယ်။ တစ်လကို ဆီ ၁၀ပေပေါ၊ ၁၂ပေပေါ လောက်ကုန်တယ်။ တွင်းသမားတွေကိုတော့ တစ်ဖွဲ့မှာ ခြောက်ယောက်၊ ခုနစ်ယောက်လောက်နဲ့ အဖွဲ့ ခုနစ်ဖွဲ့ ဖွဲ့ပြီး သူ့တွင်း ကိုယ့်တွင်းခွဲဆင်းခိုင်းတယ်။ သည်အဖွဲ့တွေ အသုံးပြုတဲ့ ပစ္စည်းတွေဟာ တစ်လကို ယမ်းခုနစ်

www.foreverspace.com.mm

အိတ်၊ မီးကြိုး သုံးအိတ်၊ ယမ်းလိပ်စက္ကူအရှက် ထောင့်ငါးရာ၊ ကာဗွန် တစ်ဆယ်ဖာလောက်ကုန်တယ်။ တွင်းသမားတွေရဲ့စားစရိတ်နဲ့ဆိုရင် တစ်လ ကုန်ကျစရိတ်ဟာ ၂၅သိန်းနဲ့ သိန်း၃၀ ကြားမှာရှိတယ်'

ဓာတ်တော်တောင် ခဲတွင်းဖက်စပ် တာဝန်ခံတစ်ဦးမှ လူ၅၀ခန့်နှင့် အလုပ်လုပ်သည့် ခဲတွင်းတစ်တွင်း၏ ကုန်ကျစရိတ်ကို အကြမ်းဖျဉ်းတွက်ပြ ခြင်းဖြစ်သည်။

'မိုးကုတ် ကျောက်တွင်းနယ်မြေမှာ သဘာဝထူးခြားမှုတွေ အတော်များ များရှိတယ်။ မိုးကုတ်မြို့ရဲ့ သဘာဝပေါက်ပင်တွေထဲမှာ တောင်နေကြာရိုင်း ဆိုတဲ့ အပင်တစ်မျိုးရှိတယ်။ အဲဒီအပင်ဟာ အဝါရောင်အပွင့်ပွင့်ပြီး ကျောက် ထွက်တဲ့အနောက်ဘက်နဲ့ မြောက်ဘက်ခြမ်းမှာပဲပေါက်တယ်။ ကျောက် မထွက်တဲ့ မြို့အရှေ့ဘက်ခြမ်းမှာ လုံးဝမပေါက်ဘူး။ ပြီးတော့ သည်အပင် တွေဟာ ခဲတွင်းတွေရှိတဲ့ အနောက်ပိုင်းတစ်ကြော၊ ကျောက်ဆောင်၊ ကတုတ်တပ်တစ်ကြော၊ ဓာတ်တော်တောင်တစ်ကြောမှာ စုပြီးပေါက်တယ်။ သူ့အချိန် ရောက်ရင် တောင်ကုန်းတစ်ခုလုံး ပန်းပွင့်တွေနဲ့ဝါဝင်းနေတာပဲ'

စာရေးသူ၏ မိတ်ဆွေ ကိုနန်းမောင်က ရှင်းပြခြင်းဖြစ်သည်။

မိုးကုတ်ကျောက်တွင်းဒေသတွင် တွင်းလုပ်ငန်းလုပ်ကိုင်ရန်သွားစဉ် လမ်းတွင် တိရစ္ဆာန်များကို မသတ်ဖြတ်ရပေ။ အထူးသဖြင့် မြွေဆေးမည့်နေ့၊ ကျောက်ရောင်းမည့်နေ့များတွင် လမ်းသွားရင်းမြွေတွေ့ပါက လာဘ်ကောင်း သည်ဟု ယူဆကြသည်။ အကယ်၍ ထိုမြွေကို အနှောင့်အယှက်ပေးမိ၊ သတ်ဖြတ်မိပါက လာဘ်ပိတ်သည်။ ကျောက်မရတတ်ဟု ယုံကြည်ကြ သည်။ ကျောက်တွင်းလုပ်ငန်းလုပ်ကိုင်သူ အများစုသည် ကျောက်တွင်းတူး လုပ်ငန်းထဲသို့ဖြစ်စေ၊ နားနေရာတဲများအတွင်းသို့ဖြစ်စေ မြွေများ မတော် တဆ ဝင်ရောက်လာပါက ရွှေရည်၊ ငွေရည်လောင်းပြီး ပြန်လွှတ်ပေးကြပါ သည်။

**လက်တွဲဖော်**

www.foreverspace.com.mm



'ဟိုက်ဆိုင်မှုလို့ပြောရမလား။ မိုးကုတ်ကျောက်တွင်းဒေသရဲ့ ရှေးအယူမလေ့က မှန်လို့လား မသိဘူး။ ကျွန်တော်ကိုယ်တွေ့ကြုံဖူးတာကို ပြောပြမယ်။ ခိုးတွင်းခေတ်တုန်းကပေါ့။ ဟိုမှိုင်းကွက်ရပ်မှာ ကျွန်တော်တို့ တွင်းဆင်းကြတာ စုစုပေါင်းဆယ်တွင်းရှိတယ်။ ရေထွက်များတဲ့ ကွက်ရပ်မို့ ရေနိုင်အောင် ရေစုပ်ရင်လည်း တွင်းဆယ်တွင်းလုံး တစ်ပြိုင်တည်းစုပ်တယ်။ တွင်းဆင်းရင်လည်း အကုန်ဆင်း၊ တွင်းနားရင်လည်း အကုန်နားဆိုတော့ ဖြိုးတွေ့တော့လည်း ဆယ်တွင်းလုံးအတူတူတွေ့တယ်။ သည်တော့ဖြိုးဆေးတော့လည်း တစ်ပြိုင်တည်း တစ်ရက်တည်း ဆေးကြတယ်။ ဖြိုးဆေးဖို့သွားတဲ့နေ့ကျတော့ တွင်းနားရောက်ခါနီးမှာ မြွေတစ်ကောင်ဖြတ်သွားတာတွေ့လိုက်တယ်။ ကျွန်တော်တို့ အဖွဲ့ထဲမှာ ဘာသာခြား တွင်းသမားတစ်ဦးပါနေတော့ ရိုးရာဓလေ့တွေ ဘာတွေ နားမလည်ဘဲ အဲဒီမြွေကို ပါလာတဲ့ပေါက်ပြားနဲ့ ရိုက်သတ်လိုက်တယ်။ မြန်လိုက်တာ၊ ကျွန်တော်တို့ တားချိန်တောင်မရလိုက်ဘူး။ ဒါနဲ့ပဲတစ်နေ့လုံး ဖြိုးဆေးကြတာ ဘေးတွင်းအားလုံးက အနည်းနဲ့ အများဆိုသလို ကျောက်ရကြတယ်။ ကျွန်တော်တို့တွင်းက ရောင်းစားကျောက်တစ်ပွင့်တောင် မကောက်ရဘူး။ သည်တော့ ကျွန်တော်တို့ အဖွဲ့ဟာ ရိုးရာထုံးတမ်းဓလေ့တွေကို လက်မခံချင်လို့ကို မရတော့ဘူး။ ဖြိုးကြောက တစ်ပြင်လုံးမှာရှိတော့ ဖြိုးအမျိုးအစားလည်း အတူတူပဲ၊ ဖြိုးရတဲ့ ခြင်းအရေအတွက်ကလည်း ဘာမှမကွာဘူး။ ဒါကိုကျွန်တော်တို့ တွင်းတစ်တွင်းတည်း ကွက်ပြီး ကျောက်မရတာက ထူးဆန်းနေတယ်'

တွင်းဆရာဟောင်းတစ်ဦးဖြစ်သူ ဦးအောင်ကြည်က သူ၏အတွေ့အကြုံတစ်ခုကို ရှင်းပြခြင်းဖြစ်သည်။ မိုးကုတ်ကျောက်တွင်းတူးလုပ်ငန်းများတွင် မြေတွင်းနှင့် ခဲတွင်းဟူ၍ နှစ်မျိုးရှိသည့်အနက် မြေတွင်းလုပ်ရသည်က သဘာဝအန္တရာယ်ပိုများပြီး ခဲတွင်းက အန္တရာယ်နည်းကြောင်းတွေ့ရသည်။ ခဲတွင်းများမှာ အတွင်းသို့ ရောက်ပြီဆိုသည်နှင့် သဘာဝဖြစ်ပေါ်နေသော

www.foreverspace.com.mm

ဥမင်လိုဏ်ခေါင်းကြီးများ လူးပေါက် လက်ကြားပေါက်များနှင့် ဆုံတွေ့ရသည် ဖြစ်ရာ လေပြတ်သည့်ပြဿနာ(လေမရသည့်ပြဿနာ)များ မရှိတော့ပေ။ ထို့အတူပင် ခဲတောင်များအတွင်းရှိ ကျောက်သားနံရံများ၊ မျက်နှာပြင်များမှာ အမာခံခဲသားများဖြစ်ရာ တော်ရုံတန်ရုံနှင့် မပြိုကျနိုင်ပေ။ ပြိုကျပျက်စီးမှု ရှိခဲ့ရင်လည်း မြေတွင်းများလို အောက်သို့တစ်ဖြောင့်တည်း တူးဆင်းသွားခြင်းမျိုး မဟုတ်၍ ထွက်လမ်းပိတ်သွားခြင်းများ၊ လူများအပေါ် တိုက်ရိုက် ပြိုကျ ဖုံးလွှမ်းသွားခြင်းများမရှိဘဲ တစ်နေရာပြိုလျှင် အခြားတစ်နေရာမှ ပြန်ထွက်နိုင်လေသည်။

ခဲတွင်းများတွင် အများဆုံးထိခိုက်ဒဏ်ရာရမှုဖြစ်သည်မှာ ယမ်းသိပ်ချိန်နှင့် ယမ်းချုချိန်များတွင်ဖြစ်သည်။ ယမ်းသိပ်ရာတွင် ယမ်းညက်အောင်နှင့် ကျစ်ကျစ်လစ်လစ်ဖြစ်အောင် စို့ဖြင့် ထုထောင်း၍ လုပ်ကိုင်ရသည်ဖြစ်ရာ အချိန်အဆမမှန်လျှင် ပေါက်ကွဲတတ်ပါသည်။ ခဲတောင်များ၊ ခဲအတုံးကြီးများကို အပေါက်ဖောက်၍ ယမ်းခွဲသည့် နေရာတွင်လည်း အလက်တိုင်း၊ အခေါက်တိုင်း အောင်အောင်မြင်မြင်နှင့် ပေါက်ကွဲတတ်သည် မဟုတ်ပါ။ မပေါက်ကွဲသည့်အကြိမ်များလည်း ရှိသည်။

ထိုအခါ အပေါက်ဟောင်းကို ပြန်သုံးနိုင်ရန်အတွက် ခဲပေါက်ထဲတွင် ကျန်နေသော ယမ်းအစအနများကို သန့်စင်သွားအောင် ပြန်ထုတ်ယူရပါသည်။ ယင်းကို ကျောက်တွင်းလောကအခေါ် ယမ်းချုသည်ဟု ခေါ်သည်။ ခဲပေါက်ဟောင်းထဲတွင် မပေါက်ကွဲဘဲ ကပ်ကျန်နေသော ယမ်းများကို ပြန်ထုတ်ယူရာတွင်လည်း စို့ကိုတူဖြင့်ရိုက်ပြီး ခွာယူသည့်နည်းကို သုံးပါသည်။ ထိုအခါ လက်ကျန် ယမ်းများသည် အဆင်မသင့်လျှင် စို့ရိုက်ချက်ကြောင့် ပူလာပြီး လန့်ကွဲ ကွဲခြင်းများနှင့် ကြုံရတတ်ပါသည်။ ထိုယမ်းပေါက်ကွဲမှုမှာ တအား မပြင်းသော်လည်း လွင့်စင်လာသော ခဲစ၊ ယမ်းစများသည် အနီးရှိ ယမ်းချုသူ တွင်းသမားကို မျက်စိထိလျှင် မျက်စိကန်းခြင်း၊

www.foreverspace.com.mm

မျက်နှာများစုတ်ပြဲသွားခြင်း၊လက်ချောင်းများပြတ်သွားခြင်းစသည့်အန္တရာယ်များ ပေးနိုင်ပါသည်။ ထို့ကြောင့် ခဲတွင်းသမားများအနေဖြင့် ယမ်းသိပ်ချိန်၊ ယမ်းချုချိန်ဆိုလျှင် အထူးဂရုစိုက် လုပ်ကိုင်ရပါသည်။

## အမှိုက်ထဲက ရတနာ (သို့မဟုတ်) ခဲစာထဲမှာ ကျောက်ကိုရှာ

မိုးကုတ်ကျောက်တွင်းတူးလုပ်ငန်းမှာ အန္တရာယ်နှင့်မကင်းသော လုပ်ငန်းများဖြစ်သလို ကံနှင့်လည်းဆိုင်သော လုပ်ငန်းများဟုလည်းပြောနိုင်သည်။ ကျောက်တွင်းတူးလုပ်ငန်းဆိုသည်မှာ မြေကြီးအောက်နှင့်ခဲတောင်များကြားတွင် ကိုယ်မမြင်ရသော ကျောက်မျက်ရတနာများကို ရှာဖွေရသောလုပ်ငန်းဖြစ်ရာ အခြားစီးပွားရေးလုပ်ငန်းများလို လုပ်ငန်း၏ အရှုံးအမြတ်ကို သေချာပေါက်တွက်ချက်၍ မရနိုင်ပေ။ ကံကောင်းပြီး ကျောက်ကြီးကျောက်ကောင်းရ၍ နေ့ချင်းညချင်း ကြီးပွားချမ်းသာသွားသူများရှိသလို တစ်သက်လုံးတွင်းလုပ်တာတောင်မှ သောင်းငွေပင်မကိုင်ရဘဲ ဘဝကိုအဆုံးသတ်သွားရသူများလည်း အများကြီးရှိပါသည်။

'ကျောက်တွင်းတူးလုပ်ငန်းလုပ်ရတာဟာ ကံနှင့်လည်း ဆိုင်တယ်။ ကျွန်တော့်မိတ်ဆွေတစ်ဦးဆို ကိုယ့်မျက်စိရှေ့မှာတင် တွင်းရှုံးပြီး အိမ်ရော၊ ကားပါပြုတ်သွားတယ်။ ကံကောင်းချင်တဲ့သူများကျတော့လည်း ဘာအရင်းအနှီးမှ မစိုက်လိုက်ရဘဲ သူများပစ်ထားတဲ့ခဲစာတွေကို ပြန်ထုတာ၊ အဲ့ဒီခဲစာပုံဟောင်းထဲက သိန်းဆယ်ချီတန်တဲ့ ကျောက်ရသွားတယ်'

ခဲတွင်းမှ စွန့်ပစ်သောခဲစာများကို ပြန်ထုခွဲပြီး ကျောက်ရှာသည့်လုပ်ငန်းသည် မိုးကုတ်မြို့၏သီးခြားလုပ်ငန်းကြီးတစ်ခုအဖြစ် သတ်မှတ်၍ရပါသည်။ မြေတွင်းမှ စွန့်ထုတ်ပစ်သော ဖြိုးဆေးရေများတွင် ဆန်ခါဖြင့် လှည့်၍ ကျောက်ရှာသူ ခန့်ဆေးသမားဦးရေထက် ခဲတွင်းမှစွန့်ပစ်သော ခဲစာများကို ပြန်ထုခွဲ၍ကျောက်ရှာသူ လူဦးရေက ပိုများပါသည်။ အခွင့်အရေးအရဆိုလျှင်

www.foreverspace.com.mm

လည်း ခဲစာထုသူများက တန်ဖိုးရှိသော ကျောက်များရဖို့ ပိုနီးစပ်ပါသည်။



ခဲကို ထုလို့ ကျောက်ကိုရှာ၊ ခဲစာထုနေကြတာပါ။

'မြေတွင်းဖက်စပ်မြောင်းမြီးတွေမှာ ခန့်ဆေးသူတွေကျတော့ ကျောက်အသေးအညှာပဲ ရနိုင်တယ်။ ဘာလို့လဲဆိုတော့ ဖက်စပ်တွေက ဖြိုးဆေးရင် ကျောက်တွေ ရေအားနဲ့ ပါမသွားအောင် ဆန်ခါကို သေသေချာချာ ကာထားတယ်။ ကြီးတဲ့ကျောက်တွေဟာ သံဆန်ခါကို ကျော်ပြီး ဘယ်လိုမှ ပါမသွားနိုင်ပါဘူး။ သံဆန်ခါအပေါက်ထက်သေးတဲ့ ကျောက်လောက်ပဲ အပြင်ရောက်တော့ ခန့်ဆေးသူတွေဟာ ထမင်းစားကျောက်လောက်ပဲရနိုင်တယ်။ ခဲစာကျတော့ ခဲတွင်းကွက်ရပ်တစ်ခုနဲ့တစ်ခု စွန့်ပစ်တာမတူဘူး။ ကျောက်ကျဲပြီး ကျောက်ကြီးပဲထွက်တဲ့ခဲကြောမျိုးကျတော့ စွန့်ပစ်တဲ့ခဲစာက ကြီးတယ်။ ကျောက်အရည်လှပြီး ကျောက်အညှာစိတ်တဲ့ ခဲကြောကျတော့ စွန့်ပစ်တဲ့ခဲစာက သေးတယ်။ ဥပမာပြောရရင် ကိုးလံဘက်က တွင်းတွေဟာ ကျောက်ဖောက်တယ်။ ကျောက်ကြီးထွက်တာ များတယ်။ ကျောက်အမျိုးကတော့ ကောင်းတဲ့အကြောက ကောင်း၊ ညံ့တဲ့အကြောကညံ့ပေါ့။ သည်

www.foreverspace.com.mm

တော့ တွင်းသမားတွေက တအားသေးအောင် ခွဲမနေတော့ဘဲ ဒိုးပြားအရွယ်လောက်ဆို စွန့်ပစ်လိုက်တယ်။ ကတုတ်တပ်ကွက်ရပ်လိုမျိုးကျတော့ ကျောက်အရည်လည်းလှ ကျောက်ကြောလည်းစိပ်ပြီး အညှာလည်း ထွက်တာမို့ လမ်းခင်း ကျောက်အရွယ်လောက်ထိ သေးငယ်အောင်ခွဲပြီးမှ စွန့်ပစ်တယ်။ သည်တော့ ကွက်ရပ်အလိုက်စွန့်ပစ်တဲ့ ခဲစာတွေဟာ အရွယ်အစား ပုံမှန် မရှိတော့ ကျောက်ကျန်တယ်၊ မကျန်ဘူး၊ ဘယ်အရွယ်လောက်ထိ ကျန်မယ်၊ မကျန်ဘူးဆိုတာ တွက်ဆလို့မရဘူး။ သည်တော့ ခဲစာထုတဲ့ သူတွေဟာ စွန့်ပစ်ခဲစာထဲကနေပြီး ပွင့်ကောက်ကျောက်(တစ်ပွင့်ကောင်းကျောက်)လည်း ထွက်နိုင်တာမို့ ခန္တဲဆေးသမားထက်စာရင် ကျောက်ကြီးရဖို့ မျှော်လင့်ချက် ပိုရှိတယ်။'

ခန္တဲဆေးတစ်လှည့် ခဲစာထုတစ်လှည့် အဆင်ပြေသလိုလုပ်ကိုင်နေသူကိုကျော်မောင်က ရှင်းပြခြင်းဖြစ်သည်။ စွန့်ပစ်ခဲစာထဲမှနေပြီး တန်ဖိုးရှိသော ကျောက်များထွက်သည့်သတင်းများ မကြာခဏကြားရ၍ ဖြစ်ပေလိမ့်မည်။ ခဲတွင်းလုပ်ချိန်ဆိုလျှင် ခဲစာတောင်းသူများ၊ ခဲစာထုသူများမှာ ပွဲဈေးတန်းတစ်ခုပမာစည်ကားလှပါသည်။ အထူးသဖြင့် ကတုတ်တပ်ကွက်ရပ် ဖွင့်ပြီဆိုလျှင် တွင်းသမားရော၊ ကုန်သည်ရော၊ ခဲစာထုသူများပါ ထိုရပ်ကွက်တွင် စုနေပါသည်။

'ကတုတ်တပ်ကွက်ရပ်ကျတော့ ခဲစာကို အလကားပေးတဲ့ လုပ်ကွက်လည်း ရှိတယ်။ ပြန်ရောင်းတဲ့လုပ်ကွက်လည်းရှိတယ်။ ခဲစာကို အရင်တုန်းကတော့ လူတိုင်းပေးတယ်။ အခုနောက်ပိုင်းကျတော့ ခင်ရာ၊ မင်ရာ၊ မကင်းရာ မကင်းကြောင်းလူတွေနဲ့ ကိုယ့်တွင်းမှာလာပြီး လုပ်အားပေးတဲ့ လူတွေကိုဘဲ ပေးတော့တယ်။ ခဲစာကို ပြန်ရောင်းတဲ့လုပ်ကွက်တွေကျတော့ နှစ်မျိုးသတ်မှတ်ပြီး ခွဲခြားရောင်းတယ်။ ပထမတစ်မျိုးက တွင်းတစ်တွင်းရဲ့ တစ်ရက်စာ ၂၄နာရီ ခဲခွဲပြီး ပစ်ထားတဲ့ ခဲစာတွေကိုပုံပြီး တစ်ပုံကို

www.foreverspace.com.mm

၅၀၀ပိ/-နှုန်း ဝန်းကျင်လောက်ရောင်းတယ်။ ဒုတိယတစ်မျိုးက လုပ်ငန်းခွင် တစ်ခုလုံးမှာ ရှိတဲ့တွင်းတွေက ထွက်သမျှ စွန့်ပစ်ခဲစာတွေကို စုပြီး တစ်လ တစ်ခါ ပြန်ရောင်းတယ်။ အဲဒီလိုမျိုးကျတော့ ခဲစာဝယ်ရတဲ့တန်ဖိုးကို ဆယ်သိန်းဝန်းကျင်မှာရှိတယ်။ ခဲစာဝယ်ထားတဲ့သူတွေဟာ ခြံဝင်းကျယ် တစ်ခုခုမှာ စုထားပြီး ခဲတွင်းတွေနားချိန်မှ အေးအေးဆေးဆေး ပြန်ထုခွဲကြ တယ်'

ကတုတ်တပ်ခဲတွင်းများမှာ ပုံမှန်အားဖြင့် မိုးကုန်ချိန် တန်ဆောင်မုန်း၊ နတ်တော်လလောက်တွင် စတင်လုပ်ကိုင်ပြီး သင်္ကြန်ကျော်သည်နှင့် ရေမနိုင် ၍ရပ်နားကြပြီဖြစ်သည်။ ဓာတ်တော်တောင်ကွက်ရပ်ကျတော့ ကျောက် ဆောင်၊ ကတုတ်တပ်ကွက်ရပ်များနှင့် ဆန့်ကျင်ဖက်ဖြစ်သည်။ တောင်ထိပ် တွင် ကျောက်ထွက်တာချင်းတူသော်လည်း ဓာတ်တော်တောင်ကျတော့ ရေရှားသည်။ သောက်ရေ၊ သုံးရေကိုပင် လူးပေါက်များကြားမှ စိမ့်ထွက်နေ သော ရေများကို ရှာပြီး ပိုက်ဖြင့်သွယ်ယူ၍ သုံးနေရပါသည်။

ထို့ကြောင့်လည်း ဓာတ်တော်တောင်ခဲတွင်းများမှာ တစ်နှစ်လုံးလုပ်နိုင် ပြီး မြေတွင်းကျတော့ မိုးကုန်လျှင် ရေမရတော့၍ ရပ်နားထားရပါသည်။ ဓာတ်တော်တောင်ခဲတွင်းများမှာ ယခုအခါတွင်းထဲသို့ခရီးတော်တော်ဝေးဝေး ဝင်သွားပြီဖြစ်ရာ ယမ်းခွဲပြီးထွက်လာသော ခဲအစအနများကို အပြင်အထိ သယ်ထုတ်မနေတော့ဘဲ တွင်းထဲမှာပင် ခွဲပြီးကျောက်ရှာလိုက်ပါသည်။ ထိုသို့ ကျောက်ရှာပြီး စွန့်ပစ်ထားသောခဲစာများကိုမှ ခဲစာထုသူများအား ကိုယ့်အစီအစဉ်နှင့်ကိုယ် အပြင်သို့ ထုတ်ယူသွားစေပါသည်။ မိုးကုတ် ခဲတွင်းအစ ကျောက်ဆောင်က ဟုဆိုပါသည်။ ယနေ့အခေါ် ကတုတ်တပ် ကွက်ရပ်၊ ဘုရားလေးကွက်ရပ်၊ ဘုံခေါင်းကွက်ရပ်တို့ဆိုသည်မှာ ယခင်က ကျောက်ဆောင်ခဲတွင်းဧရိယာများပင်ဖြစ်ပါသည်။ ခိုးတွင်းခေတ် တစ် လျှောက်လုံး ထိုခဲတွင်းများမှာ မနားတမ်းလုပ်ကိုင်ခဲ့ကြသော တွင်းများ

www.foreverspace.com.mm

ဖြစ်သည်။ ထိုအချိန်က ယခုကဲ့သို့ စက်ကြီးများသုံး၍ တရားဝင်လုပ်ကိုင်ခွင့် မရသေးရာ ရေများသည့်ပြဿနာကို ဘယ်သို့ ဖြေရှင်းခဲ့ကြသည်ကို သိလို၍ ရှာခံလူကြီးတစ်ဦးကို မေးကြည့်မိသည်။

'အဘတို့ခေတ်တုန်းက ကျောက်ဆောင်ရွာတစ်ဝိုက်မှာရှိတဲ့ ခဲတွင်း တိုင်းလိုလို လုပ်ကြတဲ့လူတွေရှိတယ်။ သူ့တွင်းကိုယ့်တွင်းကိုတော့ နားလည် မှုနဲ့ ခွဲထားကြပြီး ပေါလန်လို့ခေါ်တဲ့ မြို့ခံတွင်းပိုင်ရှင်တွေက ဦးစီးပြီး လုပ်ကြတယ်။ တွင်းအစုရှယ်ယာအများဆုံးကို ပေါလန်တွေက ယူထားပြီး တွင်းရဲ့ ကုန်ကျစရိတ်အားလုံးကို ပေါလန်က တာဝန်ယူရတယ်။ ပြီးတော့မှ ထက်ဝက်စား တွင်းသမားတွေထားပြီး တွင်းဆင်းခိုင်းတယ်။ အဲဒီတုန်းက တွင်းတွေဟာ အခုလောက် မနက်သေးပေမယ့် ရေကြောက အပေါ်မှာလည်း ရှိတာမို့ ရေထွက်များတဲ့ ပြဿနာတော့ကြုံရတာပဲ။ အဲဒီတုန်းက အကောင်း ဆုံး ရေစုပ်စက်ဆိုလို့ ဆယ်ကောင်အား ဒိုင်ရှင်းစက်တွေပဲရှိတယ်။ တစ်တွင်း ကို စက်တစ်လုံးနှုန်းခုတ်တာတောင် အချို့တွင်းတွေက ရေမနိုင်ဘူး။ အဲဒီ တုန်းက ကျောက်ဆောင်ရွာထဲမှာ အဘတို့ရဲ့မိတ်ဆွေတစ်ဦးရှိတယ်။ အခု တော့ ဆုံးသွားပါပြီ။ အဲ့ဒီမိတ်ဆွေဟာ သူ့တစ်သက်လုံး ကျောက်ဆောင် တစ်ဝိုက်က လူးတွင်းတွေထဲမှာပဲ တွင်းဆင်းခဲ့တာမို့ သူ့အတွေ့အကြုံအရ လူးထဲက ရေစီးကြောင်းတွေ၊ ရေထွက်ပေါက်တွေရဲ့ ရေသွားလမ်း အတော် များများကို သိနေတယ်။ ဘယ်နေရာက ရေစီးကြောင်းကိုလမ်းလွှဲလိုက်ရင် ပိတ်ဆို့ထားလိုက်ရင် ဘယ်တွင်းမှာ ရေနည်းသွားမယ်၊ ရေများသွားမယ် ဆိုတာ သူက သိတယ်။ အဲဒီတော့ တွင်းပေါလန်အတော်များများက သူ့တွင်း ကိုယ့်တွင်း ရေနည်းသွားအောင်ဆိုပြီး အဲ့ဒီလူဆီမှာ အကူအညီသွားတောင်း ရတယ်။ သူက အခကြေးငွေယူပြီး တွင်းတွေမှာ သူ့အချိန်နဲ့သူ ရေနည်း သွားအောင် ရေစီး ချောင်းထိပ်က စီးနေတဲ့အပေါက်တွေကို အဖွင့်အပိတ် လိုက်လုပ်ပေးတယ်။ ကျောက်ဆောင်တစ်ဝိုက်က ခဲတွင်းတွေဟာ လူး

www.foreverspace.com.mm

အတွင်းထဲမှာရှိပြီး လူးထဲမှာလည်း လက်ကြားပေါက်တွေ၊ ရေစီးကြောင်းတွေ၊ ရေထွက်ပေါက်တွေ ရှုပ်နေတာမို့ တော်ရုံလူက သည်အလုပ်ကို မလုပ်နိုင်ဘူး။ အဲဒီလို ရေပိတ်၊ ရေလွှဲပေးဖို့အတွက် တွင်းတစ်တွင်းကို ကျပ် ၅၀၀၀ ပေးရတယ်'

## မိုးကုတ်မှာ တွက်ချေမကိုက်ခဲ့ရတဲ့ နယ်ချဲ့အင်္ဂလိပ်တွေ

မိုးကုတ်ကျောက်တွင်းတူးလုပ်ငန်းတွင် အတွေ့အကြုံသည် အရေးကြီးဆုံးပင် ဖြစ်သည်။ အတွေ့အကြုံရင့်ကျက်သော တွင်းဆရာ ဦးစီးသည့်တွင်းဆိုလျှင် အန္တရာယ်လည်း နည်းသလို အချိန်တိုတိုနှင့် ကိုယ်မျှော်မှန်းသည့်နေရာ (ဖြူးကြော သို့မဟုတ် ကျောက်ရှိသည့်ခဲကြော)သို့ရောက်သည့်အတွက် လူလည်း သက်သာသလို၊ ကုန်ကျစရိတ်လည်း သက်သာပါသည်။ ထို့ကြောင့် တွင်းဆရာများသည် တွင်းသမားများထက် အစုဝက်(သို့မဟုတ်) တစ်စု ပိုရပါသည်။

အတွေ့အကြုံမရှိဘဲ စမ်းတဝါးဝါးလုပ်ကိုင်ခဲ့၍ အင်္ဂလိပ်ခေတ်ကျောက်တွင်းတူးလုပ်ငန်းများ ရှုံးခဲ့ဖူးသည့် သမိုင်းသက်သေ ရှိပါသည်။

အင်္ဂလိပ်တို့မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ပတ္တမြားမြေကျောက်တွင်းတူးလုပ်ငန်းများကို ၁၈၈၉ခုနှစ် ဖေဖော်ဝါရီလ ၂၂ရက်နေ့တွင် စထရီတာကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုပြီး လုပ်ပိုင်ခွင့်များပေးခဲ့ပါသည်။ စထရီတာကုမ္ပဏီသည် အစိုးရနှင့်စာချုပ်ချုပ်ဆိုပြီးနောက် ဖေဖော်ဝါရီလ ၂၇ရက်နေ့တွင် အစုရှယ်ယာများခေါ်၍ လန်ဒန်မြို့တွင် ဘားမားရူဘီမိုင်း ကုမ္ပဏီလီမိတက်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ တစ်စုလျှင် တစ်ပေါင်နှုန်းဖြင့် စတာလင်ပေါင်သုံးသိန်း မတည်ခါ ကျောက်တွင်းတူးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးကို ဆောင်ရွက်ခဲ့သည်။ ပတ္တမြားကျောက်တွင်းတူးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပထမဆုံးတာဝန်ယူရသူမှာ အင်ဂျင်နီယာချုပ် 'လော့

www.foreverspace.com.mm

ဟက်’ဆိုသူ ဖြစ်သည်။ အင်ဂျင်နီယာချုပ်လော့ဟတ်သည် လုပ်ငန်း အတွေ့အကြုံမရှိသည့်အတွက် အင်္ဂလန်သို့ စက်ပစ္စည်းမှာယူသည့်ကိစ္စများ၊ လမ်းခရီး သယ်ယူပို့ဆောင်ရေးကိစ္စများတွင် ကြန့်ကြာမှုဖြစ်ကာ ကုန်ကျစရိတ်များ အဆမတန် များသွားပါသည်။ စက်များ မိုးကုတ်သို့ရောက်ပြန်တော့လည်း မည်သည့်နေရာတွင် တပ်ဆင်ပြီး မည်သည့်ကိစ္စများတွင် သုံးရမည်ကို မသိသော ပြဿနာများ၊ တချို့ပစ္စည်းများမှာလည်း တပ်ဆင်ပြီးခါမှ ပတ္တမြားကျောက်တွင်းတူးလုပ်ငန်းနှင့် အံဝင်ခွင်ကျ မဖြစ်သောပြဿနာများ ကြုံတွေ့ရပါသည်။ ထို့ကြောင့် ကုမ္ပဏီ၏ပတ္တမြားကျောက်တွင်းတူးလုပ်ငန်းသည် လုပ်ငန်းမကျွမ်းကျင်မှုနှင့် အတွေ့အကြုံမရှိခြင်းတို့ကြောင့် ကုန်ကျစရိတ်များကာ အရှုံးပေါ်ပြီး ပထမသက်တမ်း ကာလအတွင်းမှာပင် အစုရှယ်ယာဝင်များထံ ထပ်မံ၍ တစ်ရှယ်ယာလျှင် ငါးသျှီလင်နှုန်း ပြန်လည်ကောက်ခံခဲ့ရကြောင်းသိရသည်။ မိုးကုတ်ကျောက်တွင်းသမိုင်းကို မလေ့လာဖူးသူများအနေဖြင့် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ပတ္တမြားမြေကျောက်တွင်းတူးလုပ်ငန်းများကို လက်ဝါးကြီးအုပ် လုပ်ကိုင်ခွင့်ရရှိခဲ့သည့်အတွက် အကျိုးအမြတ်များစွာ ရရှိခဲ့လိမ့်မည်ဟု ထင်ကြပေမည်။ ဘားမားရူဘီမိုင်းကုမ္ပဏီလီမိတက်၏စာရင်းဇယားများအရဆိုလျှင် အင်္ဂလိပ်ခေတ် ကျောက်တွင်းလုပ်ငန်းသည် အရှုံးပြခဲ့ပါသည်။

‘အင်္ဂလိပ်တွေ ကျောက်တွင်းတူးလုပ်ငန်းမှာ ရှုံးရတာဟာ အစပထမပိုင်းတော့ လုပ်ငန်းမကျွမ်းကျင်လို့ လုပ်ငန်းအတွေ့အကြုံမရှိသေးလို့ ကုန်ကျစရိတ်များပြီး ရှုံးတာ။ နောက်ပိုင်းကျတော့ ကံမလိုက်လို့ရှုံးတာ။ ပတ္တမြားကျောက်တွင်းတူးလုပ်ငန်းဆိုတာ ကံအလုပ်လည်း ဖြစ်တာမို့ အများ ဘာဖြစ်နေနေ၊ ကိုယ်လုပ်ရရင်ပြီးရောဆိုပြီး လုပ်ချင်တိုင်းလုပ်လို့ရတာ မဟုတ်ဘူး၊ ကျောက်တွင်းတူးလုပ်ငန်းလုပ်နေရင် ကိုယ်ကျင့်သိက္ခာစောင့်ထိန်းရမယ်၊ သစ္စာတရားရှိရမယ်၊ မျှတမှုရှိရမယ်။ ဒါမှ တွင်းလုပ်ငန်းက အကျိုးပေးတာ။

www.foreverspace.com.mm

အင်္ဂလိပ်တွေဟာ အရင်းအနှီးများစွာ မြှုပ်နှံပြီး ခေတ်မီစက်ကြီးတွေနဲ့ ဘယ်လောက်အကြီးအကျယ် လုပ်ခဲ့ပေမယ့် တစ်အချက် သူများနိုင်ငံကို မတရားသိမ်းပိုက်ပြီး ဝင်ရောက်လုပ်ကိုင်တာရယ်၊ နှစ်အချက်က သူတို့ ကုမ္ပဏီအကျိုးကိုသာ ဦးစားပေးကြည့်ပြီး တိုင်းရင်းသားဒေသခံတွေကိုတော့ အခွင့်အရေး အပြည့်အဝမပေးဘဲ ဖိနှိပ်ချုပ်ချယ် လုပ်ကိုင်ခဲ့တာရယ်နဲ့တင် အများရဲ့မေတ္တာစူးရှမှုဒဏ်ခံရ၊ လုပ်ငန်းမှာ အနှောင့်အယှက်တွေ အမျိုးမျိုး ကြုံရပြီး နောက်ဆုံးမှာ အရှုံးပေါ်ခဲ့ရတာပါပဲ'

မိုးကုတ်ဒေသခံ လူကြီးတစ်ဦးဖြစ်သော ဦးလှအောင်က အင်္ဂလိပ်ခေတ် ကျောက်တွင်းတူးလုပ်ငန်းများ အရှုံးပေါ်ခဲ့ခြင်းနှင့်ပတ်သက်ပြီး သူ၏အမြင် ကို ဘာသာရေး ရှုထောင့်မှကြည့်၍ ပြောပြခြင်းဖြစ်သည်။ အင်္ဂလိပ်ခေတ် ပတ္တမြားမြေကျောက်တွင်းတူးလုပ်ငန်းများ၏ သမိုင်းကိုပြန်ကြည့်လိုက်လျှင် ကျောက်တွင်းတူးလုပ်ငန်းများ၏ အခြေအနေတိုးတက်ကောင်းမွန်လာတိုင်း ကမ္ဘာ့နိုင်ငံရေးဂယက်များ၊ စီးပွားရေးဂယက်ရိုက်ခတ်မှုများ တစ်ခုမဟုတ် နောက်တစ်ခုနှင့် ကြုံတွေ့ရကာ ကုမ္ပဏီကို ထိခိုက်နစ်နာစေခဲ့ကြောင်း တွေ့ရသည်။

အင်္ဂလိပ်ခေတ်တစ်လျှောက်လုံး ပတ္တမြားကျောက်တွင်းတူးလုပ်ငန်းများ ကို အဓိကတာဝန်ခံ၍ လုပ်ကိုင်သွားသူများမှာ ကုမ္ပဏီအင်ဂျင်နီယာချုပ်များ ဖြစ်သည်။ ထို့ကြောင့် ကျောက်တွင်းတူးလုပ်ငန်းများ၏ အရှုံးအမြတ်ကိစ္စ သည်လည်း သူတို့၏ဆုံးဖြတ်ချက်အပေါ်တွင် များစွာ မူတည်နေပါသည်။ ကုမ္ပဏီ၏ပထမဆုံးအင်ဂျင်နီယာချုပ်မှာ ကပ္ပတိန်လော့ဟတ်ဖြစ်ပြီး ရှေ့ပိုင်း တွင် ဖော်ပြခဲ့သလိုပင် လုပ်ငန်းအတွေ့အကြုံ မရှိခြင်းကြောင့် သူ့လက်ထက် တွင် ကုမ္ပဏီသည် စစချင်းအရှုံးပေါ်ခဲ့သည်။ ထိုသို့အရှုံးပေါ်ခဲ့သည့်အတွက် ၁၈၉၀ခုနှစ်၊ ဒီဇင်ဘာလတွင် သူ့အစား မေဂျာကွန်းဟတ်ဆိုသူကို အစားထိုး စေလွှတ်ခဲ့သည်။ မေဂျာကွန်းဟတ်သည် ရောက်ရောက်ချင်းပင် မိုးကုတ်

www.foreverspace.com.mm



အရှေ့ပိုင်းရှိ ချိုင့်ဝှမ်းဒေသနှင့်မိုးကုတ်အနောက်ပိုင်းရှိ ပင့်ကူတောင် လူးတွင်းများကို တူးဖော်ခဲ့သည်။ မိုးကုတ်ချိုင့်ဝှမ်းဒေသမှာ ရေများသည့် ကွက်ရပ်ဖြစ်ရာ ရေမနိုင်သဖြင့် အရှုံးပေါ်ခဲ့သလို ပင့်ကူတောင်တွင်းများမှာလည်း မျှော်မှန်းထားသလို ကျောက်များ မရ၍ အရှုံးပေါ်ခဲ့သည်။ ပင့်ကူတောင်တွင်းစီမံကိန်း တစ်စိတ်တစ်ဒေသအဖြစ် တောင်ခြေအနီးရှိ ပန်းမ ကွက်ရပ်တွင် လုပ်ကိုင်ရာ ကျောက်ထွက်နှုန်းကောင်းသော်လည်း၊ မြိုးထင်သလောက် မရ၍ရပ်နားခဲ့ရပါသည်။ မေဂျာကွန်းဟတ်လက်ထက်တွင်လည်း အရှုံးပေါ်သည့်အတွက် သူ့အစား ကာနယ်ကွန်ဝေဂေါ်ဒွန်ကို စေလွှတ်ခဲ့ပြန်ပါသည်။ ကာနယ်ကွန်ဝေဂေါ်ဒွန်မှာလည်း ကွန်းဟတ်၏အမှားကို ဆက်လုပ်ခဲ့ပါသည်။ ထိုအမှားမှာ ပင့်ကူတောင်တွင်းများကို အထင်ကြီးပြီး လုပ်ငန်းကို တိုးချဲ့ဆက်လက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ကုမ္ပဏီမှာ ကုန်ကျစရိတ်ပိုများသွားပြီး နောက်ဆုံး လူးတွင်းများရပ်နားခဲ့ပါသည်။

ကုမ္ပဏီ၏အခြေအနေ ကောင်းမွန်လာသည်မှာ ၁၈၉၃ခုနှစ် အင်ဂျင်နီယာချုပ်မော်ဂန် ရောက်လာပြီးနောက်ပိုင်းမှဖြစ်သည်။ မော်ဂန်သည် မိမိရှေ့မှ တာဝန်ယူလုပ်ကိုင်သွားသူများ၏အမှားများကို လေ့လာပြီးနောက် ကုမ္ပဏီ၏ အောင်မြင်မှုအတွက် တစ်ခုတည်းသောနည်းလမ်းမှာ မြေပြန့်ဒေသများတွင် ကုန်ကျစရိတ်အသက်သာဆုံးနှင့်အတွင်ကျယ်ဆုံး တူးဖော်နိုင်ရေးပင်ဖြစ်ကြောင်းသဘောပေါက်သွားသည်။ မြေပြန့်ဒေသများ တူးဖော်ရေးတွင် အဓိကပြဿနာမှာ စိမ့်ထွက်လာသောရေများကို နိုင်အောင် စုပ်ထုတ်နိုင်ရေးပင်ဖြစ်သည်။ ထိုရေပြဿနာကို ဖြေရှင်းနိုင်လျှင် ကျောက်တွင်းတူးလုပ်ငန်းများ သေချာပေါက်အောင်မြင်မည်ဖြစ်ကြောင်း မော်ဂန်ကသိရှိခဲ့သည်။

ထို့ကြောင့် မော်ဂန်သည် မိုးကုတ်အနောက်ပိုင်းကြပ်ပြင်ရှိ တကောင်းနန်းတိုင် ချိုင့်ဝှမ်းဒေသတွင် စမ်းသပ်တွင်းတစ်တွင်းကို ဦးစွာတူးဖော်လုပ်ကိုင်ခဲ့သည်။ ယင်းကွက်ရပ်မှာ အခြားမြေပြန့်ချိုင့်ဝှမ်းဒေသများကဲ့သို့ပင်

www.foreverspace.com.mm

မြေကြီးအောက်အနည်းငယ်နက်သွားသည်နှင့်ရေထွက်လာရာ တွင်းနက်နက်နှင့် ကျယ်ကျယ် ဆက်တူး၍ မရတော့ပေ။ ထိုအခါ မော်ဂန်သည် တွင်းကို ကျယ်ကျယ်မတူးခင် ဖြိုးမြေရှိသည့်နေရာထက် ပို၍နက်သောနေရာတွင် တွင်းသေးသေးလေးတစ်ခုကို ဦးစွာ တူးလိုက်ပြီး ဘေးမှ မြေများပြိုကျမလာစေရန် သစ်သားဘောင်ခတ်လိုက်ပါသည်။ ထို့နောက် ထိုတွင်းသေးသေးလေးထဲသို့ အနီးပတ်လည်ရှိရေများကို စိမ့်ဝင်စေပြီး ရေစုပ်ထုတ်ထားပါသည်။ ထိုသို့ရေများကို စုပ်ထုတ်ထားရင်း တစ်ဖက်မှလည်း မြေသားကို အင်းမြပုံသဏ္ဌာန်ဖြင့် ဖြိုးကြောရောက်သည်ထိ တူးဖော်ခဲ့ရာ ရေများမှာ ဖြိုးကြောထက်နက်သည့်တွင်းထဲထိ စိမ့်ဝင်နေပြီဖြစ်၍ ရေပြဿနာ မရှိတော့ဘဲ ဖြိုးမြေများကို ထုတ်ယူနိုင်ခဲ့ပါသည်။

ဤနည်းဖြင့် မော်ဂန်သည် ရေထွက်များသည့် ပြဿနာကို ဖြေရှင်းနိုင်ခဲ့သဖြင့် တကောင်းနန်းတိုင်ချိုင့်ဝှမ်းကို ၂နှစ်ကျော် လုပ်ကိုင်နိုင်ခဲ့ပြီး ကုမ္ပဏီအနေဖြင့် ပထမဆုံးအကြိမ် အသားတင်အမြတ်ငွေ ကျပ်နှစ်သိန်းခြောက်သောင်း ရခဲ့သည်။ တကောင်းနန်းတိုင်ချိုင့်ဝှမ်း၏ နည်းစံနစ်အတိုင်း အခြေခံပြီး မိုးကုတ်ချိုင့်ဝှမ်းဒေသကို ပြန်လည်လုပ်ကိုင်ခဲ့ပါသည်။ မိုးကုတ်ချိုင့်ဝှမ်းဒေသမှာ ကျောက်ထွက်နှုန်းကောင်းသော ကွက်ရပ်ဖြစ်ရာ ကုမ္ပဏီအနေဖြင့် လုပ်ငန်းများပြန်လည်လည်ပတ်လာပြီး အောင်မြင်မှုရစပြုလာပြီဟု ပြောနိုင်ပါသည်။

သို့သော် ထိုအချိန် ၁၈၉၈ခုနှစ်တွင် မြန်မာနိုင်ငံ၏အဓိက ကျောက်ရောင်းရာဈေးကွက်ဖြစ်သော အိန္ဒိယ၌ ပုလိပ်ရောဂါများ၊ ငတ်မွတ်ခေါင်းပါးခြင်းပြဿနာများ၊ နယ်မြေစစ်ပွဲများ ဖြစ်ပေါ်ခဲ့ရာ ကျောက်များ ဝယ်ယူသူမရှိဘဲ ကျောက်ဈေးကွက်ထိုးကျခဲ့ပါသည်။ ထို့ကြောင့် ထိုနှစ်များတွင် ကျောက်ထွက်နှုန်းကောင်းသော်လည်း ကျောက်မျက်ဈေးကွက်ပြဿနာကြောင့် ကုမ္ပဏီမှာ အရှုံးပေါ်ခဲ့သည်။ ကုမ္ပဏီမှ အမြတ်ထွက်ခဲ့သည်မှာ

www.foreverspace.com.mm

၁၉၇၁ခုနှစ်မှ ၁၉၀၈ခုနှစ်များအတွင်း ဖြစ်သည်။ နောက်ပိုင်းတွင် မိုးကုတ် ချိုင့်ဝှမ်းဒေသရှိ တွင်းများမှာ လုပ်သက်ကြာလာသည်နှင့်အမျှ အောက်သို့ တဖြည်းဖြည်းနက်လာရာ တောင်ကျရေများ စုလာသည့်ပြဿနာ၊ အောက်ခြေမှ ရေများ တဖြည်းဖြည်း အထွက်ပိုများလာသည့် ပြဿနာတို့နှင့် ကြုံတွေ့ရပြီးနောက် အဆုံး၌ မော်ဂန်၏ ဥမင်လိုဏ်ခေါင်း စီမံကိန်းဖြင့် ရေထွက်ပေါက်ကြီးကို တူးဖော်ခဲ့ရခြင်းဖြစ်သည်။

## ထက်ဝက်စားစနစ်ပေါ်ပေါက်လာခြင်း

အင်္ဂလိပ်ခေတ် ပတ္တမြားမြေကျောက်တွင်းတူးလုပ်ငန်းများ၏ အခြေအနေသည် မော်ဂန်၏ဥမင်လှိုဏ်ခေါင်းစီမံကိန်းကြောင့် မိုးကုတ်ချိုင့်ဝှမ်းဒေသကို အောင်မြင်စွာတူးဖော်နိုင်ခဲ့၍ အခြေအနေကောင်းခဲ့သည်ဟု ဆိုသော်လည်း အခြားရပ်ကွက်များတွင် တူးဖော်ခဲ့သော တွင်းလုပ်ငန်း အတော်များများမှာ အရှုံးပေါ်ခဲ့သည်။ ဥပမာအားဖြင့် ၁၉၁၀ခုနှစ်တွင် ကုမ္ပဏီသည် ဓာတ်တော်တောင်နှင့် ဘားနတ်ဒ်ရှာတစ်ဝိုက် စမ်းသပ်တွင်းများ တူးဖော်ခဲ့ရာ မျှော်မှန်းထားသလို ကျောက်မထွက်သဖြင့် ၁၉၁၂ခုနှစ်တွင် အရှုံးဖြင့် ရပ်နားခဲ့ရသည်။ ၁၉၁၆ခုနှစ်တွင် မိုးကုတ်အနောက်ပိုင်း ကြပ်ပြင်ရှိ စံစားအင်းသစ်ကို တူးဖော်ခဲ့ရာ အလုပ်သမားပြဿနာပေါ်ပေါက်ခဲ့သဖြင့် ၁၉၁၉ခုနှစ်တွင် အရှုံးခံပြီး ပြန်လည်ပိတ်ခဲ့ရသည်။ ထိုသို့ အရှုံးပေါ်ခဲ့သောတွင်းများ၏ ကုန်ကျစရိတ်ကို ပြန်ထေနေရသည့်အတွက် မိုးကုတ်ချိုင့်ဝှမ်းဒေသရှိ တွင်းများမှာ အောင်မြင်မှုရသော်လည်း စာရင်းချုပ်သောအခါ ကုမ္ပဏီ၏ကျောက်တွင်းတူးလုပ်ငန်းများအခြေအနေမှာ အရှုံးပြခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီသည် ၁၉၂၁ခုနှစ်မှနေ၍ ၁၉၂၅ခုနှစ်အထိ ဆက်တိုက်အရှုံးပေါ်ခဲ့သည်။ ၁၉၂၅ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး ဆုတ်ယုတ်မှုကပ်တစ်ခု ပေါ်လာသလို အဓိက အားထားရသော မိုးကုတ်ချိုင့်ဝှမ်းဒေသရှိ တွင်းများမှာလည်း

www.foreverspace.com.mm

ဖြိုးလှုန်သလောက်ရှိနေပြီဖြစ်သည့်အတွက် နောက်ဆုံး၌ ကုမ္ပဏီကို ဖျက်သိမ်းရန် ဆုံးဖြတ်ပြီး မော်ဂန်၏ ဉမင်လိုဏ်ခေါင်းကြီးကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ပါသည်။

'ကုမ္ပဏီကို ဖျက်သိမ်းဖို့ဆုံးဖြတ်ပြီး ကျောက်တွင်းလုပ်ငန်းသုံး စက်ပစ္စည်းတွေကို ပြန်ရောင်းတော့ ဝယ်မယ့်လူမရှိဘူး။ ကုမ္ပဏီကို အမှန်တကယ် အကျိုးပြုခဲ့တာက တိုင်းရင်းသားတွေဆီက ကျောက်တွေကို မူပိုင်ဝယ်ယူခွင့်ရလို့သာ အမြတ်ကျန်တယ်ဆိုတာသိနေတော့ အရှုံးပေါ်တဲ့ ကျောက်တွင်းတူးလုပ်ငန်းကို ဘယ်သူမှ ဆက်မလုပ်ချင်ကြဘူး။ ဒါကြောင့် သက်တမ်းကုန်ဆုံးတဲ့အထိ ကုမ္ပဏီကပဲ စရိတ်အကျဉ်းဆုံးနဲ့ ပြန်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် အရင်ကလို ကုမ္ပဏီက ကုန်ကျစရိတ်တွေကို အကုန်အကျမခံတော့ဘဲ တိုင်းရင်းသားလုပ်ငန်းရှင်တွေကို ထက်ဝက်စားစနစ်နဲ့လုပ်ကိုင်ဖို့ ခွင့်ပြုလိုက်တယ်။ သည်စနစ်အရ တိုင်းရင်းသားလုပ်ငန်းရှင်တွေဟာ လိုင်စင်ခသီးခြားဆောင်စရာ မလိုတော့ဘဲ ကျောက်ရလာမှသာ ကုမ္ပဏီနဲ့ထက်ဝက်စီခွဲယူရတယ်။ ကုန်ကျစရိတ်ကိုတော့ ကုမ္ပဏီက လုံးဝမထုတ်ဘဲ တိုင်းရင်းသားလုပ်ငန်းရှင်တွေက အားလုံးတာဝန်ယူရတယ်။ အဲဒီအချိန်ကစပြီး မိုးကုတ်ကျောက်တွင်းလောကမှာ ထက်ဝက်စား စနစ်ဆိုတာပေါ်လာတော့တာပါပဲ'

အငြိမ်းစား ကျောင်းဆရာ ဦးမောင်မောင်က ပြောပြခြင်းဖြစ်သည်။

## ကွက်သစ်ပေါ်တတ်တဲ့ မိုးကုတ်

မိုးကုတ်ကျောက်တွင်းဒေသ၏ ထူးခြားဖြစ်စဉ်တစ်ခုမှာ နှစ်စဉ် တစ်နေရာမဟုတ် တစ်နေရာတွင် ဒေသခံဆင်းရဲသားများ လက်လုပ်လက်စားများလုပ်ကိုင်စားသောက်နိုင်ရန်အတွက် ကွက်သစ်ပေါ်ပေးခြင်းဖြစ်သည်။ ကွက်သစ် ပေါ်သည်ဆိုသည်မှာ တွင်းလုပ်ငန်းကြီးများနှင့်လွတ်ကင်းသော နေရာ

www.foreverspace.com.mm

သစ်များတွင် ရေတိုက်စား၍ဖြစ်စေ၊ အပေါ်ယံမြေသားထဲမှ ကျောက်များ ပေါ်ထွက်လာခြင်းဖြစ်သည်။ ထိုသို့ အပေါ်ယံမြေသားထဲတွင် ကျောက်များ တွေ့ရှိတတ်သည်မှာ ယခုမှမဟုတ်ပေ။ ရှေးနှစ်ပေါင်းများစွာကတည်းကပင် ဖြစ်သည်။ မြက်ပင်နုတ်ရင်း ကျောက်ရသည့်ဖြစ်ရပ်များ၊ အပေါ်ယံမြေကြီး ကို ထွန်ယက်ရင်း ဖြိုးကြောတွေ့သည့်မှတ်တမ်းများ မိုးကုတ်သမိုင်းတွင် အခိုင်အမာ ရှိပါသည်။

'အခု ကသည်းယက်ဖြိုးလို့ခေါ်တဲ့ အမျိုးအစားဟာ မိုးကုတ်မြို့မှာ ရှေးတုန်းကနေထိုင်ခဲ့တဲ့ ကသည်းလူမျိုးတွေ လယ်ယာစိုက်ပျိုးဖို့မြေကို တူးဆွ ထွန်ယက်ရင်း တွေ့ခဲ့တာကို အစွဲပြုပြီးခေါ်ခဲ့တာပေါ့။ နောက်ပြီး ရှေးလူကြီးတွေ မြက်နုတ်ရင်းနဲ့လည်း မကြာခဏကျောက်တွေ့ရတတ်တာမို့ အပေါ်ယံမှာ လွယ်လွယ်နဲ့တွေ့ရတဲ့ကျောက်မျိုးဆို မြက်ခေါင်းလန်ကျောက် လို့ ခေါ်လိုက်ကြတာဘဲ။ ဒါတွေဟာ မိုးကုတ်သူ၊ မိုးကုတ်သားဒေသခံတွေ အတွက် ဘယ်ခေတ်မှာမဆို နေထိုင်စားသောက်ရေး အဆင်ပြေဖို့အတွက် သဘာဝတရားက တစ်နည်းမဟုတ်တစ်နည်း ဖန်ဆင်းပေးနေတာလို့ပြောနိုင် တယ်'

အသက် ၈၀ကျော်အရွယ်ရှိ မိုးကုတ်ဒေသခံလူကြီးတစ်ဦးဖြစ်သူ ဦး စိုင်းမတ်က ပြောပြခြင်းဖြစ်သည်။ မိုးကုတ်မြို့အနီးတစ်ဝိုက်တွင် ကွက်သစ် ပေါ်သည်ဆိုသည်နှင့် နေရာအနှံ့မှလူအစုံရောက်လာသလို သတင်းစုံလည်း မကြားချင်အဆုံးဖြစ်သည်။

'ကွက်သစ်လုပ်ရတယ်ဆိုတာ အချိန်တိုတယ်။ တစ်ခါတလေ လေး၊ငါး ရက်လောက်နဲ့လည်း အလုပ်က ပြီးချင်ပြီးသွားတယ်။ သည်တော့ ကွက်သစ် တွေမှာ စည်းကမ်းတွေ၊ သတ်မှတ်ချက်တွေ မရှိဘူး။ လွတ်တဲ့နေရာက မြေကြီးကိုပေါက်ပြီး ဆေးရတယ်။ ကျောက်ရရင်လည်း ကြုံရာလူကိုရောင်း လိုက်ကြတာပဲ။ သည်တော့ ကွက်သစ်ပေါ်တယ်ကြားရင် တွင်းသမားတွေ

www.foreverspace.com.mm

တင်လာစုတာမဟုတ်ဘူး၊ ကျောက်ကုန်သည်တွေလည်း စုပြုံပြီးရောက်လာတယ်။ သည်တော့ ရောင်တော်ပြန် ကျောက်အတုရောင်းသမားတွေလည်း အုပ်စုလိုက်ရောက်လာပြီး ကျောက်အတုတွေကို ခွင်ရိုက်ရောင်းတော့တာပဲ။ တချို့ကလည်း အနီးအနားက ကလေးတွေကို မုန့်ဖိုးပေးပြီး ကျောက်အတုတွေကို တစ်ဖက်လှည့်နဲ့ရောင်းရတယ်။ တချို့ကလည်း ကိုယ်တိုင် တွင်းဝင်လုပ်ပြီး ကျောက်အတုတွေကို ညှပ်ရောင်းတယ်။ ကွက်သစ်လုပ်ရတာဟာ အပေါ်ယံမြေသားကိုပဲ တူးပြီးဆေးကြတာမို့ လူတိုင်းလိုလို လွယ်လွယ်ကူကူ လုပ်နိုင်တယ်။ ကျောက်တွင်းလုပ်ငန်းကြီးတွေမှာ လုပ်ရသလို မပင်ပန်းဘူး'

ကွက်သစ်တွင်းဆိုသည်မှာ တစ်ပွဲတိုးလုပ်ငန်းဖြစ်ရာ ကွက်သစ်တွင်းကို အကြောင်းပြုပြီး ပေါလန်ထံ ငွေလိမ်ထုတ်နေသော လူစားမျိုးလည်း ရှိပါသေးသည်။ ကွက်သစ်တွင်းတွေမှာ ရက်တိုတိုနှင့်လုပ်ရသည်ဖြစ်ရာ ပေါလန်များက တွင်းစရိတ်ကို တစ်ပတ်လျှင် ဘယ်လောက်နှုန်းဆိုပြီး အပြတ်ထုတ်ပေးကာ ထက်ဝက်စား တွင်းသမားများထား၍ သွားလုပ်ခိုင်းလေ့ရှိသည်။ ထိုအခါမျိုးတွင် မရိုးသားသောတွင်းသမားများမှာ ငွေထုတ်ပြီးလျှင် ကွက်သစ်သို့ မသွားတော့ဘဲ တစ်နေရာတွင် အေးအေးဆေးဆေး လည်ပတ်စားသောက်နေပြီး တစ်ပတ်ပြည့်မှ ပေါလန်ရေ··· ဘာကျောက်မှမရခဲ့ဘူး ဆိုပြီး ပြန်လာတတ်ပါသည်။ ထိုဖြစ်ရပ်မျိုးနှင့်ပတ်သက်ပြီး စာရေးသူ၏ မိတ်ဆွေ ပေါလန်တစ်ဦးက သူ့ကိုယ်တွေ့ကို ပြောပြပါသည်။

'မန္တလေး–မိုးကုတ်ကားလမ်းဘေးတစ်နေရာမှာ ကွက်သစ်ပေါ်တုန်းကပေါ့။ ကျွန်တော်လည်း ကံစမ်းချင်တာနဲ့ တွင်းသမားသုံးဦးကို တစ်ဖွဲ့ဖွဲ့ပေး၊ အားလုံးကို စရိတ်ထောက်ပြီး တွင်းသွားတူးခိုင်းတယ်။ တစ်ပတ်တစ်ခါ ငွေရှင်းတဲ့စနစ်ပေါ့။ သူတို့က တနင်္လာနေ့သွားပြီး၊ စနေနေ့မှာ ပြန်လာတယ်။ တနင်္ဂနွေတစ်ရက်နားပြီး နောက်နေ့ပြန်သွားတယ်။ ပထမတစ်ပတ် ဘာမှ မရဘူး။ ရောင်းလို့မရတဲ့ကျောက်မျိုး၊ အညာနည်းနည်းပြပြီး ကျောက်မျိုးပဲ

www.foreverspace.com.mm

တွေ့ကြတယ်ပေါလန်ရေ··· နောက်တစ်ပတ်တော့ သေချာလောက်တယ်ဆိုပြီး ငွေထုတ်ပြီးတော့ ထပ်သွားကြတယ်။ အဲဒီတစ်ပတ်ထဲမှာပဲ ကျွန်တော်လည်း ကိစ္စတစ်ခုနဲ့ မန္တလေးဆင်းသွားတယ်။ မန္တလေးရောက်တော့ ထမင်းဆိုင် တစ်ဆိုင်မှာ ကျွန်တော် စရိတ်ထောက်ထားတဲ့ တွင်းသမားသုံးယောက်နဲ့ တိုက်တိုက် ဆိုင်ဆိုင် ဆုံပါလေရော၊ သုံးယောက်သား နှုတ်တောင် မဆက်ဘူး၊ ပျာယီးပျာယာနဲ့ပိုက်ဆံရှင်းပြီးထွက်သွားကြတယ်။ ထမင်းဆိုင်ပိုင်ရှင်ကို မေးကြည့်တော့ သူတို့က နေ့တိုင်း ထမင်းလာစားနေကျတဲ့၊ သည်တော့မှ ကျွန်တော့်ဆီက တွင်းစရိတ်ထုတ်သွားတဲ့လူတွေဟာ ကွက်သစ်မှာ အမှန်တကယ် တွင်းသွားမတူးဘဲ၊ မန္တလေးကို ဆင်းလာ၊ လည်ပတ်နေပြီးမှ အချိန်တန်ရင် မိုးကုတ်ပြန်လာပြီး တွင်းစရိတ် ညာထုတ်နေမှန်း သိလိုက်ရတယ်လေ’

ကွက်သစ်နှင့်ပတ်သက်ပြီး အတွေ့အကြုံတစ်ခုကို ဝါရင့်တွင်းဆရာကြီး ဦးအောင်လှကလည်း ပြောပြပါသေးသည်။

‘ကွက်သစ်ပေါ်တယ်၊ ကျောက်အစအနထွက်နှုန်းကောင်းတယ်ဆိုရင် လုပ်ငန်းရှင်ကြီးတွေက ဝင်ပြီးလုပ်ကိုင်တတ်ကြတယ်။ ထူးခြားတာက အဲဒီကွက်သစ်နေရာမျိုးဟာ များသောအားဖြင့် အင်နဲ့အားနဲ့ အကြီးအကျယ်ဝင် လုပ်လိုက်ရင် ကျောက်ထွက်နှုန်းက မျှော်မှန်းထားသလိုဖြစ်မလာဘဲ နည်းသွားတာကိုတွေ့ရတယ်။ တကယ်တော့ ကွက်သစ်အများစုဟာ အပေါ်ယံမှာသာ ဖိုးကြောပါးပါးလေးရှိပြီး အောက်နက်သွားရင် ဖိုး မတွေ့ရတတ်ဘူး။ သည်သဘောတရားကို နားမလည်ဘဲ၊ ကျောက်အကြောရဲ့သဘာဝ အနေအထားကို သေသေချာချာ မလေ့လာဘဲ ကွက်သစ်မှာ ကျောက်ထွက်နှုန်း ကောင်းတာတစ်ခုပဲကြည့်ပြီး သွားလုပ်လို့ကတော့ အရှုံးပေါ်မှာပဲ’

www.foreverspace.com.mm

## ယနေ့ မိုးကုတ်ကျောက်တွင်းများ အနေအထား

ယနေ့ဖက်စပ်ခေတ်နောက်ပိုင်းတွင်မူ ကွက်သစ်များ တွေ့ရှိမှုနည်းသွားပြီ ဖြစ်သည်။ ခေတ်အဆက်ဆက် မိုးကုတ်ကျောက်တွင်းတူးလုပ်ငန်းများ၏ အနေအထားကို ခြုံ၍ကြည့်လိုက်မည်ဆိုလျှင် ဖက်စပ်ကျောက်တွင်းတူး လုပ်ငန်း အရှိန်အဟုန်သည် အမြင့်မားဆုံးဖြစ်သည်ဟုပြောနိုင်ပါသည်။

အင်္ဂလိပ်ခေတ်က ကျောက်တွင်းတူးလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်ခဲ့သည်ဆိုသော်လည်း ဘားမားရူဘီမိုင်း ကုမ္ပဏီလီမိတက် တစ်ခုတည်းကိုသာ လက်ဝါးကြီးအုပ် လုပ်ကိုင်ခွင့်ပေးထားခဲ့သည့်အတွက် လုပ်ကွက်များစွာ လျာထားသတ်မှတ်ခဲ့သော်လည်း အားလုံး မလုပ်နိုင်ခဲ့ပေ။ နာမည်ကြီး ကွက်ရပ်အနည်းငယ်သာ လုပ်ကိုင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် မိုးကုတ်ကျောက်တွင်းတူး လုပ်ငန်းများကို ဖဆပလအစိုးရက တာဝန်ယူပြီး လုပ်ကွက်များချပေးခဲ့သည်။ ထိုအချိန်က နယ်မြေအေးချမ်းမှုမရှိခြင်း၊ ဒေသခံများကိုသာ လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းတို့ကြောင့် ကျောက်တွင်းတူးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်ခဲ့ပေ။ နာမည်ကြီး ကွက်ရပ်အနည်းငယ်သာ လုပ်ကိုင်နိုင်ခဲ့ကြောင်း သိရသည်။

၁၉၅၇ခုနှစ် နောက်ပိုင်းမှသာ မိုးကုတ်ကျောက်တွင်းလုပ်ငန်းများကို ဒေသခံမဟုတ်သူများကိုပါ လုပ်ကိုင်ခွင့်ပေးသည့်အတွက် ကျောက်တွင်းအရေအတွက် ပိုများလာသည်ဟု ပြောနိုင်ပါသည်။ သို့သော်လည်း ထိုအချိန်တွင် အထူးလိုင်စင် များဖြင့် လုပ်ကိုင်ခြင်းမရှိတော့ဘဲ သာမန်စက်တွင်းများနှင့် လက်တွင်းများသာ လုပ်ကိုင်ကြသည့်အတွက် မြေအောက် တအားနက်သော နေရာအထိ တူးဖော်လုပ်ကိုင်ခဲ့ခြင်းမရှိပေ။ အများစုမှာ အပေါ်ယံဖြုံးမြေလောက်သာ တူးဖော်လုပ်ကိုင်သွားကြောင်း တွေ့ရသည်။ ၁၉၆၉ခုနှစ် မတ်လ ၁၂ရက်နေ့တွင် မိုးကုတ် ကျောက်တွင်းလုပ်ငန်းများကို ပြည်သူပိုင်

www.foreverspace.com.mm

သိမ်းပြီးနောက် နိုင်ငံတော်အစိုးရမှ လွဲ၍ သီးခြားပုဂ္ဂလိက လုပ်ကိုင်ခွင့်များ မပေးတော့ပေ။

ပြည်သူပိုင်သိမ်းပြီးနောက် အစိုးရမှနေ၍ နိုင်ငံပိုင်လုပ်ကွက်ဇရိယာကြီး ငါးခုသတ်မှတ်ကာ သဲစုပ်တွင်းများဖြင့် တူးဖော်လုပ်ကိုင်ခဲ့သည်။ ထိုအခြေ အနေတွင် တွင်းလုပ်ငန်းတစ်ခုတည်းကိုသာ လုပ်ကိုင်တတ်သော ဒေသခံ အများစုအနေဖြင့် တရားမဝင်တွင်း(ခိုးတွင်း)များ လုပ်ကိုင်လာကြပါသည်။ ထိုအချိန်မှာပင် ခဲတွင်းများလုပ်ကိုင်လာခြင်းဖြစ်သည်။

၁၉၈၈ခုနှစ် မတိုင်မီထိ မိုးကုတ်မြို့တွင် ဒေသခံများလုပ်ကိုင်သော မြေတွင်း၊ ခဲတွင်းများစွာရှိသော်လည်း တရားမဝင်လုပ်ကိုင်ခြင်းဖြစ်၍ ကျယ် ကျယ်ပြန့်ပြန့်နှင့် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နိုင်ခဲ့ခြင်းမရှိပေ။ ၁၉၉၀ ပြည့်နှစ်မှစပြီး နိုင်ငံတော်နှင့်ပုဂ္ဂလိကဖက်စပ်လုပ်ကိုင်ခွင့်ပေးလိုက်ချိန်မှသာ မိုးကုတ်ကျောက်တွင်းတူးလုပ်ငန်းများ၏ အခြေအနေသည် လုပ်နိုင်စွမ်းအား အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဖက်စပ်လုပ်ကိုင်ခွင့်ရသည်နှင့် မြန်မာပြည်အနှံ့အပြားမှ စီးပွားရေး လုပ်ငန်းရှင်များမှာ မိုးကုတ်ကျောက်တွင်းတူးလုပ်ငန်းကို အပြိုင်အဆိုင် ဝင်ရောက်လုပ်ကိုင်လာကြပါသည်။ စက်ပစ္စည်းများအနေဖြင့်လည်း ခေတ်မီ စက်ကြီးများကို အသုံးပြုခဲ့သလို ကျောက်တွင်းတူးအလုပ်သမားများကို လည်း ဒေသခံများသာမက အခြားဒေသမျိုးစုံမှ ခေါ်ယူ လုပ်ကိုင်ခဲ့ပါသည်။

ထိုသို့ လူအားရော၊ စက်ပစ္စည်းအားအနေဖြင့်ပါ တိုးချဲ့လုပ်ကိုင်လာ သည်ဖြစ်ရာ ကုန်ကျစရိတ်သည်လည်း မြင့်မားလာသည့်အတွက် ဒေသခံ လုပ်ငန်းရှင်အများစုမှာ ဝင်မတိုးနိုင်တော့သည်အထိ ဖြစ်သည်။ မြို့ခံဖက်စပ် လုပ်ငန်းရှင် အရေအတွက် နည်းသွားကြောင်း တွေ့ရသည်။ အဓိကအားဖြင့် လုပ်ငန်းပမာဏမြင့်မားသွားပြီး ရင်းနှီးမြှုပ်နှံမှုများလာရာ တော်ရုံတန်ရုံ အရင်းအနှီးနှင့်ကျောက်တွင်းလုပ်ငန်းကြီးတစ်ခုကို လုပ်ကိုင်နိုင်ဖို့ မလွယ်ကူ

www.foreverspace.com.mm

တော့၍ဖြစ်သည်။ ထို့ကြောင့်ငွေအရင်းအနှီးနည်းသူလုပ်ငန်းရှင်များအနေဖြင့် တစ်ဦးချင်းလုပ်ကိုင်ရန်အင်အားနည်းလျှင် အင်အားကြီးလာအောင်စုပေါင်း၍ လုပ်ကိုင်ကြရန်သာ ရှိပါသည်။ သို့မှသာ လည်ပတ်အား မြင့်မားနေသော မိုးကုတ်ကျောက်တွင်းတူးလုပ်ငန်းများတွင် အရှိန်မပျက် ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်သလို ကျယ်ပြန့်လာသော မိုးကုတ်ကျောက်ဈေးကွက်ကြီး၏ နောက်သို့လည်း မျက်ခြေမပြတ် လိုက်နေနိုင်မည်ဖြစ်သည်။

(ရတီမဂ္ဂဇင်းတွင် ၂၀၀၃ခုနှစ် ဇူလိုင်လမှ နိုဝင်ဘာလအတွင်း ဖော်ပြခဲ့သော အခန်းဆက် ဆောင်းပါးဖြစ်ပါသည်။)

## မင်းတုန်းမင်းနှင့် မိုးကုတ်ကျောက်တွင်း

ညောင်ရမ်းမင်းတရားကြီးလက်ထက်မှစ၍ မိုးကုတ်ပတ္တမြားကျောက်တွင်း နယ်မြေတွင် စို့သူကြီးများ တန်ခိုးသြဇာကြီးမားလာကာ ဘုရင့်ရွှေနန်းတော်ထိ တိုက်ရိုက်ဝင်ထွက်သွားလာခွင့် ရရှိခဲ့ပါသည်။ မိုးကုတ်ကျောက်တွင်း နယ်မြေအတွင်းမှ ကျောက်ကြီးကျောက်ကောင်းမှန်သမျှကို စို့သူကြီးများက သိမ်းယူပြီး ဘုရင့်ရွှေလက်တော်အရောက် ဆက်သရပါသည်။ စီတော်မံတော်ကျောက်များ၊ ပုခက်တင်ကျောက်များကိုလည်း စို့သူကြီးများကပင် တာဝန်ယူကောက်ခံ၊ စုဆောင်းပြီး ဘုရင့်ထံ ဆက်သရပါသည်။ ထိုအချိန်က ပတ္တမြားကျောက်တွင်းနယ်မြေတစ်ခုလုံးကို အရှေ့ပိုင်းမိုးကုတ်အရပ်၊ ကသည်းအရပ်၊ ကြပ်ပြင်အရပ်ဟူ၍ နယ်မြေကြီးသုံးခု ခွဲခြားထားသည်။ မိုးကုတ်စို့သူကြီးသည် သီရိဝဏ္ဏနရာဇာ၊ ကသည်းစို့သူကြီးသည် သီရိဇေယျရာဇာ၊ ကြပ်ပြင်စို့သူကြီးသည် ဇေယျရာဇာတို့ ဖြစ်သည်။

ဘိုးတော်ဘုရားလက်ထက်သို့ ရောက်သောအခါတွင်မူ စို့သူကြီးများကို အုပ်ချုပ်ရန်အတွက် ခေါင်း(ခေါ်)အရာရှိများကို နေပြည်တော်မှ တိုက်ရိုက်ခန့်

www.foreverspace.com.mm

အပ်ကာ မိုးကုတ်ပတ္တမြားမြေသို့ စေလွှတ်ခဲ့ပါသည်။ ထို့ကြောင့် ဘိုးတော်ဘုရားလက်ထက်တိုင် မိုးကုတ်ပတ္တမြားမြေ ကျောက်တွင်းတူးလုပ်ငန်းများ၊ မိုးကုတ်ကျောက်အရောင်းအဝယ်လုပ်ငန်းများ၊ ဘုရင့်ထံ ကျောက်ဆက်သရသည့်လုပ်ငန်းများ အားလုံးကို ခေါင်း(ခေါ်)နေပြည်တော်မှ ခန့်အပ်ထားသည့် အရာရှိများနှင့် စို့သူကြီး(ခေါ်)နယ်မြေဒေသခံအုပ်ချုပ်သူများက ချုပ်ကိုင် ကြီးကြပ်၍လုပ်ကိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

မင်းတုန်းမင်းတရားကြီးလက်ထက်(၁၂၁၆-၄၀)ကမူ နေပြည်တော်တွင် ကျောက်ရုံများဖွင့်ကာ ကျောက်အရောင်းအဝယ်လုပ်ငန်းများကို ဘုရင်ကိုယ်တိုင်ကြီးကြပ်ပြီး ပြည်တွင်းမှ ကျောက်ကုန်သည်များ၊ နိုင်ငံခြားသားကျောက်ကုန်သည်များနှင့်တိုက်ရိုက်ဆက်သွယ်လုပ်ကိုင်ခဲ့ပါသည်။ စို့သူကြီးများကိုမူ စီတော်မံတော်ကျောက်များ ဆက်သစေခြင်း၊ ပုခက်တင်ကျောက်များ ဆက်သစေခြင်း၊ မိုးကုတ်ပတ္တမြားကျောက်နယ်မြေမှ ဒေသခံများကျောက်ရရှိ၍ ဘုရင့်အားဆက်သလိုလျှင် ကူညီဆောင်ရွက်ပေးစေခြင်းတို့ကိုသာ ပြုလုပ်ဆောင်ရွက်စေခဲ့ပါသည်။

စီတော်မံတော်ကျောက်ဆိုသည်မှာ ဘုရင့်နန်းသုံးတော်ဝင်ပစ္စည်းများတွင် စီခြယ်ရန်အတွက် အသုံးပြုသောကျောက်များဖြစ်ပြီး ဝါဆိုလတွင် တစ်ကြိမ်၊ သီတင်းကျွတ်လတွင် တစ်ကြိမ်၊ တပို့တွဲလတွင် တစ်ကြိမ် စုစုပေါင်း တစ်နှစ်လျှင် သုံးကြိမ်ဆက်သရပါသည်။ ပါရှိရမည့်ကျောက်များမှာ...

(၁) အဖိုးငွေ တစ်ပိဿာတန်ရမည့် ခေါင်း(ခေါ်)ကျောက်အနီတစ်ပွင့်။

(၂) အဖိုးငွေ ၁၅ကျပ်တန်ရမည့် ပုံ(ခေါ်)ကျောက်အနီတစ်ပွင့်။

(၃) တစ်ပွင့်လျှင် ၁ကျပ်တန်ရမည့် ၁၅၀ကျပ်တန်ဖိုးရှိကျောက်အသေးအလုံးရေ ၁၅၀ပွင့်။

(၄) ဂေါ်မိတ်၊ ဥဿဖရား၊ နီလာအမျိုးစုံပါရမည့် စုံစီကျောက်

www.foreverspace.com.mm

တစ်ထုပ်တို့ ဖြစ်သည်။

ထိုကျောက်များကို အရိုင်းအတိုင်းဆက်သရပြီး နေပြည်တော်ရောက်မှ နေပြည်တော်ရှိ ကျောက်သွေးဆရာများက အယဉ်အဖြစ်သို့ ပြုပြင်သွေးယူရပါသည်။ နေပြည်တော်တွင် လုံးချောသွေးနည်းတစ်မျိုးတည်းသာ ပြုပြင်သွေးယူနိုင်ပြီး အကွက်ဖော်၍သွေးရသော တာပလာကျောက်၊ စိန်ချွန်းသွေးရသည့် ကျောက်များကိုမူ အိန္ဒိယနိုင်ငံသို့ပို့၍ ထိုနိုင်ငံက ကျောက်သွေးပညာရှင်များ၏ အကူအညီဖြင့် သွေးယူကြကြောင်း သိရပါသည်။

မိုးကုတ်ပတ္တမြားကျောက်တွင်းနယ်မြေတွင် ထိုခေတ်က တူးဖော်လျက်ရှိသော ကျောက်တွင်းများမှာ–

(၁) ဘုရင်က တိုက်ရိုက်လုပ်ကိုင်သောတွင်းများ။

(၂) အရပ်သားပိုင်တွင်းများဟူ၍ နှစ်မျိုးရှိပါသည်။

ဘုရင်က တိုက်ရိုက်လုပ်ကိုင်သောတွင်းများကို အုပ်ချုပ်ရန် နေပြည်တော်မှ ပို့လွှတ်ခန့်ထားသည်။ တွင်းသမားအဖြစ် နယ်ခံများကို တစ်ဦးလျှင် နေ့စားနှစ်မူးတစ်ပဲ(ငွေတစ်မတ်)ပေးငှား၍ လုပ်ကိုင်စေခဲ့ပါသည်။ တွင်းကြပ်များ၏တာဝန်မှာ နေ့စားရှင်းပေးရန်၊ အထွေထွေကုန်ကျစရိတ်ပြုစုရန်၊ ရရှိလာသောကျောက်များကို စနစ်တကျစာရင်းပြု၍ နေပြည်တော်သို့ပို့ရန်သာဖြစ်ပြီး၊ အရပ်သားပိုင်တွင်းများနှင့် နယ်ခံလူထုအပေါ်အခွန်ကောက်ခြင်း၊ တံစိုးလက်ဆောင်တောင်းခြင်း လုံးဝမပြုလုပ်ရပေ။ အရပ်သားပိုင်တွင်းများ အနေဖြင့် မည်သူ့ကိုမှ အခွန်ပေးဆောင်စရာမလိုဘဲ ကြိုက်ရာနေရာတွင် လွတ်လပ်စွာ တူးဖော်လုပ်ကိုင်ခွင့်ရှိပါသည်။ ကျောက်ရလာပြီဆိုမှသာ ဘုရင်မင်းမြတ် သတ်မှတ်ထားသည့် တန်ဖိုးအတိုင်းအတာရောက်ခဲ့လျှင် စို့သူကြီးကိုပြ၍ ဘုရင်ထံဆက်သရပါသည်။ ဘုရင်က ထိုဆက်သလာသော ကျောက်များကို နေပြည်တော်ရှိ ရာဖြတ်များအား ဈေးဖြတ်စေပြီး ထိုဖြတ်ဈေးအတိုင်း ယူလိုက ယူစေ၊ သို့မဟုတ် ဘဏ္ဍာတိုက်အတွင်းမှ လက်

www.foreverspace.com.mm

တစ်ကျူးစာ ယူလိုက ယူစေဟု အခွင့်ပေးပါသည်။

တစ်ဖက်တွင်လည်း မိုးကုတ်မြို့မှ ကျောက်ကုန်သည်များကို နေပြည်တော်တွင် ဖွင့်လှစ်ထားသည့်ကျောက်ရုံတွင် ကိုယ်တိုင်လာရောက် ရောင်းနိုင်သည့် အခွင့်အရေးပေးခဲ့ပါသည်။ ထိုသို့ နေပြည်တော်ကျောက်ရုံတွင် တိုက်ရိုက် သွားရောက် ရောင်းချလိုသော ကျောက်ကုန်သည်များအနေဖြင့် စို့သူကြီးထံတွင် မိမိရောင်းချမည့်ကျောက်၏ တန်ဖိုး၊ အလေးချိန်နှင့် အရေအတွက်ကိုပြပြီး ဦးစွာ တံဆိပ်ခတ်နှိပ်ခိုင်းရပါသည်။ ထိုသို့ စို့သူကြီးက တံဆိပ်ခတ်နှိပ်ပေးထားသည့် ကျောက်ထုပ်များကို အချုပ်အချယ်မရှိ လွတ်လပ်စွာ သယ်ဆောင်ခွင့်ရှိပြီး နေပြည်တော်ကျောက်ရုံအတွင်းတွင် ရောင်းသူနှင့် ဝယ်သူ တိုက်ရိုက်တွေ့ဆုံရောင်းဝယ်ခွင့်ရှိပါသည်။ အရောင်းအဝယ်ဖြစ်၍ ဈေးတည့်လျှင် ရောင်းသူက တစ်ရာလျှင် ငါးကျပ်နှုန်း(၅%)၊ ဝယ်သူက တစ်ရာလျှင် တစ်ဆယ်ကျပ်နှုန်း(၁၀%)အခွန်ဆောင်ရပါသည်။ အကယ်၍ နေပြည်တော်ကျောက်ရုံတွင် အရောင်းအဝယ်မဖြစ်သဖြင့် နိုင်ငံရပ်ခြားထိ သွားရောက်ရောင်းချလိုလျှင် မိမိအစီအစဉ်ဖြင့် သွားရောက်ခွင့်ရှိသည်။ ထိုသို့ သွားရောက်ရောင်းချမည်ဆိုလျှင် စို့သူကြီးဖြတ်ပေးသည့်ဈေး၏ ၁၀% အခွန်ဆောင်ရပါသည်။ နေပြည်တော်ကျောက်ရုံရှိ ရာဖြတ်များမှာ ပသီလူမျိုးကျောက်သူဌေး ဦးအောင်ဘ၊ မနူလာဘာဘူ၊ သဘော်သူဌေး ဦးရီဆွတ်တို့ဖြစ်သည်။

ထိုအချိန်က ဘုရင့်နေပြည်တော်ကျောက်ရုံတွင် မိုးကုတ်တွင်းထွက်ကျောက်များ အရောင်းအဝယ်အလွန်ဖြစ်ပြီး၊ မိုးကုတ်ပတ္တမြားကို ကမ္ဘာ့နိုင်ငံအတော်များများက သိရှိလက်ခံကာ ဈေးကောင်းပေးပြီး ဝယ်ယူလာကြပါသည်။ ထို့ကြောင့် မင်းတုန်းမင်းတရားကြီး ကိုယ်တိုင်ကပင် မိုးကုတ်ဒေသခံ ကျောက်ကုန်သည်များကို လွန်စွာအရေးပေးခဲ့ပါသည်။ နန်းတွင်းရှိ နန်းတွင်းသူ နန်းတွင်းသားများကိုပင် မိုးကုတ်နယ်သား(အမျိုးသား)များနှင့်

www.foreverspace.com.mm

နန်းတွင်းသူများ အကြောင်းပါလျှင်ဖြစ်စေ၊ နန်းတွင်းအမှုထမ်း ယောက်ျား များနှင့် မိုးကုတ်နယ်သူ(အမျိုးသမီး)များ အကြောင်းပါလျှင်ဖြစ်စေ ‘တူရွင်း ရွေချ၊ အာဏာရသည့် ကျောက်တွင်းအမှုထမ်းရာထူး ပေးသနားတော်မူမည်’ ဟူ၍ပင် အမိန့်တော်ချမှတ်ခဲ့ပါသည်။

မိုးကုတ်နယ်သူနယ်သားများက ကျောက်ကြီးကျောက်ကောင်းများ လာရောက် ဆက်သလျှင်လည်း ထိုကျောက်များ၏ ဖြတ်စျေးအတိုင်း လက် တစ်ကျုံးစာ ယူလိုက ယူစေဆိုပြီး အခွင့်အရေးပေးခဲ့ပါသည်။ လက် တစ်ကျုံးစာဆိုသည်မှာ ငွေတိုက်အတွင်းရှိ ငွေဒင်္ဂါးပုံကြီးထဲမှ မိမိ၏ လက် နှစ်ဖက်ဖြင့် ပါနိုင်သလောက် သိမ်းကျုံးယူစေခြင်းဖြစ်သည်။ ထိုလက် တစ်ကျုံးစာ ယူခွင့်ပေးခြင်းမှာ မင်းတုန်းမင်းတရားကြီးက မိုးကုတ်ဒေသခံ များအပေါ် အထူးစေတနာပြီး ပျော်ရွှင်စရာ အစီအစဉ်တစ်ခုအဖြစ် စီမံပေး ခြင်းဖြစ်သည်။ မင်းတုန်းမင်းတရားကြီးအနေဖြင့် မိုးကုတ်ပတ္တမြားကျောက် တွင်း နယ်မြေရှိ နယ်သူနယ်သားများကို မည်မျှထိအခွင့်အရေးပေးခဲ့သနည်း ဆိုသော် ဘုရင်မင်းမြတ်၏ ပွဲတော်စာများကိုပင် ကျွေးမွေးသည်အထိ ဖြစ်သည်။

တစ်ကြိမ်တွင် မိုးကုတ်ကျောက်ကုန်သည်ကြီးများဖြစ်သော ဦးထွေး မောင်နှင့် ဦးကြာဥတို့သည် မင်းနေပြည်တော်သို့ သွားရောက်၍ ကျောက် ဆက်သရာ မင်းဘုရားကြီးကိုယ်တိုင် ကျောက်အရောင်းအဝယ်ကိစ္စများ ဝင်ရောက်ဆွေးနွေးပြောဆိုနေသည်ကို ကြုံရပါသည်။ ထို့ကြောင့် ပျော်ပျော် နေတတ်သော မိုးကုတ်ကျောက်ကုန်သည်ကြီး ဦးထွေးမောင်သည် မလှမ်း မကမ်းမှ ‘ငါတို့ဘုရင်မင်းမြတ်ကြီးကိုယ်တိုင် ကျောက်ကုန်သည်ကြီး လုပ် ပြီး ဘဏ္ဍာတော်ရှာကြံလို့ တော်တော့်ကို တိုးပွားနေပြီ’ ဟု လွှတ်ခနဲ ပြော လိုက်ပါသည်။ ထိုစကားကို မင်းတုန်းမင်းတရားကြီး ကြားတော်မူရာ အခြားလူများကသာ ပြောခဲ့လျှင် ရာဇမာန်ရှတော်မူမည်ဖြစ်သော်လည်း မိမိ

www.foreverspace.com.mm

ကိုယ်တိုင် အခွင့်အရေးပေးထားသော မိုးကုတ်နယ်သား ပတ္တမြား ကျောက်တွင်း ကုန်သည်များဖြစ်သဖြင့် အပြစ်မယူသည့်အပြင် 'ဤကျောက်အရောင်းအဝယ်လုပ်ငန်းမှ ရရှိလာသော ငွေများကို အခြားကိစ္စများတွင် မသုံးကြောင်း၊ သာသနာတော် အဓွန့်ရှည်ခိုင်မြဲရေးအတွက် ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာတင်ရာ၌သာ အသုံးပြုကြောင်း' အကျယ်တဝင့် ပြန်လည် ရှင်းလင်း မိန့်ဆိုခဲ့ပါသေးသည်။

မင်းတုန်းမင်းတရားကြီးသည် ပတ္တမြားတွင်း တူးဖော်ရေးလုပ်ငန်းများကို လွန်စွာစိတ်ဝင်စားရာ၊ မိုးကုတ်ပတ္တမြားမြေမှ ဖြုန်းများကို နေပြည်တော်အထိ သယ်ဆောင်လာစေပြီး နန်းတွင်းဥယျာဉ်တော်အတွင်းတွင် ဖြုန်းဆေး၊ ကျောက်ရှာပုံအဆင့်ဆင့်ကို ပြုလုပ်စေပြီး ကိုယ်တိုင်ရှုစားတော်မူခဲ့ပါသည်။ ထိုအပြုအမူနှင့်ပတ်သက်ပြီး အနောက်နိုင်ငံသားအချို့က မင်းတုန်းမင်းတရားကြီးကို...

'ဖြုန်းမြေများကိုပင် နေပြည်တော်အရောက် သယ်လာပြီး ရသမျှကျောက်များကို သိမ်းပိုက်ယူသည်' ဟု ပြောဆိုခဲ့ကြပါသည်။ ထို့အတူပင် မင်းတုန်းမင်းတရားကြီးက အထူးအစီအစဉ်တစ်ရပ်အဖြစ် မိုးကုတ်ကျောက်ဆက်သလာသူများကို ပျော်ရွှင်စေရန် ဘဏ္ဍာတော်အတွင်း ကိုယ်တိုင်ဝင်၍ လက်တစ်ကျုံးစာယူခွင့်ပေးခြင်းနှင့် ပတ်သက်၍လည်း ဘုရင်မင်းကြီးသည် ကျောက်များကို ဈေးနှိမ်၍ နိုင်ထက်စီးနင်းဝယ်ယူသည်ဟု အထင်ရှိကြပြန်ပါသည်။ လက်တစ်ကျုံးစာ(လက်နှစ်ဖက်ဖြင့် ပါသလောက်ကျုံးယူရခြင်း)မှာ အမြင်အားဖြင့်များများရသည်ဟု ထင်ရသော်လည်း လက်တွေ့ တကယ်တမ်း ပါလာသည့် ငွေစမှာ အနည်းငယ်မျှသာရှိရာ ထိုသို့ထင်မြင်ပြောဆိုကြခြင်းဖြစ်ပါသည်။

အမှန်တကယ်တွင်မူ မင်းတုန်းမင်းတရားကြီးသည် မိုးကုတ်ပတ္တမြားကျောက်တွင်းနယ်မြေရှိ ဒေသခံများအပေါ် အထူးအခွင့်အရေးပေးသလို

www.foreverspace.com.mm

ဆက်သလာသော ကျောက်များအပေါ်တွင်လည်း အခွင့်အရေးယူ ဈေးနှိမ်ပြီး ဝယ်ယူလေ့ မရှိပေ။

သာဓကအားဖြင့် ကသည်းရပ်မှ ဦးသာဒွန်းအောင်၏သမီး ဒေါ်သိန်း ဆိုသူသည် ခန့်ဆေးရင်းရရှိလာသော နီလာကျောက်တစ်ပွင့်ကို ဘုရင့်ထံ သွားရောက်ဆက်သရာ နေပြည်တော်ရှိ ရာဖြတ်များက ငွေသုံးထောင်ကျပ် ဈေးဖြတ်ပေးလိုက်ပါသည်။ ဘုရင်မင်းမြတ်က ထိုငွေကို ချီးမြှင့်ရင်း မည်သည့် နေရာတွင် အသုံးပြုမည်နည်းဟုမေးရာ ဒေါ်သိန်းက သုံးပုံတစ်ပုံ ဖြစ်သော ငွေတစ်ထောင်ကျပ်ကို ဘာသာသာသနာအတွက် လှူဒါန်းရန် ရည်ရွယ်ထားကြောင်း ပြန်လည်လျှောက်တင်ခဲ့ပါသည်။ ထိုအခါ မင်းတုန်းမင်းတရားကြီးသည် စေတီကြီးတစ်ခုကို နတ်လေှကား၊ နတ်မုခ်၊ မြေနင်းခြသေ့်လေးကောင်ဖြင့် တည်ရန်ပြောကြား ခွင့်ပြုတော်မူခဲ့ဖူးသလို အစစအရာရာ ကူညီပံ့ပိုးမှုလည်း ပြုခဲ့ကြောင်း ဦးသိန်းလွင်ပြုစုခဲ့သည့် ပတ္တမြားမြေ သမိုင်းစာအုပ်တွင် ဖတ်ရှုမှတ်သားခဲ့ရဖူးပါသည်။

မင်းတုန်းမင်းတရားကြီးလက်ထက် ၁၂၅၅ခုနှစ်တွင် တဗျစ်စ(Thabyit Za)နှင့် မိုကာဒက်(Mokadet)ဆိုသူ အိန္ဒိယလူမျိုး ကျောက်ကုန်သည်နှစ်ဦးက လေလံကြေးငွေသားပိဿာ ၂၀၀တင်၍ ပတ္တမြားနယ်မြေအတွင်း မိုးကုတ်တွင်းထွက်ကျောက်များအားလုံးကို ပင်တိုင်ဝယ်လိုသည့်အခွင့်အရေး တောင်းခဲ့ပါသည်။ ထိုသတင်းကိုကြား၍ မိုးကုတ်သား တိုင်းရင်းသားများ ဖြစ်သော မိုးကုတ်စို့သူကြီး ဦးဖြင်း၊ ကသည်းစို့သူကြီး ဦးသာဒွန်း၊ ကြပ်ပြင်စို့သူကြီး ဦးချိန်တို့ ပေါင်းကာ ငွေပိဿာ ၃၀၀တင်၍ ထိုအခွင့်အရေးကို တောင်းဆိုခဲ့ရာ မင်းတုန်းမင်းတရားကြီးက ရောရောရှုရှု ခွင့်ပြုခဲ့ကြောင်း သိရပါသည်။

www.foreverspace.com.mm

# မိုးကုတ်တွင်းထွက် အဖြူရောင်ကျောက်များ

မိုးကုတ်တွင်းထွက်အရောင်မဲ့ကျောက်များ (တစ်နည်းအားဖြင့်) အဖြူရောင်ကျောက်များမှာ လွန်ခဲ့သည့် ဆယ်နှစ်ဝန်းကျင်ကာလထိ စိတ်ဝင်စားသူနည်းပါးသည်ဟု ပြောနိုင်ပါသည်။ ထိုအချိန်က မိုးကုတ်ကျောက်ဈေးကွက်တွင် ကျောက်ကုန်သည်အများစု နားလည်ပြီး ဈေးကောင်းကောင်းနှင့်ရောင်း၍ရသည့် အဖြူရောင်(အရောင်မဲ့)ကျောက်ဆို၍ နီလာဖြူ မိုးကုတ်ကျောက်လောကအခေါ် ဥဿဖရား ကျောက်တစ်မျိုးသာ ရှိပါသည်။ ဒါတောင်မှ ဥဿဖရားကျောက်ဟုပြောပြီး ရောင်းမည်ဆိုလျှင် ကြိုတင်စကားခံ၍ ရောင်းရပါသည်။ မိုးကုတ်ကျောက်ကုန်သည်များက နီလာဖြူကျောက် (နီလာအရောင်မဲ့ကျောက်)ကို ဥဿဖရားကျောက်ဟု သတ်မှတ်လက်ခံပြီး အချို့က အဖြူရောင်ထပ်တစ်ရာကျောက်(Topaz)ကို ဥဿဖရားကျောက်ဟု လက်ခံကြပါသည်။

**လက်တွဲဖော်**

www.foreverspace.com.mm

| မိုးကုတ်တွင်းထွက် အဖြူရောင် (အရောင်မဲ့) ကျောက်များ | | | |
|---|---|---|---|
| ကျောက်အမျိုးအစား | မာဆင့် | အလင်းယိုင်ညွှန်းကိန်း | သိပ်သည်းဆ |
| ပတ္တမြား | ၉ | ၁.၇၆ – ၁.၇၇ | ၃.၉၆ – ၄.၀၁ |
| နီလာ (Sapphire) | ၉ | ၁.၇၆ – ၁.၇၇ | ၃.၉၆ – ၄.၀၁ |
| ခရိုဆိုဗာရယ် (Crsysoberyl) | ၈½ | ၁.၇၄၉ – ၁.၇၅၀ | ၃.၆၈ – ၃.၇၈ |
| အညို့ (Spinel) | ၈ | ၁.၇၁၅ | ၃.၆ |
| စလင်း (Quartz) | ၇ | ၁.၅၄၄ – ၁.၅၅၃ | ၂.၆၅ |
| ထပ်တစ်ရာ (Topaz) | ၈ | ၁.၆၀၇ – ၁.၆၁၉ | ၃.၅၆ – ၃.၅၇ |
| ရွှေတွင်းဝါ (အဖြူရောင်) (Danburite) | ၇ | ၁.၅၅ | ၂.၆၅ |
| ဖရဲအူ (Tourmaline) | ၇½ | ၁.၆၁၆ – ၁.၆၃၄ | ၃ – ၃.၁၅ |
| အခိုးမဲ့ မြောဖြူ (Moon Stone) | ၆ | ၁.၄၃၄ | ၂.၅၇ |
| ဂေါမိတ် (Zircon) | ၇½ | ၁.၉၂၅ – ၁.၉၈၃ | ၄.၆ – ၄.၇ |
| ယူကလား (Euclase) | ၇½ | ၁.၆၅၀ – ၁.၆၆၉ | ၃.၀၅ – ၃.၁၀ |
| ရှီလိုက် (Sheeelite) | ၅ | ၁.၉၁၈ – ၁.၉၃၄ | ၅.၉ – ၆.၀ |
| အိုင်ဒိုကရေး (Idocrase) | ၆½ | ၁.၇၀၂ – ၁.၇၀၆ | ၃.၃၅ – ၃.၄၅ |
| ကော်နီရူပိုင်း (Konerupine) | ၆ | ၁.၆၆၅ – ၁.၆၇၈ | ၃.၂၇ – ၃.၃၂ |
| ဆင်ဟာလိုက် (Sinhalite) | ၆½ | ၁.၆၇ – ၁.၇၁ | ၃.၄၇ – ၃.၄၉ |

**လက်တွဲဖော်**

www.foreverspace.com.mm

ထို့ကြောင့် ဥဿဖရားကျောက်ဟု ပြောဆိုပြီး အရောင်းအဝယ်လုပ်ကြတော့မည်ဆိုလျှင် ရောင်းသူဘက်မှ နီလာဖြူ ဥဿဖရားကျောက်ကို ဝယ်လိုသလား၊ ထပ်တစ်ရာအဖြူ ဥဿဖရားကျောက်ကို ဝယ်လိုသလားဆိုတာ ပွင့်လင်းစွာမေးပြီးမှ သူ့တန်ဖိုးနှင့်သူ ရောင်းပေးကြရပါသည်။ အဘယ့်ကြောင့်ဆိုသော် နီလာဖြူကျောက်နှင့် ထပ်တစ်ရာကျောက်တို့၏ တန်ဖိုးမှာ အဆမတန် ကွာခြား၍ဖြစ်သည်။ ဤကား အဖြူရောင်(အရောင်မဲ့)ကျောက်များနှင့် ဆက်နွှယ်ပြီး မိုးကုတ်ကျောက်လောကတွင် ကြုံတွေ့ရသည့် ကိစ္စတစ်ရပ်ပင်ဖြစ်သည်။ ထိုစဉ်က အဖြူရောင်ကျောက်မျိုးနွယ်ထဲမှ သီးခြားရောင်းရသော ကျောက်ဟူ၍ စလင်းကျောက်(သလင်းကျောက်)နှင့် ထပ်တစ်ရာ ကျောက်များသာရှိပါသည်။ အပြစ်အနာအဆာကင်းစင်ပြီး အရွယ်အစား ကြီးမားသော စလင်းကျောက်များကိုသာ စိန်ဖူးပြုလုပ်ရန် အတွက် ဈေးပေးဝယ်ကြပြီး ကျန်စလင်းကျောက်များ၊ ထပ်တစ်ရာကျောက်များကိုမူ ပိဿာချိန်ဈေးနှင့် ဈေးပေါပေါသာရောင်းဝယ်ခဲ့ကြကြောင်း တွေ့ရပါသည်။ တစ်ခါတစ်ရံ မိုးမိတ်မြို့နယ်မှထွက်သည့် စိန်အဖြူများ လာရောင်းကြသည်ကို တွေ့ရသည်မှတစ်ပါး အဖြူရောင်(အရောင်မဲ့)ကျောက်များ၏ဈေးကွက်မှာ ကျဉ်းမြောင်းလှသလို စိတ်ဝင်စားသူလည်း နည်းပါးကြောင်းတွေ့ရပါသည်။

ယနေ့ အခြေအနေတွင်တော့ ထိုသို့မဟုတ်တော့ပါ။

ဆယ်စုနှစ်တစ်ခုကျော်အတွင်း မိုးကုတ်ကျောက်ဈေးကွက်၏ပြောင်းလဲတိုးတက်မှုဖြစ်စဉ်တွင် အဖြူရောင်(အရောင်မဲ့) ကျောက်များ၏ ဈေးကွက်အပြောင်းအလဲသည်လည်း ထိပ်ဆုံးမှပါနေသည်ဟု ပြောနိုင်ပါသည်။ ယခင်က အသုံးမလိုဘူးဆိုပြီး စွန့်ပစ်ထားခဲ့သော စလင်း အောက်ကျောက်များ၊ ထပ်တစ်ရာ အောက်ကျောက်များပင်လျှင် ဈေးကောင်းကောင်းနှင့် ရောင်း၍ ရနေပြီဖြစ်သည်။ ပုံမှန်အရွယ် ထပ်တစ်ရာကျောက်များ၏ တစ်ပိဿာ

www.foreverspace.com.mm

ဈေးနှုန်းမှာလည်း သိန်းဈေးဖြစ်နေကြောင်း တွေ့ရပါသည်။

အရွယ်ကြီးမားသော စလင်းဖြူကျောက်များ၊ ထပ်တစ်ရာကျောက်များ၏ ဈေးနှုန်းကတော့ ကြိုက်ဈေးဖြစ်နေပါသည်။ အဖြူရောင်စလင်းကျောက်၊ ထပ်တစ်ရာကျောက်တို့ဆိုသည်မှာ မိုးကုတ်ကျောက်ဈေးကွက်တွင် အနိမ့်ဆုံးဟု သတ်မှတ်ထားသော ကျောက်အမျိုးအစားများသာဖြစ်သည်။ ထိုကျောက်များပင် ဈေးကောင်းရပြီဆိုမှတော့ ကျန်အဖြူရောင်(အရောင်မဲ့)ကျောက်များလည်း ဈေးကောင်းလာမည်မှာ အထွေအထူး ပြောစရာလိုတော့မည်မထင်ပေ။

မိုးကုတ်တွင်းထွက်ကျောက်များထဲတွင် အဖြူရောင်(အရောင်မဲ့)ကျောက်များ များစွာရှိပါသေးသည်။ ထိုသို့ အဖြူရောင်(အရောင်မဲ့)ကျောက်များစွာရှိသည့်အနက် အမာမျိုးနွယ်ဟု သတ်မှတ်ထားသည့် ပတ္တမြား အနီအရောင်မဲ့ အဖြူရောင်ကျောက်နှင့် နီလာဖြူကျောက်တို့မှာ လူတိုင်းလိုလိုသိရှိနားလည်ပြီး ဈေးကောင်းလည်းရသော ကျောက်များဖြစ်သည်။ အခြားအဖြူရောင်(အရောင်မဲ့)ကျောက်များဖြစ်သည့် အညံ့ဖြူ၊ ဂေါ်မိတ်ဖြူ၊ ရွှေတွင်းဝါ(အဖြူ)၊ ထပ်ကွာ ကျောက်အဖြူ၊ ဖရဲအူအဖြူ၊ အခိုးမဲ့မြောအဖြူတို့မှာ ရှားပါးသည်လည်းမဟုတ်၊ ပေါများသည်လည်းမဟုတ်ဘဲ ကြုံကြား၊ ကြုံကြား တွေ့ရတတ်ပြီး ဈေးကွက်အနေဖြင့်လည်း သူ့ဈေးနှင့်သူ ပုံမှန်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပါသည်။

ယခုနောက်ပိုင်း အဖြူရောင်(အရောင်မဲ့)ကျောက်မျိုးနွယ်များထဲသို့ သိသိသာသာ ဝင်ရောက်လာပြီး ဈေးကောင်းရလာသည်မှာ ခရိုင်ဆိုဗာရယ်ကျောက်ပင်ဖြစ်သည်။ ကျောက်ကုန်သည် အများစုအနေဖြင့် နီလာဖြူ၊ ဥဿဖရားကျောက်များနှင့် မှားပြီး ရောင်းဝယ်တတ်ကြသည့် ကျောက်မျိုးလည်းဖြစ်သည်။ နားလည်သူများ၊ ဈေးကွက်သိသူများအနေဖြင့်မူ ခရိုင်ဆိုဗာရယ်ကျောက်ကိုတွေ့လျှင် လက်မလွတ်တမ်းဝယ်သွားကြကြောင်း တွေ့ရပါ

www.foreverspace.com.mm

သည်။ ယခုဖော်ပြခဲ့သည့် အဖြူရောင်(အရောင်မဲ့)ကျောက်များမှာ မိုးကုတ်ကျောက်အရောင်းအဝယ်လောကနှင့် ကျောက်ကုန်သည်လောကတွင် လူသိများပြီး အရောင်းအဝယ်ဖြစ် ကျောက်မျိုးနွယ်များဖြစ်သည်။

လက်ချိုးရေတွက်နေသော မိုးကုတ်ကျောက်ကုန်သည် အနည်းစုနှင့် ကျောက်မျက်ပညာရှင်များသာ နားလည်ပြီး အသစ်ထပ်မံတွေ့ရှိသော အဖြူရောင်(အရောင်မဲ့)ကျောက်များလည်းရှိပါသေးသည်။ ထိုကျောက်များမှာ ယူကလား(Euclase)၊ ရှီလိုက်(Scheelite)၊ ကော်နီရူပိုင်း(Kornerupine)၊ အိုင်ဒိုကရေး(Idocrase)၊ ဆင်ဟာလိုက်(Sinhalite)၊ ကာဆိုက်ဘာဂါဆိုက် ကျောက်မျိုးနွယ်တို့ဖြစ်သည်။ ထိုကျောက်မျိုးနွယ်များထဲမှအချို့ဆိုလျှင် မြန်မာပြည် မိုးကုတ်မြို့တွင်ထွက်ရှိသည်ဟု မှတ်တမ်းမရှိသေးသောကျောက်များ ဖြစ်သည်။ ထိုကျောက်မျိုးနွယ်များမှာ ယခင်ကတည်းက မိုးကုတ်ပတ္တမြားတွင် ထွက်ရှိကောင်းထွက်ရှိနေမည်ဖြစ်သော်လည်း ပတ္တမြား၊ နီလာနှင့် ကျန်နာမည်ရှိပြီးသား ကျောက်များမှလွဲ၍ တန်ဖိုးမထားခြင်း၊ စမ်းသပ်လေ့လာမှုမရှိခြင်း၊ အထူးသဖြင့် အမာမျိုးနွယ် အဖြူရောင် (အရောင်မဲ့) ကျောက်မှလွဲ၍ ကျန်ကျောက်မျိုးဆိုလျှင် ကိုင်တောင်မကြည့်ခြင်းစသည့် အချက်များကြောင့် သတိမပြုမိခြင်း ဖြစ်နိုင်ပါသည်။ ယနေ့အချိန်တွင်မူ မိုးကုတ်တွင်းထွက်ကျောက်မှန်သမျှ ရောင်း၍ရလာခြင်း၊ ကျောက်မျက်အသစ်အဆန်းများကို စိတ်ဝင်စားမှုများရှိလာခြင်းတို့ကြောင့် အာရုံစိုက်မိခြင်း၊ တွေ့မိကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဈေးကွက်ကျယ်ပြန့်လာပြီး အမြင်လည်းကျယ်လာကာ မိုးကုတ်မြို့ခံ ကျောက်ကုန်သည်အနေဖြင့် ခေတ်မီ ကျောက်မျက်ပညာရပ်များကို သီးခြားသင်ကြား လေ့လာလိုက်စားလာကြခြင်းတို့နှင့်လည်း ဆိုင်ပါသည်။

မိုးကုတ်တွင်းထွက် ရှားပါးမျိုးရင်းကျောက်အမျိုးအနွယ်များ ထွက်လာလျှင် အဖြူရောင်(အရောင်မဲ့)ကျောက်များထဲမှသာ အများစုဖြစ်ကြောင်း

www.foreverspace.com.mm

တွေ့ရပါသည်။ ယခုအခြေအနေတွင်မူ ထိုသို့တွေ့ရှိခဲ့သော ကျောက်များမှာ ရှားပါးမျိုးရင်းဝင် ကျောက်မျိုးနွယ်များဟု ပြောနိုင်ရုံအဆင့်သာရှိသေးသော်လည်း မကြာမီကာလများတွင် အရွယ်အစားကြီးမား၍ စံပြုနိုင်သော ကျောက်များ ထွက်ရှိဖို့ သေချာနေပါသည်။ ယနေ့ကမ္ဘာတွင် လူတိုင်း လက်ခံပြီး ဈေးကောင်းရနေသော ကျောက်မျက်ရတနာတစ်မျိုးဖြစ်သည့် စိန်(Diamond)သည်လည်း အရောင်မဲ့ကျောက်အမျိုးအစားသာဖြစ်သည်။ ထို့အတူပင် မိုးကုတ်တွင်းထွက် အဖြူရောင်(အရောင်မဲ့)ကျောက်များတွင်လည်း တန်ဖိုးရှိသော ကျောက်မျိုးနွယ်များ မပါရှိဟု မည်သူ ပြောနိုင်ပါမည်နည်း။

ထိုကျောက်မျိုးနွယ်များကို ရှာဖွေတွေ့ရှိဖို့နှင့် ဈေးကွက်ဝင်အောင် ရောင်းချနိုင်ဖို့အတွက်ကမူ မြို့ခံကျောက်ကုန်သည်များ၊ အမိနိုင်ငံရှိ ပညာရှင်များမှ ကြိုးစားလုပ်ဆောင်ကြဖို့လိုပါသည်။ စာရေးသူအနေဖြင့်မူ လက်လှမ်းမီ လေ့လာနိုင်သမျှသာ ဗဟုသုတအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ကျန်တွေ့ရှိနိုင်သော မိုးကုတ်တွင်းထွက် ကျောက်မျိုးနွယ်သစ်များကို ပညာရှင်များ၊ လေ့လာတွေ့ရှိထားသူများမှ ဆက်လက်တင်ပြရေးသားစေလိုပါသည်။

## မိုးကုတ် ခရစ္စတယ် ကျောက်ရိုင်းဈေးကွက်

ပြည်ပကျောက်ကုန်သည် အသိုက်အဝန်းမှာတော့ ခရစ္စတယ် ခေါ် သဘာဝပုံဆောင်ခဲကျောက်တွေကို မြတ်မြတ်နိုးနိုးနဲ့ ဈေးပေးဝယ်ယူပြီး စုဆောင်းသူတွေရှိလို့ ခရစ္စတယ်ဈေးကွက်ဟာ ရှိနှင့်ပြီးဖြစ်ပေမယ့် ပြည်တွင်းဈေးကွက်အနေနဲ့ကတော့ အခုနောက်ပိုင်းမှသာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

မိုးကုတ်မြို့မှာတော့ နိုင်ငံခြားသားကျောက်ကုန်သည်တွေ ဝင်ရောက်

www.foreverspace.com.mm

ကျောက်ရောင်းဝယ်ခွင့်ပေးလိုက်တဲ့ အချိန်ကစပြီးမှသာ ဈေးကောင်းရလာတာလို့ ပြောနိုင်ပါတယ်။ အရင်က နယ်ခံကျောက်ကုန်သည်အချို့ ဝယ်နေတယ်ဆိုပေမယ့် ဈေးကောင်းပေးပြီး ဝယ်တာမျိုးမဟုတ်ပါဘူး။ ဈေးပေါရရင် ဝယ်ပြီးသိမ်းထားလိုက်တဲ့ အနေအထားလောက်ပဲ ရှိပါတယ်။ တကယ်တမ်း ဈေးကွက်ပွင့်ပြီး ဈေးကောင်းရလာတဲ့အချိန်ကျတော့ သဘာဝပုံဆောင်ခဲကျောက်တွေရဲ့ဈေးဟာ အဆမတန် မြင့်မားကွာခြားသွားတာကို တွေ့ရပါတယ်။

၁၉၈၆ခုနှစ်ဝန်းကျင်လောက်က ကျောက်ကုန်သည်တစ်ဦးဟာ ကလပ်ချိန် ၂၀လောက်ရှိတဲ့ နှစ်ဖက်ချွန် နီလာကြက်ဆူး အရိုင်းတစ်ပွင့်ကို ကျပ်သုံးထောင်နဲ့ ဝယ်လိုက်ပါတယ်။ အဲဒီကျောက်ဟာ အတွင်းထဲမှာ ဂေါ်လည်းပါပြီး အမြှုပ်လည်းအနည်းငယ်ရှိတဲ့အတွက် သွေးပြီးရင်ပွင့်အား (မီးအား) ကောင်းဖို့ အလားအလာနည်းပါတယ်။ နောက်ပြီး အဖျားရှူးသွားတဲ့ နှစ်ဖက်ချွန် ခပ်ရှည်ရှည်ဖြစ်နေတဲ့အတွက် အလယ်ကဖြတ်ပြီး နှစ်ပွင့်သွေးဖို့ ဆိုတာကလည်း မဟုတ်။ တစ်ပွင့်တည်းသွေးရအောင်ကလည်း ဘယ်လိုပုံသဏ္ဌာန်သွေးရမယ်ဆိုတာ စဉ်းစားရခက်တဲ့(ကျောက်လောကအခေါ် အလုပ်သဘောခက်တဲ့)ကျောက်တစ်ပွင့်ဖြစ်နေပါတယ်။ ဒါပေမယ့် ကျောက်ဟာ အရိုင်းအနေအထားအတိုင်း ကြည့်လိုက်ရင်တော့ နှစ်ဖက်ချွန် ညီနေပြီး အကျိုးအပဲ့လည်းမရှိ၊ ကျောက်ရဲ့အခွံ၊ အသားဟာလည်း အရောင်တင်ပြုပြင်ယူထားတဲ့အတိုင်း သဘာဝနတ်ရောင်နဲ့ ကြည့်ကောင်းနေတာမို့ ကျောက်ရှင်ဟာ ပြုပြင်သွေးယူမှုမလုပ်တော့ဘဲ သည်အတိုင်းသိမ်းထားလိုက်ပါတယ်။ မေ့မေ့ပျောက်ပျောက် သိမ်းထားလိုက်ပြီး ၁၉၉၆ခုနှစ်လောက်မှာ ခရစ္စတယ်(ခေါ်)သဘာဝပုံဆောင်ခဲကျောက်တွေ ဈေးကောင်းနေတယ်၊ အဝယ်လိုက်နေတယ်ဆိုတော့ သည်ကျောက်ထုတ်ပြီးရောင်းတဲ့အခါမှာ ဒေါ်လာငွေတစ်ထောင်ရလိုက်ပါတယ်။ ဒါဟာ စာရေးသူမျက်စိရှေ့တင်

www.foreverspace.com.mm

တွေ့မြင်ခဲ့ရတဲ့ ခရစ္စတယ်(ခေါ်)သဘာဝပုံဆောင်ခဲကျောက်ရဲ့ ဈေးကွက် ကွာခြားမှုပဲဖြစ်ပါတယ်။

သဘာဝပုံဆောင်ခဲကျောက်တွေကို အရင်က သွေးလို့မရဘူး။ ဝယ်သူ ရှားတယ်ဆိုပြီး ချောင်ထိုးထားခဲ့သမျှ၊ ပစ်ထားခဲ့သမျှ ဈေးကောင်းလည်းရ လာရော ဟိုနားကပြန်ရှာ၊ သည်နားကပြန်ရှာနဲ့ ထုတ်ရောင်းလာကြတာမို့ အစပိုင်းမှာ ဈေးကွက်ထဲမှာ ပစ္စည်းကောင်း တော်တော်များများ တွေ့ရပါ သေးတယ်။ ဒါပေမယ့် အချိန်တိုအတွင်းမှာပဲ တကယ်လှတဲ့ သဘာဝ ပုံဆောင်ခဲကျောက်တွေ ရှားသွားပြီး ပုံဆောင်ခဲလို့ပြောနိုင်ရုံ သာမန်ကျောက် တွေလောက်ပဲ အများစုတွေ့ရပါတော့တယ်။ ဘာဖြစ်လို့ သည်လိုဖြစ်ရသလဲ ဆိုတော့ အစစအရာရာ ပြောစရာမရှိအောင် ပြည့်စုံလှပတဲ့ ပုံဆောင်ခဲ ကျောက်ကောင်းတစ်ပွင့် ဖြစ်ဖို့ဆိုတာ အင်မတန်ခဲယဉ်းပါတယ်။ တန်ဖိုးရှိတဲ့ ကျောက်မျိုးနွယ်လည်း ဖြစ်ရမယ်၊ ကျောက်အမျိုးအစားအလိုက် ရှိရမယ့် ပုံဆောင်ခဲလည်း ဖြစ်ရမယ်။

သဘာဝအရောင်လည်း တောက်ပရမယ်။ တိုက်ခြစ်ထားမှု၊ ဘေးအနာ သားတွေ ပွဲနေမှု မရှိစေရဘူး။ သည်လိုအားလုံး ပြည့်စုံနေမှသာ တန်ဖိုးရှိတဲ့ သဘာဝ ပုံဆောင်ခဲကျောက်လို့ သတ်မှတ်ပြီး ဈေးပေးဝယ်ကြ၊ စုဆောင်းကြ ပါတယ်။ သည်လိုကျောက်မျိုးဟာ အမြဲမထွက်လာနိုင်ဘူး။ တော်ရုံတန်ရုံ ရရှိဖို့မလွယ်ပါဘူး။ များသောအားဖြင့် တွင်းထွက်ကျောက်တွေဟာ သဘာဝ ဒဏ် အမျိုးမျိုးခံခဲ့ရတဲ့အတွက် တွင်းကထွက်လာကတည်းက ထောင့်တွေ၊ ဘေးအနားသားတွေ ကျိုးပဲ့မှုရှိနေတာကို တွေ့ရပါတယ်။ သည်ကြားထဲမှာ ဘယ်နေရာမှ အကျိုးအပဲ့မရှိတဲ့ကျောက်တွေ ထွက်လာပြန်တော့လည်း ကျောက်ကုန်သည်တွေလက်ထဲ အဆင့်ဆင့်လည်ပတ်နေချိန်မှာ အခြား ကျောက်တွေနဲ့ ရောထည့်ထားမှုကြောင့် ပွတ်တိုက်မှုဖြစ်ပြီး ထောင့်တွေ ကျိုးပဲ့သွားတတ်ပြန်ပါတယ်။

**လက်တွဲဖော်**

www.foreverspace.com.mm

အချို့ကလည်း သဘာဝပုံဆောင်ခဲကျောက်ရဲ့ တန်ဖိုးကို နားမလည်ဘဲ မှတ်ကျောက်ပြင်(ကျောက်သွေးပြင်)မှာ ပွတ်တိုက်ကြည့်တာမျိုး၊ အရောင်တင်ကြည့်တာမျိုးတွေ ပြုလုပ်တတ်ကြပါသေးတယ်။ အဲဒီလို ချို့ယွင်းချက်တွေရှိလာရင် သဘာဝပျက်သွားတယ်ဆိုပြီး ဈေးကွက်မှာ ဈေးကောင်းမရတော့ပါဘူး။ သဘာဝပုံဆောင်ခဲ ကျောက်တစ်ပွင့်ရဲ့ တန်ဖိုးဟာ ထောင့်အနားသားလေး အနည်းငယ် ပဲ့သွားတာနဲ့ ပွတ်တိုက်မှုတစ်ချက်လောက် ပြုမိလိုက်တာနဲ့တင် ဈေးအဆမတန် ကွာခြားနိမ့်ကျသွားနိုင်ပါတယ်။ ဒါကြောင့် သဘာဝပုံဆောင်ခဲ ကျောက်တစ်ပွင့် ဈေးကောင်းရဖို့အတွက် အထူးဂရုစိုက် ကိုင်တွယ် ထိန်းသိမ်းတတ်ဖို့ လိုပါတယ်။ ကိုယ့်လက်ထဲရောက်လာတဲ့ သဘာဝပုံဆောင်ခဲ ကျောက်တစ်ပွင့်ဟာ ဘာပျက်စီးမှုမှ မရှိသေးဘူး၊ သဘာဝအတိုင်း လုပနေပြီဆိုရင် မကျိုးမပဲ့အောင် ဂရုစိုက်ပြီး သေသေချာချာ စုဆောင်းသိမ်းဆည်းထားလိုက်ပါ။ ဈေးကောင်းရမယ်လို့ သေချာပေါက် ပြောနိုင်ပါတယ်။

အထူးသဖြင့် ပတ္တမြားနဲ့ နီလာကျောက်မျိုးနွယ်တွေဟာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ အရေအတွက်များများ ထွက်နေပေမယ့် သူ့ပုံဆောင်ခဲနဲ့သူ ပြည့်စုံတဲ့ကျောက်တွေကျတော့ အတွေ့ရနည်းပါတယ်။ ပတ္တမြားနဲ့နီလာကျောက်တွေဆိုရင် သူ့ရဲ့ပင်ကိုယ်သဘာဝဖြစ်တဲ့ ဗုံတိုပုံဆောင်ခဲ၊ ကြက်ဆူး ပုံဆောင်ခဲမျိုးဖြစ်မယ်။ အညံ့ပန်းဆိုရင်လည်း သူ့ရဲ့ ပင်ကိုယ်သဘာဝဖြစ်တဲ့ ရှစ်ထောင့် အချိုးညီ ပုံဆောင်ခဲမျိုးဖြစ်မယ်။ အကျိုးအပဲ့မရှိဘူး။ သဘာဝနတ်ရောင်လည်းကောင်းမယ်ဆိုရင် သည်ကျောက်တွေဟာ ခရစ္စတယ်ဈေးကွက်မှာ အမြင့်ဆုံးဈေးကို ရနိုင်ပါတယ်။ သွေးပြီးသားကျောက် ဘယ်ကျောက်အရည်ကို ဘယ်နှစ်ကလပ်အရွယ် ဘယ်နှစ်ပွင့် ဝယ်ပေးပါဆိုရင် ဈေးကောင်းသာ ပေးနိုင်ပါစေ၊ လိုသလောက်အရေအတွက်ကို အချိန်တိုတိုအတွင်းမှာ ဝယ်လို့ ရနိုင်ပါတယ်။ ခရစ္စတယ်လို့ခေါ်တဲ့ သဘာဝပုံဆောင်ခဲ

www.foreverspace.com.mm

ကျောက်ကောင်းတစ်ပွင့်ကျတော့ သည်လိုပုံသဏ္ဍာန်အတိုင်း နောက်တစ်ပွင့် ဖယ်ပေးပါဦးဆိုပြီး မှာလို့ မရနိုင်ဘူး။ ခရစ္စတယ်(ခေါ်)သဘာဝပုံဆောင်ခဲ ကျောက်အများစုဟာ အစားထိုး မရနိုင်အောင် ရှားပါးတဲ့ ကျောက်တွေပဲ ဖြစ်တယ်။ ဒါကြောင့်လည်း သည်ကျောက်တွေရဲ့ဈေးကွက်ဟာ တိမ်ကော သွားမှုမရှိဘဲ ဈေးကွက်ထဲဝင်လာသလောက် သူ့ဈေးနဲ့သူ အရောင်းအဝယ် သွက်နေခြင်း ဖြစ်ပါတယ်။

သဘာဝပုံဆောင်ခဲကျောက်ဈေးကွက်မှာ သိထားသင့်တာတစ်ခုက မပြု ပြင် မသွေးယူသေးတဲ့ ကျောက်အရိုင်းတိုင်းကို သဘာဝပုံဆောင်ခဲကျောက် တွေလို့ ပြောလို့ မရပါဘူး။ ကျောက်အမျိုးအစားအလိုက် ရှိသင့်ရှိထိုက်တဲ့ သဘာဝပုံသဏ္ဍာန် တစ်မျိုးမျိုး(ပုံဆောင်ခဲတစ်မျိုးမျိုး)တော့ ဖြစ်ပေါ်နေရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် သဘာဝပုံဆောင်ခဲကျောက်ဈေးကွက်ထဲမှာ အမျိုးမတူတဲ့ကျောက်မျိုးနှယ်နှစ်ခု(ဒါမှမဟုတ်)သုံးခုလောက်ပူးတွဲပြီး(တစ်ပွင့် နဲ့တစ်ပွင့် ကော်နဲ့ကပ်ထားသလို)ဖြစ်ပေါ်နေရင် ပိုပြီးဈေးကောင်းရပါတယ်။ တစ်မျိုးချင်း၊ တစ်ခုချင်းအနေနဲ့ တန်ဖိုးမရှိတောင် နှစ်ခု(ဒါမှမဟုတ်)သုံးခု ပူးတွဲပြီးထွက်လာရင် ဈေးမြင့်တက်သွားပါတယ်။ လောလောဆယ် ဈေးကွက်ထဲမှာ အတွေ့ရများတဲ့ အမျိုးမတူဘဲ ပူးတွဲပြီး ထွက်တတ်တာက တော့ စလင်းကျောက်နဲ့ ဖရဲအူကျောက် ပူးတွဲနေတာတွေ၊ စလင်းကျောက်နဲ့ ထပ်တစ်ရာကျောက် ပူးတွဲနေတာတွေ၊ စလင်းကျောက်၊ ထပ်တစ်ရာ ကျောက်၊ ဖရဲအူကျောက် သုံးခုလုံးပူးတွဲနေတာတွေ ဖြစ်ပါတယ်။

ခရစ္စတယ်(ခေါ်)ပုံဆောင်ခဲကျောက် အပြည့်မဖြစ်သော်လည်း သဘာဝ အရိုင်းအတိုင်း ရောင်းအားကောင်းနေတဲ့ ကျောက်တွေကတော့ အမာအချို အသေးအညှာနဲ့ အညံ့ဘဲရံကျောက်များဖြစ်ပြီး ထွက်သမျှ အရိုင်းချိန်အတိုင်း ဈေးပေးပြီး ဒိုင်ခံဝယ်တဲ့ ဝယ်လက်တွေရှိသလို ထပ်တစ်ရာကျောက်ကို လည်း ပိဿာချိန်ဈေးနဲ့ ဒိုင်ခံဝယ်တဲ့ ဝယ်လက်တွေရှိပါတယ်။ ခရစ္စတယ်

www.foreverspace.com.mm

ကျောက်ရဲ့တန်ဖိုးမှာ အစားထိုးမရတာပါပဲ။ ပြုပြင်သွေးယူထားတဲ့ ကျောက်တွေက တန်ဖိုးနည်းတာနဲ့ များတာပဲ ကွာခြားပါတယ်။ ဆင်တူရိုးမှား ကျောက်တွေကို အလွယ်တကူ ဝယ်လို့ရပါတယ်။ ခရစ္စတယ် ကျောက်ကောင်း တစ်ပွင့်နဲ့ ပုံသဏ္ဍာန်တူ ကျောက်နောက်တစ်ပွင့်ရဖို့ အင်မတန်ခဲယဉ်းလှတာကို ခရစ္စတယ်ကျောက် စုဆောင်းသူတိုင်း သိပါတယ်။

## ကျောက်မျိုးနွယ်သစ် ရှားပါးမျိုးရင်းကျောက်များ

### ပိန်းနိုက်(Painite)

မိုးကုတ်မြို့မှာ လိုင်စင်စနစ်နဲ့ ကျောက်တွင်းတူးလုပ်ငန်းတွေ လုပ်ခဲ့ကြတဲ့ ခေတ်မှာ မစ္စတာပိန်း(A.C.D Pain)ဆိုတဲ့ နိုင်ငံခြားသား ကျောက်ကုန်သည်တစ်ဦး ဝယ်ယူရရှိသွားပြီး ကမ္ဘာမှာ သည်ကျောက်အမျိုးအစားကို ပထမဆုံး တင်ပြနိုင်ခဲ့လို့ သူ့နာမည်နဲ့ပိန်းနိုက်ကျောက်ဆိုပြီး အမည်တွင်ခဲ့ပါတယ်။ ပတ္တမြေ(မိုးကုတ်မြို့)မှာသာ ထွက်ရှိတဲ့ကျောက်ဖြစ်ပြီး တိုင်းရင်းသားကျောက်တွင်းတူးသမားတွေဆီက ဝယ်ယူရရှိခဲ့ခြင်းပဲဖြစ်ပါတယ်။

### ဂျိုဟာချီဒိုလိုက်(Johachidolite)

ဟော… အခု တံခါးဖွင့်စျေးကွက်စီးပွားရေးစနစ်ရဲ့နောက်ပိုင်း ၁၉၉၈ခုနှစ် နှစ်လည်လောက်မှာ Mr C R Cavey ဆိုတဲ့ နိုင်ငံခြားသားကျောက်ကုန်သည်တစ်ဦးဟာ အဝါနုနုရောင်ရှိတဲ့ကျောက်တစ်မျိုးကို မြန်မာပြည်က ဝယ်ယူသွားပြီး ဗြိတိန်တော်ဝင်ကျောက်မျက်စမ်းသပ်ခန်းမှာ စစ်ဆေးလိုက်တော့ ရှားပါးမျိုးရင်း တွင်းထွက်ကျောက်တစ်မျိုးဖြစ်တဲ့ ဂျိုဟာချီဒိုလိုက်(Johachidolite)ဖြစ်နေသတဲ့။ ရှားပါးပြီးတန်ဖိုးရှိတဲ့ ကျောက်မျိုးဖြစ်လို့ မူလပင်ရင်းထွက်ရှိရာဒေသကို စုံစမ်းကြည့်လိုက်တော့ ပတ္တမြားမြေ (မိုးကုတ်)က ထွက်တဲ့ မိုးကုတ်တွင်းထွက်ကျောက်စစ်စစ်ပါတဲ့။

**လက်တွဲဖော်**

www.foreverspace.com.mm

**စခန်းပြာ (Herderite)**

သည်ကြားထဲ မကြာသေးခင် ၂၀၀၀ပြည့်နှစ်အတွင်းမှာလည်း တွင်းထွက်ကျောက်အသစ် စခန်းပြာ(Herderite)ဆိုတဲ့ ကျောက်တစ်မျိုး ပတ္တမြားမြေ(မိုးကုတ်)က ထွက်ရှိခဲ့ပါတယ်။ အဲဒီကျောက်တစ်မျိုးဟာ သလင်းကျောက်နဲ့ အတူပူးတွဲထွက်ရှိပြီး စိမ်းပြာရောင်ဖြစ်ကြောင်း သိရှိရပါတယ်။ ရုတ်တရက်ကြည့်လိုက်ရင် သလင်းစိမ်း/မြပြာ (Aquamarine)နဲ့ တူပါတယ်။ သေသေ ချာချာကြည့်လိုက်တော့မှ သူ့ရဲ့ပုံဆောင်ခဲသဏ္ဌာန်ဟာ ခြောက်မြှောင့်မဟုတ်ဘဲ လေးမြှောင့်(စတုဂံပုံသဏ္ဌာန်)ဖြစ်နေလို့ ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှာရှိတဲ့ GAGTL (The Gemmological Association and Gem Testing Laboratory)မှာ စမ်းသပ်ကြည့်လိုက်တော့ မြန်မာနိုင်ငံမှာ ထွက်ရှိဖူးကြောင်း မှတ်တမ်းမရှိတဲ့ စခန်းပြာ(Herderite)ဆိုတဲ့ တွင်းထွက်ကျောက်မျိုးဖြစ်နေတယ်လို့ သိရပါတယ်။

သည်ကျောက်တွေဟာ ထင်ထင်ရှားရှားနဲ့ကျောက်မျက်လောကမှာ ဟိုးလေးတကျော်ကျော်ဖြစ်ပြီး စာအုပ်တွေ၊ စာစောင်တွေမှာပါလာလို့ စာရေးသူတို့လို ကျောက်ကုန်သည်တွေ သိခဲ့ရတာပါ။ အဲဒီကျောက်မျိုးနွယ်တွေလိုပဲ ရှားပါးမျိုးရင်းကျောက်တွေ တွင်းထွက်ကျောက်မျိုးနွယ်အသစ်တွေ စာရေးသူတို့နိုင်ငံအတွင်းက ဘယ်လောက်ထွက်ခဲ့သလဲဆိုတာ ဘယ်သူမှ အတိအကျ ပြောနိုင်မယ်မထင်ဘူး။

စာရေးသူတို့ ပတ္တမြားမြေ(မိုးကုတ်)ကို နိုင်ငံခြားသားတွေ လာရောက်ပြီး လည်ပတ်ခွင့် ကျောက်ဝယ်ခွင့်ရစဉ်(၁၉၉၆-၉၈)ဝန်းကျင်တုန်းက မိုးကုတ်မြို့မှာ ပုံမှန်ကျောက်လာဝယ်နေတဲ့ နိုင်ငံခြားသားကျောက်ကုန်သည်တစ်ဦးရှိပါတယ်။ သူဟာ မိုးကုတ်မြို့ကိုရောက်တိုင်း မိုးကုတ်သူ၊ မိုးကုတ်သားတွေက သုံးမရလို့ဆိုပြီး ပစ်ထားတဲ့ အညံ့အောက် ကျောက်ရောရာ

www.foreverspace.com.mm

အဖြုန်းတွေကို ဈေးပေးပြီး ဝယ်သွားလေ့ရှိပါတယ်။ အဲဒီကျောက်တွေကို ယူနိုင်ငံရောက်တော့ ထူးခြားမယ်ထင်တဲ့ကျောက်တွေကို သန့်ထုတ်လိုက်ပြီး သီးခြားစမ်းသပ်မှု ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို ထူးခြားမှုရှိမယ်ထင်တဲ့ကျောက် အပွင့်ရေ ၆၀၀၀ ဝန်းကျင်လောက်ကို ခြောက်လလောက် အချိန်ပေးပြီး စမ်းသပ်စစ်ဆေးလိုက်တဲ့အခါမှာ အိုင်ဒိုကာရေး(Idocrase)ကျောက်မျိုးနွယ်နဲ့ ဘာကာဆိုက်ကျောက်မျိုးနွယ်အချို့တွေ့ရှိခဲ့ရတယ်လို့ ကြားသိရပါတယ်။ ဒါပေမယ့် သူတွေ့ရှိခဲ့ရတဲ့ကျောက်တွေဟာ အသေးအညှာအောက် ကျောက်အဖြုန်းတွေထဲက ရှာဖွေစမ်းသပ်ခဲ့ရတာမို့ ကျောက်မျိုးနွယ်စုလို့ ပြောနိုင်ရုံ၊ နမူနာအဖြစ်ပဲ ပြနိုင်ရုံ အရွယ်သေးငယ်တဲ့ကျောက်တွေပဲဖြစ်တယ်လို့ သိရပါတယ်။

စာရေးသူ အမိကထား ရေးသားတင်ပြချင်တာကတော့ သည်ဖြစ်ရပ်တွေကိုကြည့်ရင် စာရေးသူတို့မြန်မာနိုင်ငံအတွင်းမှာ၊ အထူးသဖြင့် ပတ္တမြားမြေလို့ခေါ်တဲ့ မိုးကုတ်ကျောက်တွင်းနယ်မြေအတွင်းမှာ ရှားပါးတဲ့ကျောက်မျိုးနွယ်တွေ၊ သီးခြားကျောက်မျိုးနွယ်အသစ်တွေရှိနေဆဲ၊ ထွက်ရှိနေဆဲဆိုတာပါပဲ။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မိုးကုတ်မြို့ခံ ကျောက်ကုန်သည်တွေ၊ ကျောက်မျက်ပညာရှင်တွေဟာ သီးခြားကျောက်မျိုးနွယ်အသစ်တွေကို ရှာဖွေဖော်ထုတ်တင်ပြနိုင်မှု အားနည်းပါတယ်။ ဘာဖြစ်လို့ သည်လိုဖြစ်ရသလဲဆိုတာကို ကျောက်မျက်ပညာရှင်ဆရာကြီးတစ်ဦးနဲ့ စကားစပ်မိပြီး ပြောကြားဖူးပါတယ်။

အဲဒီဆရာကြီးရဲ့အပြောကို တင်ပြရမယ်ဆိုရင် ပညာရှင်ပိုင်းက လူတွေဟာ ပင်ရင်းအောက်ခြေ လုပ်ငန်းလုပ်ကွက်တွေအထိဆင်းပြီး အချိန်ပေး မလုပ်ကိုင်နိုင်သေးတဲ့အတွက် ကျောက်မျိုးနွယ်အသစ်တွေ ရှာဖွေတွေ့ရှိမှု အားနည်းခြင်းဖြစ်တယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ တကယ်တော်တဲ့ ကျောက်မျက်ပညာရှင်တွေရှိပေမယ့် သူတို့ဟာ မိခင်ဌာနမှာရော၊ ကိုယ်

www.foreverspace.com.mm

ပိုင်ဘောခွဲခန်းတွေ၊ ကျောက်မျက်စမ်းသပ်စစ်ဆေးခန်းတွေမှာပါ လုပ်ကိုင်နေကြရတော့ တကူးတက ကွင်းဆင်းလေ့လာဖို့ အချိန်မပေးနိုင်ဖြစ်နေတယ်လို့ သိရပါတယ်။ နောက်တစ်ချက်အနေနဲ့ ကျောက်မျက်ရတနာအသစ်တွေ၊ ရှားပါးမျိုးရင်းကျောက်တွေ ရှာဖွေနိုင်ဖို့အတွက် မြို့ခံကျောက်ကုန်သည်တွေလို အချိန်ပြည့်တွင်းတောတွေ၊ ထာပွဲတွေမှာ မြှုပ်နှံထားဖို့ဆိုတာကလည်း ကျောက်မျက်ပညာရှင်တွေအတွက် ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပါ။ သူတို့လုပ်ငန်းနဲ့ သူတို့ပေးထားရတဲ့အချိန်တောင် မလောက်ငှနိုင်ဘူးလို့ စာရေးသူနဲ့ တွေ့ဆုံခဲ့ရတဲ့ ကျောက်မျက်ပညာရှင် ဆရာကြီးတစ်ဦးက ပြောခဲ့ဖူးပါတယ်။ အထူးသဖြင့် ကျောက်မျက်ပညာရှင်တွေဟာ ကျောက်တွင်းတူးလုပ်ငန်းရဲ့ ပင်ရင်းနေရာတွေမှာ ကျောက်ကုန်သည်တစ်ဦးအဖြစ် တစ်ထပ်တည်း အသားကျမြှုပ်နှံထားဖို့ဆိုတာ အလွန်ခဲယဉ်းတဲ့ကိစ္စဖြစ်တယ်လို့ သုံးသပ်ပြောဆိုသွားပါတယ်။ အဲဒီလိုကျောက်မျက်ပညာရှင် ဆရာကြီးတစ်ဦးရဲ့ သုံးသပ်ချက်ကိုကြားရပြီးတော့ စာရေးသူအနေနဲ့မြို့ခံကျောက်ကုန်သည်တွေဘက်က လုပ်ဆောင်သင့်တဲ့(မဖြစ်မနေလည်းလုပ်ကိုလုပ်ရတော့မယ်)ကဏ္ဍတစ်ခုကို မျက်စိထဲပြေးမြင်လိုက်မိပါတယ်။ အဲဒါကတော့ မိုးကုတ်ကျောက် အရောင်းအဝယ်လုပ်ငန်းကို ရေရှည် လုပ်ကိုင်သွားမယ့် ကျောက်ကုန်သည်တွေ၊ လုပ်ငန်းရှင်တွေဟာ မိုးကုတ်ရိုးရာကျောက်အရောင်းအဝယ်ပညာသာမကဘဲ ခေတ်မီနည်းစနစ်တွေနဲ့ ကျောက်မျက်ရတနာကို ခွဲခြားနိုင်တဲ့ နည်းပညာတွေ၊ အတတ်ပညာတွေကို သင်ယူရတော့မယ်။ လိုအပ်တဲ့ ခေတ်မီစမ်းသပ်စက်တွေ၊ အသုံးအဆောင်ပစ္စည်းတွေ ဝယ်ယူလုပ်ကိုင်ရတော့မယ်ဆိုတဲ့ အသိပါပဲ။

ဒါဟာ တွင်းထွက်ကျောက်အသစ်တွေ၊ ရှားပါးမျိုးရင်းကျောက်တွေကို ကိုယ့်နိုင်ငံသားတွေ ရှာဖွေဖော်ထုတ် တွေ့ရှိနိုင်မှုဆိုတဲ့အချက်နဲ့လည်း သက်ဆိုင်ပါတယ်။ တကယ့် ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်းတွေနဲ့

www.foreverspace.com.mm

အနီးစပ်ဆုံးရှိနေသူတွေဟာ မြို့ခံကျောက်ကုန်သည်တွေပဲဖြစ်တာမို့ ကျောက်မျက်ရတနာနဲ့သက်ဆိုင်တဲ့ ပညာရပ်တွေ၊ ခိုင်မာတိကျစွာ စမ်းသပ်စစ်ဆေးနိုင်တဲ့ ပစ္စည်းကိရိယာတွေ ကိုယ့်လက်ထဲမှာရှိနေရင် နေ့စဉ်တွေ့နေရတဲ့ ကျောက်တွေထဲက ထူးခြားမှုရှိတဲ့ကျောက် တွေ့လာရင် ချက်ချင်း အဖြေရှာ စမ်းသပ်စစ်ဆေးနိုင်တဲ့အခွင့်အရေးဟာ ကိုယ့်လက်ထဲကနေ ဘယ်မှ ပြေးမလွတ်နိုင်တော့ပါဘူး။ အဲဒီအခါမှာ ပိန်းနိုက်လိုကျောက်မျိုးကို တခြားနိုင်ငံသားက ရရှိသွားပြီး သူတို့အမည်ခံသွားတဲ့ ကျောက်မျိုးတွေဟာ အလိုလိုကိုယ့်နိုင်ငံသားရဲ့အမည်၊ ကိုယ့်နိုင်ငံရဲ့ ဂုဏ်သိက္ခာအဖြစ် သမိုင်းမှာ တွင်ကျန်ရစ်ခဲ့မှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် ခရိုင်ဆိုဗာရယ် ကျောက်မျက်အုပ်စုမှာပါဝင်တဲ့ မြန်မာတို့က သုံးပန်လှကျောက်လို့ခေါ်တဲ့ အလက်ဇန္ဒရိုက်(Alexandrite)ကျောက်အကြောင်းကို တင်ပြလိုပါတယ်။ အဲဒီကျောက်ကို ၁၉ရာစု(အတိအကျပြောရရင် ၁၈၃၀ခုနှစ်)လောက်က ရုရှားနိုင်ငံယူရယ်တောင်တန်းမှာ စတင်တွေ့ရှိခဲ့ပါတယ်။ အဲဒီအချိန်က ဒုတိယမြောက် အလက်ဇန္ဒရာ(Tsaz Alexander II)ဘုရင်ကြီးရဲ့မွေးနေ့နဲ့ကြုံလို့ အမှတ်တရ အလက်ဇန္ဒက်ရိုက်ကျောက်ဆိုပြီး ခေါ်ခဲ့တယ်လို့သိရပါတယ်။ အဲဒီကျောက်မျိုးနွယ်တွေကို ဘရာဇီး၊ သီရိလင်္ကာ၊ တန်ဇန်နီးယား၊ ဇင်ဗာဗွေနိုင်ငံတို့အပြင် မြန်မာနိုင်ငံ မိုးကုတ်မြို့မှာလည်း တွေ့ရှိရတယ်လို့ သိရပါတယ်။ ဒါပေမယ့် ရုရှားနိုင်ငံ ယူရယ်တောင်တန်းမှာတွေ့ရှိပြီး သူတို့က စတင်ဖော်ထုတ်တင်ပြနိုင်ခဲ့လို့ သူတို့ဘုရင်ကို ဂုဏ်ပြုမှည့်ခေါ်ထားတဲ့ အလက်ဇန္ဒက်ရိုက်ဆိုတဲ့အမည်နဲ့ တွင်ကျန်ရစ်တာဖြစ်ပါတယ်။

ပြောရကြေးဆိုရင် အဲဒီကျောက်မျိုးနွယ်တွေဟာ စာရေးသူတို့ မြန်မာနိုင်ငံ(မိုးကုတ်မြို့)မှာလည်း ထွက်တာမို့ တကယ်လို့များ ကိုယ်က ဦးအောင် စမ်းသပ်စစ်ဆေးနိုင်ခဲ့ပြီး ကမ္ဘာကိုတင်ပြနိုင်ခဲ့ရင်၊ အဲဒီခေတ်က မြန်မာ

www.foreverspace.com.mm

ဘုရင်တစ်ပါးပါးရဲ့ အမည်နဲ့ရော တွင်မကျန်ရစ်နိုင်ခဲ့ဘူးလားဆိုတာ တွေးကြည့်မိဖူးပါတယ်။

ကြုံလို့ရေးသားတင်ပြရရင် လုံးချောပုံ သွေးထားတဲ့ သုံးပန်လှ ရှေးကျောက်တစ်ပွင့်ကို လက်စွပ်ကွင်းအရွယ် တစ်ကလပ်ခွဲလောက်တစ်ပွင့်ကို စာရေးသူ မိုးမိတ်နယ်ဘက်က ဝယ်ရခဲ့ဖူးပါတယ်။ သူတို့အပြောအရဆိုရင် သည်ကျောက်ဟာ သူတို့ဘိုးဘေးတွေ ရှမ်းစော်ဘွားဆီမှာအမှုထမ်းတုန်းကတည်းက ရှိခဲ့ပြီး ကျောက်က အရောင်ပြောင်းပြီး ထူးဆန်းနေတာမို့ အဆောင်လက်စွပ်အဖြစ် ဝတ်ဆင်ခဲ့ကြ၊ တစ်ဆင့်နဲ့ တစ်ဆင့် အမွေပေးခဲ့ကြတာလို့ သိရပါတယ်။

ပြောရမယ်ဆိုရင် ကျောက်အနေနဲ့ တန်ဖိုးကြီးကြီးမားမား မတန်သော်လည်း သည်ကျောက်ဟာ ရှေးနှစ်ပေါင်းများစွာကတည်းက(မိုးကုတ်မြို့ကို မိုးမိတ်စော်ဘွားများ အုပ်ချုပ်စဉ်ကာလကတည်းက)ရှိနေတယ်လို့ မှန်းဆကြည့်နိုင်ပါတယ်။ ဒါဆို သုံးပန်လှဆိုတဲ့ကျောက် မိုးကုတ်မြို့က ထွက်ရှိတာဟာ ရှရားနိုင်ငံ ယူရယ် တောင်တန်းမှာ တွေ့ရှိချိန်၊ ဒုတိယမြောက် အလက်ဇန္ဒရာဘုရင်ကြီး အုပ်ချုပ်ချိန်ထက် အများကြီးစောနေပါတယ်။

ဒါဟာ စာရေးသူ ဉာဏ်မီသလောက် စဉ်းစားကြည့်မိဖူးတာ၊ ရင်ထဲမှာ ကြိတ်ပြီး အားမရ ဖြစ်ခဲ့ဖူးတာတွေကို အကြောင်းတိုက်ဆိုင်တုန်း ရေးသား တင်ပြမိခြင်း ဖြစ်ပါတယ်။

စာရေးသူရဲ့ဆောင်းပါးကို နောက်ဆုံး နိဂုံးချုပ်ရမယ်ဆိုရင် ကိုယ့်နိုင်ငံ၊ ကိုယ့်ရဲ့မြေပေါ်မှာ အဖိုးတန်သယံဇာတတွေ နေရာအနှံ့ ထွက်ရှိပါတယ်။ ကျောက်မျက်နယ်မြေသစ်တွေ မကြာခဏဖော်ထုတ်တွေ့ရှိရတဲ့ သတင်းတွေကို ကြားသိနေရပါတယ်။ သည်အခြေအနေမှာ ကိုယ်ကအမြဲတွေ့ထိတူးဖော်နိုင်၊ ဝယ်ယူရရှိပိုင်ဆိုင်နိုင်တဲ့ အခွင့်အရေးရှိပါလျက်နဲ့ ကိုယ်က နားမလည်ဘဲ တစ်ပါးသူလက်ထဲ လွယ်လွယ်ရောင်းချလိုက်တာမျိုး မဖြစ်သင့်တော့ပါ

www.foreverspace.com.mm



ဘူး။ အထူးသဖြင့် ကိုယ့်နိုင်ငံကထွက်သွားပြီး အခြားနိုင်ငံခြားသားလက်ထဲ ရောက်သွားကာမှ၊ ဘာကျောက်အမျိုးအနွယ်အသစ်ဖြစ်လို့ ကမ္ဘာကို တင်ပြပြီး သူတို့နာမည်ခံသွားတာမျိုး၊ တန်ဖိုးမထားဘဲ ဈေးပေါပေါနဲ့ရောင်းမိပြီး သူတို့လက်ထဲရောက်ပါမှ တန်ဖိုးသိလို့ ဈေးအဆမတန် ကွာခြားသွားတာမျိုးတွေ မဖြစ်သင့်တော့ပါဘူး။

စီးပွားရေးဈေးကွက်တွေဖွင့်ထားပေးတဲ့အချိန်အခါမျိုးမှာ ကျောက်မျက်ရတနာလုပ်ငန်းရှင်တွေအနေနဲ့ အဆင့်မြင့်ပညာတွေကို တတ်သိနားလည်အောင် ဆက်လက်လေ့လာသင်ယူဖို့ မဖြစ်မနေလိုအပ်နေပြီဖြစ်ပါတယ်။ ဒါမှလည်း နောင်လာမယ့်ကာလတွေမှာ ကိုယ့်မျက်စိရှေ့မှာတွေ့နေရတဲ့ ကျောက်တွေထဲက ရှားပါးကျောက်မျိုးနွယ်တွေ၊ တွင်းထွက်ကျောက်မျိုးနွယ်အသစ်တွေပါခဲ့ရင် ကိုယ်ကိုယ်တိုင် ခွဲခြားဆုံးဖြတ်ပိုင်ဆိုင်နိုင်တဲ့ အခွင့်အရေး ရရှိမှာ ဖြစ်ပါတယ်။ ဒါဟာ ကိုယ့်အတွက်လည်း ဂုဏ်သိက္ခာအရရော၊ အကျိုးခံစားခွင့်ပါ အပြည့်အဝရနိုင်မှာဖြစ်သလို နိုင်ငံအတွက်လည်း ဂုဏ်ယူမှတ်တမ်းတင်နိုင်မယ့် အခြေအနေမျိုးဖြစ်ပါတယ်။

www.foreverspace.com.mm

**နောက်ဆက်တွဲ ဓာတ်ပုံများ**



လိုင်စင်ခေတ်က ကျောက်တွင်းတူးလုပ်ငန်းမှာ လုပ်ကိုင်နေကြပုံ



လိုင်စင်ခေတ်က ဆန်ကာတိုက်ပြီး ကျောက်ပြန်ရှာနေကြပုံ
ယာအောက်ခြေမှာထောင်ထားတဲ့ ကျည်တောက်ထဲ ကျောက်တွေထည့်တာ။

www.foreverspace.com.mm





၁၉၅၅ခုနှစ်က ထုတ်ပေးတဲ့
ကျောက်တွင်းတူးဖော်ရန်
ထာဝရစာရင်းဝင်လက်မှတ်




၁၉၆၅ခုနှစ်က ထုတ်ပေးတဲ့
ကျောက်တွင်းလုပ်ပိုင်ခွင့်
မှတ်ပုံတင်လက်မှတ်



၁၉၆၅ ကျောက်တွင်းလုပ်ပိုင်ခွင့် မှတ်ပုံတင်လက်မှတ် အတွင်းမျက်နှာ။

www.foreverspace.com.mm



အထက်ပုံရော အောက်ပုံပါ
မိုးကုတ်နယ်မြေ ကျောက်တွင်းတွေမှာ
လတ်တလော အလုပ်လုပ်နေကြတာများကို ရိုက်ကူးထားတာပါ။



www.foreverspace.com.mm





အထက်ပုံရော အောက်ပုံပါ
မိုးကုတ်နယ်မြေက လက်ရှိ "ပြောင်ခေါင်းစိမ်း" ကျောက်တွင်းတူးလုပ်ငန်းကို
ရိုက်ကူးထားတာပါ။



www.foreverspace.com.mm

## မိုးကုတ်တွင်းထွက်ကျောက်များ

| | | |
|---|---|---|
| ၁။ | Agate | စေတီကျောက် |
| ၂။ | Alexandrite | သုံးပန်လှ |
| ၃။ | Amethyst | စလင်းခရမ်း စလင်းစွဲ |
| ၄။ | Apatite | နဂါးသွဲ့ |
| ၅။ | Aquamarine | မြပြာ |
| ၆။ | Assorted Spinel | အညှို့ရောင်စုံကျောက် |
| ၇။ | Black Moon Stone | မြောနက် |
| ၈။ | Black Tourmaline | မှတ်မီး |
| ၉။ | Chotoyant | ဆယ်စွယ်မြော |
| ၁၀။ | Chrysoberyl | ခရိုင်ဆိုဗာရယ် |
| ၁၁။ | Chrysoberyl Cat's Eye | သီလဂုတ်ကြောင်ကျောက် |
| ၁၂။ | Chrysoprase | စလင်းစိမ်း |
| ၁၃။ | Citrine | စလင်းဝါ |
| ၁၄။ | Crystal | ပုံဆောင်ခဲကျောက် |
| ၁၅။ | Danburite | ရွှေတွင်းဝါ |
| ၁၆။ | Deep Yellow Sapphire | ဥဿဖရားကြက်ဆီ |
| ၁၇။ | Diopside | မိုးကုတ်မြ |
| ၁၈။ | Euclase | ယူကလား |
| ၁၉။ | Fibrolite | ထပ်ကွာစိမ်း |
| ၂၀။ | Fluorite | မိုးကုတ်ပုလဲ |

www.foreverspace.com.mm

| | | |
|---|---|---|
| ၂၁။ | Garnet | ဥဒေါင် |
| ၂၂။ | Gold Moon Stone | ရွှေမြော |
| ၂၃။ | Green Moon Stone | မြော့စိမ်း |
| ၂၄။ | Herderite | စခမ်းပြာ |
| ၂၅။ | Iodocrase | အိုင်ဒိုကရေး |
| ၂၆။ | Jacinth | ဂေါ်မိတ်နီ |
| ၂၇။ | Johachidolite | ဂျိုဟာချီဒိုလိုက် |
| ၂၈။ | Konerupine | ကော်နီရူပိုင်း |
| ၂၉။ | Lapis Lazuli | ပါလဒ္ဒတ္တာ |
| ၃၀။ | Leuco Sapphire | ဥဿဖရား ခဲရောင် |
| ၃၁။ | Lolite | အညှို့ပြာ |
| ၃၂။ | Moon Stone | မြော့အခိုးပြာ/အခိုးဖြူ |
| ၃၃။ | Mottled | ကျောက်ဆန်း |
| ၃၄။ | Mottled Star | ကျောက်ဆန်းကြိုး |
| ၃၅။ | Old Rose Quarrz | သူယောင် |
| ၃၆။ | Onyx | မဟူရာ |
| ၃၇။ | Painite | ပိန်းနိုက် |
| ၃၈။ | Peridot or Olivine | ပြောင်ခေါင်စိမ်း |
| ၃၉။ | Pleonaste | အညှို့စိမ်း |
| ၄၀။ | Poudretteite | ပေါ်ဒရက်တိုက် |
| ၄၁။ | Purple Sapphire | ဣန္ဒနီလာ |
| ၄၂။ | Quartz | စလင်းသလင်း |
| ၄၃။ | Rose Quartz | စလင်းနီ |
| ၄၄။ | Rubellite | ဖရဲအူနီ |
| ၄၅။ | Ruby | ပတ္တမြား |

**လက်တွဲဖော်**

www.foreverspace.com.mm

| | | |
|---|---|---|
| ၄၆။ | Sapphire | နီလာ |
| ၄၇။ | Scapolite | မြော်နီ |
| ၄၈။ | Sheelite | ရှီလိုက် |
| ၄၉။ | Silky | ဂေါ်စား |
| ၅၀။ | Sillimanite | ထပ်ကွာကျောက် |
| ၅၁။ | Sinhalite | ဆင်ဟာလိုက် |
| ၅၂။ | Smoky Quartz | စလင်းညို |
| ၅၃။ | Spinel | အညံ့ပန်း |
| ၅၄။ | Star Ruby | ပတ္တမြားဂေါ်ကြိုး |
| ၅၅။ | Star Sapphire | နီလာဂေါ်ကြိုး |
| ၅၆။ | Taaffeite | တာဖိုက် |
| ၅၇။ | Topaz | ထပ်တစ်ရာ |
| ၅၈။ | Tourmaline | ဖရဲအူ |
| ၅၉။ | White Sapphire | ဥဿဖရားအဖြူ |
| ၆၀။ | Yellow Sapphire | ဥဿဖရားအဝါ |
| ၆၁။ | Zercon | ဂေါ်မိတ် |

www.foreverspace.com.mm

မြန်မာ့ပြေနယ်မှာ ရှိသင့်တဲ့စာအုပ်တစ်အုပ်၊ မြန်မာပြည်မှာရှိသင့်တဲ့ စာအုပ်တစ်အုပ်ကို ကျွန်တော့်စာအုပ်တိုက်က အမှတ်မထင် ထုတ်ဝေခွင့် ရလိုက်တဲ့အတွက် ဆရာမောင်ထွန်းဦး(မိုးကုတ်)နဲ့ သူငယ်ချင်းပေါလန်ကို ကျေးဇူးတင်ရပါမယ်။

မိုးကုတ်ကျောက်လောကရဲ့ အချက်အချာဖြစ်လေတဲ့ ထာပွဲတွေအကြောင်း၊ ကျောက်တွင်းတွေအကြောင်းကို သည်စာအုပ်ထဲမှာ ပြည့်ပြည့်စုံစုံ ဖော်ပြထားပါတယ်။ မိုးကုတ်ကို မရောက်ဖူးသူများအတွက်တော့ သည်စာအုပ်က မိုးကုတ်ကျောက်လောက လမ်းညွှန်ဖြစ်ပါလိမ့်မယ်။ ကျွန်တော့်လို ကျောက်မျက်လောကနဲ့ ဒုံးဝေးလှသူများအတွက်ဆိုရင်တော့ ဩော်… တို့တိုင်းပြည်ထဲမှာ ဒါတွေလည်း ရှိပါသေးလားလို့ ရင်သပ်ရှုမော အံ့ဩခံစားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ကိုယ့်ဒေသအကြောင်း၊ ကိုယ်ကျင်လည်ကျက်စားရာ လောကအကြောင်းကို ဖတ်ချင်စဖွယ်စိတ်ဝင်စားအောင်ရေးသားတင်ပြနိုင်တဲ့ ဆရာမောင်ထွန်းဦးလို မိုးကုတ်သားတစ်ယောက် ရှိနေတဲ့အတွက်ဖြင့် မိုးကုတ်မြို့ကလည်း ဂုဏ်ယူ ကျေနပ်နေကြမှာ မလွဲကေန်ပါပဲ။

(ထုတ်ဝေသူ အတွေ့ကျော်ရဲ့ အမှာစာမှ)

စာတိုက်သေတ္တာ၂၆၉ ရန်ကုန်စာတိုက်ကြီး ☎ (၀၁) ၇၀ ၆၅ ၇၄